www.burmeseclassic.com

တက္ကသိုလ်

# ရှေပင်းဒေါင်

## သိုင်းသစ္စာကိုရှာဖွေခြင်း

ဇာတ်သိမ်းပိုင်း



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်နေလင်းအောင်

# သိုင်းသစ္စာကိုရှာဖွေခြင်း

တတိယပိုင်း (တတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

၁

"အောက်အီးအီးအွတ်"

ကြက်တွန်သံများ ထွက်ပေါ်လာသည်။

မကြာမီ မိုးလင်းတော့မည်ဖြစ်သည်။

ချင်းကိုးသည် လမ်းထောင့်ရှိ သစ်ပင်ကို မှီကာ အိပ်ပျော်နေရာမှ လန့်နိုးလာသည်။

သူ၏ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်။

မျက်လုံးအစုံလည်း နီရဲနေသည်။

တစ်ကိုယ်လုံး မီးကျည်ခဲပမာ ခြစ်ခြစ်တောက် ပူလောင်နေသည်။

ဖြစ်သလို နေထိုင်စားသောက်ခဲ့ပြီး ကျန်းမာရေးကို ဂရုမစိုက်ခဲ့သဖြင့် အဖျားဖျားနေပြီ ဖြစ်သည်။

သို့သော်...

ချင်းကိုးသည် ကိုယ့်ကိုယ်ကို ဂရုမစိုက်နိုင်ချေ။

ထိုင်ရာမှ ထချင်စိတ်မရှိသေး၍ သစ်ပင်ကို ကျောမှီကာ ဆက်ပြီး ထိုင်နေလိုက်သည်။

ထိုစဉ်...

လမ်းကြားထဲသို့ ပြေးဝင်လာသည့် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုးက ဂရုမြုပြီး ကြည့်စရာမလိုပါ။

မျက်လုံးဖွင့်ထားရုံဖြင့် မျက်နှာချင်းဆိုင်လမ်းကြားထဲမှ အဖြစ်အပျက်ကို တွေ့မြင်နေရသည် မဟုတ်ပါလား။

မိန်းကလေးတစ်ယောက် ပြေးဝင်လာခြင်း ဖြစ်သည်။

နေရောင်ခြည်အောက်တွင် ထိုမိန်းကလေးကို အတိုင်းသား တွေ့မြင်နေရလေသည်။

"ဟင်…ညက တွေ့ခဲ့ရတဲ့ အပျော်မယ်လေးပါလား"

ချင်းကိုး တီးတိုးရေရွတ် မိလိုက်လေသည်။

မှန်ပေသည်။

ထိုမိန်းကလေးသည် ညကတွေ့ခဲ့ရသော အပျော်မယ်လေး ဖြစ်သည်။

မိန်းကလေးသည် နောက်ကို လှည့်ကြည့်လှည့်ကြည့်ဖြင့် ခပ်သုတ်သုတ် လျှောက်လာနေသည်။

ချင်းကို မျက်မှောင်ကုတ်သွား၏။

"သူ့ကိုကြည့်ရတာ တစ်ခုခု ဖြစ်လာသလိုပဲ"

သူတွေးတောနေစဉ်မှာပင် လမ်းကြားထဲသို့ လူနှစ်ယောက် ပြေးဝင်လာကြသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူနှစ်ယောက်သည် ခက်ထန်ကြမ်းတမ်းသည့် လူကြမ်းများ ဖြစ်ကြသည်။

မိန်းကလေးသည် ထိုလူနှစ်ယောက်ကို မြင်လျှင် ထိတ်လန့်သွားပြီး မပြေးရုံတမယ် လျှောက်လာ၏။

ချင်းကိုးရှိနေသော သစ်ပင်အနီးသို့ ရောက်လာသောအခါ ရုတ်တရက် ချင်းကိုးအား တွေ့လိုက်ရခြင်းကြောင့်…

"အမယ်လေး"

ထိတ်လန့်သွားပြီး လွှတ်ခနဲ အော်လိုက်သည်။



ချင်းကိုးက…

"ကျုပ်ကို မကြောက်ပါနဲ့ မိန်းကလေး"

သူကပျာကယာ ပြောလိုက်ရသည်။

သူ့ကျေးဇူးရှင် မိန်းကလေး ပေးကိုး။

မိန်းကလေးသည် ရင်ဘတ်ကို လက်ဖြင့်ဖိကာ ပြောသည်။

"လက်စသတ်တော့ ရှင်ကိုး"

သူမသည် အကြံတစ်ခု ရလာဟန်ဖြင့် ပြောသည်။

"ကျွန်မကို ကူညီစမ်းပါရှင်၊ ဟောဒီ အထုပ်ကလေးကို ယူပြီး မြန်မြန်ထွက်သွားစမ်းပါ၊ ကျွန်မ ရှင့်နောက်က လိုက်လာခဲ့ပါမယ်"

ပြောပြောဆိုဆို အထုပ်ကလေးတစ်ထုပ် ပစ်ချပေးလိုက်သည်။

ထို့နောက်…

ဟန်မပျက် ရှေ့ဆက်လျှောက်သွားသည်။

ထိုအချိန်တွင်…

လမ်းကြားထဲသို့ ပြေးဝင်လာကြသူ နှစ်ယောက်သည် မိန်းကလေးကို တွေ့သွားကြသည်။

"ဟိုမှာဟေ့…"

"ဟုတ်တယ် မြန်မြန်လာ"

နှစ်ယောက်သား ဒရောသောပါး ပြေးလာကြသည်။

မိန်းကလေးက…

"မြန်မြန်သွားပါရှင်"

ချင်းကိုးကို လှည့်မကြည့်ဘဲ လှမ်းပြော၏။

အကြောင်းတစ်ခုခု ရှိနေမည်ဟု ချင်းကိုး နားလည်လိုက်သည်။

ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ထွက်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဝေးဝေးမသွားဖြစ်သေးဘဲ နောက်လှည့်ကြည့်မိ၏။

ထိုအခါ…

"ပန်းကလေး နေဦး"

ဟန့်တားသံနှင့်အတူ ကြမ်းတမ်းခက်ထန်သူ နှစ်ယောက်သည် မိန်းကလေးအနီးသို့ ရောက်သွားကြသည်ကို တွေ့လိုက်ရသည်။

အခြေအနေ မဟန်သဖြင့် ချင်းကိုး ထွက်မသွားတော့ဘဲ အကဲခတ်ကြည့်နေလိုက်၏။

"ရှင်တို့ ဘာလုပ်တာလဲ၊ ကျွန်မကိုလွှတ်ပါ"

မိန်းကလေးက အော်ဟစ်ရုန်းကန်လိုက်ပါသော်လည်း လွတ်မြောက်သွားနိုင်ခြင်း မရှိချေ။

"ငါတို့ကို တစ်ပတ်ရိုက်ဖို့ ကြိုးစားတာပေါ့လေ၊ သေသွားချင်လို့လား"

လူကြမ်းကြီးနှစ်ယောက်က အော်ငေါက်ရင်း ပန်းကလေးဆိုသည့် မိန်းကလေးအား ထိုးကြိတ်ကန်ကျောက်လိုက်ကြသည်။

"ဖုန်း…"

"ခွပ်…"

"အမယ်လေး…"

ပန်းကလေးမှာ လမ်းပေါ်သို့ ပုံလျက်သား လဲကျသွားလေတော့၏။

"ဟင်…"

ချင်းကိုး ရင်ထိတ်သွားသည်။

မိန်းကလေးအား မညှာမတာ ရိုက်နှက်နေသဖြင့် မိန်းကလေးအတွက် လွန်စွာစိုးရိမ်သွားသည်။

ကြားဝင်ဖျန်ဖြေကာ မိန်းကလေးကို ခေါ်ထုတ်သွားလိုသည်။

သို့သော်…



ချင်းကိုးသည် သူ၏ အခြေအနေကို ပြန်လည် စဉ်းစားမိလိုက်ပြီး ခေါင်းငိုက်စိုက် ကျသွားလေသည်။

လူကြမ်းကြီးနှစ်ယောက်သည် ပန်းကလေးအား စိတ်တိုင်းကျ ရိုက်နှက်လိုက်ကြပြီးမှမေးသည်။

"ကဲ… ပြောစမ်း၊ ဟိုကောင်ဆီက ဖြောင်လာတဲ့ ပစ္စည်းတွေ ဘယ်မှာလဲ"

ပန်းကလေးက ငြင်းသည်။

"ကျွန်မ ဘာမှ မသိပါဘူးရှင်"

လူကြမ်းကြီး နှစ်ယောက်အနက် တစ်ယောက်က…

"နင်မလိမ်နဲ့၊ ညက နင့်ကို ခေါ်သွားတဲ့လူက အာမခံဌာနတစ်ခုက ပစ္စည်းတွေခိုးလာတဲ့ စောရတစ်ယောက်ဆိုတာ သိပြီးပြီ၊ နင်က သူ့ဆီက ပစ္စည်းတွေကို အလစ်သုတ်လာတယ် မဟုတ်လား"

ပန်းကလေးက ထပ်ငြင်းသည်။

"မဟုတ်ပါဘူးရှင်၊ ကျွန်မကို ညက ခေါ်သွားပြီး ဒီမနက် ငွေပေးပြီး ပြန်လွှတ်လိုက်ပါတယ်၊ သူပေးတဲ့ငွေကလွဲပြီး ဘာမှ ရမလာပါဘူးရှင်"

"နင် မလိမ်နဲ့"

"အစ်ကိုကြီးတို့ကို ကျွန်မ မလိမ်ဝံ့ပါဘူးရှင်"

"တော်စမ်း ပါးစပ်က မလိမ်ဘူးသာပြောတယ်၊ လက်တွေ့ လိမ်နေတာပဲ မဟုတ်လား"

ပန်းကလေးက…

"တကယ်ပြောတာပါရှင်၊ မယုံရင် ကျွန်မ ကိုယ်ပေါ်ရှာကြည့်ပါ၊ ညကပေးလိုက်တဲ့ ငွေပဲရှိပါတယ်ရှင်"

"နင့်ပါးစပ် ပိတ်ထားလိုက်စမ်း"

ထိုလူနှစ်ယောက်သည် မိန်းကလေးထံတွင် ရှာဖွေလိုက်ကြ၏

www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုင်းကျ ရှာဖွေလိုက်ကြပါသော်လည်း ငွေစက္ကူအနည်းငယ်မှအပ အခြား ဘာကိုမျှ မတွေ့ရချေ။

ထိုလူနှစ်ယောက် မကျေမနပ် ဖြစ်သွားကြလေသည်။

သို့သော်…

ကိုယ်တိုင်ရှာဖွေပြီး ဘာမှ မတွေ့ရသဖြင့် မတတ်သာကြတော့ချေ။ သူတို့သည် မိန်းကလေးကို ငေါက်ငမ်းဆဲကြလေ၏။

"ခွေးမ…ငါတို့ကို တစ်ပတ်ရိုက်ဖို့ မကြိုးစားနဲ့ သေသွားမယ်"

ထို့နောက်…

မိန်းကလေး တစ်ညတာရခဲ့သည့် ငွေကို မညှာမတာ ရယူကာ ထွက်သွားကြလေတော့သည်။

သူတို့သည် ချင်းကိုးအနီးမှ ဖြတ်သွားကြသည်။

မိမိအား သက်ညှာမကင်းသော အကြည့်ဖြင့် ကြည့်နေသည်ကို တွေ့လိုက်ရသဖြင့် ချင်းကိုးက…

"သနားသဖြင့် ပေးကမ်းစွန့်ကြဲကြပါဗျာ"

လက်ဝါးဖြန့်ကာ တောင်းရမ်းလိုက်၏။

ထိုလူနှစ်ယောက်အနက် တစ်ယောက်က မြေပေါ် တံတွေး ထွေးချလိုက်ပြီး…

"ထွီ…စောစောစီးစီး ကျက်သရေယုတ်လိုက်တာ"

ဟု ငေါက်ကာ ဂရုမစိုက်တော့ဘဲ ဆက်၍ ထွက်သွားကြလေတော့သည်။

ထိုလူနှစ်ယောက် မြင်ကွင်းမှ ကွယ်ပျောက်သွားကြတော့မှ ချင်းကိုးက မိန်းကလေးထံ လှမ်းသွားလိုက်သည်။

မိန်းကလေးသည် သူမ၏ ဝေဒနာကို ဂရုမစိုက်နိုင်အားဘဲ အငမ်းမရ မေးသည်။



"ကျွန်မရဲ့ အထုပ်ကလေးကောဟင်"

ချင်းကိုးက…

"ဒီမှာ ရှိပါတယ်"

အထုပ်ကလေးကို ပြန်ပေးလိုက်၏။

မိန်းကလေးက…

"ကျေးဇူးတင်လိုက်တာရှင်၊ ဒီအထုပ်ကလေးက ကျွန်မ ဘဝကို ကယ်တင်နိုင်မှာရှင့်"

ဟု ဝမ်းသာအားရ ပြောလေသည်။

သူမသည် ကြုံတွေ့ခဲ့ရသမျှကို မည်သို့မျှ သဘောထားပုံ မရချေ။

အရေထူနေပြီ ဖြစ်ပုံရသည်။

ချင်းကိုးသည် သူမကို ကရုဏာ သက်သွားပြီး…

"ညီမဘဝ ပြောင်းလဲသွားစေနိုင်တယ် ဟုတ်လား"

ဟု လွတ်ခနဲ မေးလိုက်မိ၏။

ပန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

သူမသည် မိမိကိုယ်ထက် စုတ်ပြတ်နွမ်းပါးလှသော ချင်းကိုးကို ကရုဏာ သက်နေဟန် ရှိလေသည်။

အထုပ်ကလေးကို ပုတ်ပြရင်း…

"ဟောဒီ အထုပ်ကလေးထဲမှာ ကျွန်မရဲ့ဘဝ ပြောင်းလဲသွားစေနိုင်တဲ့ အဖိုးတန်ပစ္စည်းတွေ ပါတယ်ရှင့်၊ အပျော်မယ်ဘဝကို စွန့်လွှတ်ပြီး အေးအေးချမ်းချမ်း နေရတော့မယ်၊ ကျွန်မကို ကူညီလို့ ကျေးဇူးတင်ပါတယ်ရှင်"

သူမသည် အထုပ်ကလေးထဲမှ ရွှေဒင်္ဂါးပြားလေး တစ်ပြားကို နှိုက်ယူကာ ချင်းကိုးအား ပေးလိုက်သည်။

www.burmeseclassic.com



"ဒါ...ကျွန်မ ကျေးဇူးဆပ်တာပါပဲ၊ ကဲ...ကျွန်မ သွားတော့မယ်"

သူမသည် ခပ်သုတ်သုတ် ထွက်သွား၏။

ထိုအခါ ...

ချင်းကိုးသည် ရွှေဒင်္ဂါးပြားလေးကို ကိုင်ကာ ငေးငိုင်၍ ကျန်ရစ်ခဲ့လေတော့သည်။

❖ ❖ ❖

ကြားစခန်းလေးနှင့် တစ်မိုင်ခန့်အကွာရှိ တောအုပ်ထဲ၌ ဘုံကျောင်းပျက်လေးတစ်ခု ရှိသည်။

ချင်းကိုးသည် **အရက်အိုးကိုပိုက်ကာ** ထိုဘုံကျောင်းပျက်ကလေးသို့ **ရောက်လာသည်။**

ဘုံကျောင်းပျက်ထဲ ဝင်နားပြီး ရှေ့ခရီးဆက်ရန် ကြံရွယ်သောအခါ အခြေအနေ မဟန်နိုင်တော့ပါ။

အပြင်းဖျားသည့်ဝေဒနာ ခံစားလိုက်ရ၏။

ချင်းကိုး ဘယ်ကိုမှ မသွားနိုင်တော့ဘဲ ဘုံကျောင်းပျက်ကလေးထဲ ခွေခွေလေး လဲလျောင်းနေလိုက်ရသည်။

သူက မသွားနိုင်သော်လည်း ဖြသနာသည် သူ့ထံသို့ ရောက်ရှိလာလေတော့သည်။

နေမွန်းတည့်ချိန် ဖြစ်သည်။

အပြင်ဘက်၌ ခြစ်ခြစ်တောက် ပူလောင်နေသလို ဘုံကျောင်းပျက်ထဲ၌လည်း အိုက်စပ်စပ် ဖြစ်နေသည်။

သို့သော် ...

အပြင်းဖျားနေသည့် ချင်းကိုးမှာ ခိုက်ခိုက်တုန်အောင် ချမ်းနေတော့သည်။



အစာရေစာမရှိ၊ ဆေးဝါးမရှိ၊ သက်သောင့်သက်သာ နေရခြင်းမရှိသဖြင့် ဝေဒနာကို ပို၍ ခံစားနေရခြင်း ဖြစ်သည်။

ချင်းကိုးသည် နောက်ဆုံး ကျန်နေသော အရက်အိုးကို သောက်ပစ်လိုက်၏။

ထို့နောက် ...

အဖျားကြီးလွန်းသဖြင့် သတိလစ် မေ့မြောသွားသည်။

မည်မျှကြာအောင် သတိလစ် မေ့မြောနေမိမှန်း မသိ။ ချင်းကိုး သတိရလာသောအခါ **ဆူဆူညံညံ** အသံများ ထွက်ပေါ်လာသည်ကို နားစွင့်နေလိုက်မိသည်။

ခေါင်းထောင်ကြည့်ဖို့ကား ခွန်အား မရှိချေ။

"ကျွန်မ တကယ်ပြောတာပါရှင်၊ ကျွန်မ မယူပါဘူး"

"နင်မလိမ်နဲ့ ..."

"ဖြန်း ..."

"အမယ်လေး ..."

အသံများကို ကြားရသည်မှာ စိတ်ပျက်စရာ ကောင်းလှပါသည်။

မိန်းကလေးတစ်ယောက်အား နှိပ်စက်မေးမြန်းနေခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

ချင်းကို ရင်ထိတ်သွားသည်။

"ဒါ ပန်းကလေးရဲ့ အသံပါလား"

မိန်းကလေး၏ အသံသည် ပန်းကလေး၏ အသံဖြစ်ကြောင်း သတိပြုမိလိုက်သည်။

ချင်းကိုး မနေနိုင်တော့ပါ။

အားယူပြီး ခေါင်းထောင်ကြည့်လိုက်၏။

ထိုအခါ ...

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကျောင်းပျက်ထဲသို့ လူတစ်စု ဝင်ရောက်လာကြသည်ကို တွေ့လိုက်ရလေသည်။

အနီရောင်ဆင်တူ ဝတ်ဆင်ထားကြသော လူတစ်စုသည် လူသုံးယောက်အား ကြိုးများဖြင့် တုပ်နှောင်ဖမ်းဆီးခေါ်ဆောင်လာကြခြင်း ဖြစ်လေသည်။

အဖမ်းခံနေရသူ သုံးယောက်မှာ ပန်းကလေးဆိုသော မိန်းကလေးနှင့် သူမအား နှိပ်စက်ခဲ့သော လူကြမ်းကြီးနှစ်ယောက် ဖြစ်သည်။

ယခုတော့...

လူကြမ်းကြီးနှစ်ယောက်သည် ကြောက်ရွံ့ထိတ်လန့်နေကြလေပြီ။

ပန်းကလေးမှာလည်း ဆံပင်များ ဖရိုဖရဲ အဝတ်အစားများ စုတ်ပြဲကာ တစ်ကိုယ်လုံး အညိုအမည်း စွဲနေ၍ အနှိပ်စက်ခံထားရကြောင်း ပေါ်လွင်နေ၏။

ချင်းကိုးသည် သူတို့အား ငေးကြည့်ရင်း တွေးလိုက်သည်။

"ဘယ်လိုများ ဖြစ်လာကြပါလိမ့်"

အနီရောင် ဝတ်ဆင်ထားသော လူစုသည် ပန်းကလေးတို့အား ဘုံကျောင်းပျက်ရှေ့ မြေကွက်လပ်တွင် ထိုင်ခိုင်းလိုက်၏။

ခေါင်းဆောင် ဖြစ်ဟန်ရှိသူက မေးသည်။

"မိန်းကလေး ဒီဘုံကျောင်းမှာ ပစ္စည်းတွေ ဝှက်ထားတာလို့ မင်းပဲပြောခဲ့တယ်၊ ကဲ...ဘယ်မှာလဲ ပြောစမ်း"

ပန်းကလေးက...

"ကျွန်မမှာ မရှိပါဘူးရှင်၊ ကျွန်မ ဘာမှ မသိပါဘူး၊ ကြောက်လို့ ပြောမိပြောရာ ပြောခဲ့တာပါ"

"ဘာ..."



ပန်းကလေးက ဇဝေဇဝါ ပြောလိုက်သဖြင့် ခေါင်းဆောင်ဖြစ်သူ ဒေါသထွက်သွားလေသည်။

"ခွမ်း..."

ဓားတစ်လက် ဆွဲထုတ်ပြီး ပန်းကလေး၏ လည်ကုပ်ပေါ်သို့ တင်ကာ ပြောလိုက်ခြင်း ဖြစ်၏။

"မင်းက အမှန်အတိုင်း မပြောဘဲ ဆက်ပြီး လိမ်ညာနေမယ် ဆိုရင် မင်းကို မညှာနိုင်တော့ဘူး"

ပန်းကလေး ကြောက်လန့်သွားပြီး...

"ပြောပါမယ်ရှင်၊ ပစ္စည်းတွေဟာ..."

သူမ စကားမဆုံးမီ...

"ရွှီ..."

အဝေးမှ လေချွန်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လေချွန်သံကြားလျှင် ခေါင်းဆောင်ဖြစ်သူသည် ဓားကို ပြန်လည် ရုပ်သိမ်းလိုက်ပြီး...

"ရွှီ..."

လေချွန်သံတစ်ချက် ပြန်ပေးလိုက်၏။

မရှေးမနှောင်းမှာပင်...

ဘုံကျောင်းရှေ့သို့ လူတစ်ယောက် ရောက်ရှိလာသည်။

အဝါရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ဖြစ်သည်။

ထိုလူရွယ်ကိုမြင်သည်နှင့် ထိုလူများက ဂါရဝပြုကြသည်။

"သခင်လေးကို ဂါရဝ ပြုပါတယ်"

အနီရောင် ဝတ်ဆင်ထားကြသူများက ချက်ချင်း ဦးညွှတ်ဂါရဝ ပြုလိုက်ကြသည်။

"လူရွယ်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေ ဘယ်လိုလဲဟေ့"

ဟု မေးလိုက်လေသည်။

အနီရောင်ဝတ်ဆင်ထားသူများအား ခေါင်းဆောင်လာခဲ့သူက ရှေ့တိုးလိုက်ပြီး...

"သခင်လေး ခင်ဗျား၊ ကျုပ်တို့အဖွဲ့ဟာ အာမခံပစ္စည်းတွေ သယ်ဆောင်သွားပြီး ခရီးထွက်လာခဲ့ပါတယ်၊ ကြားစခန်းကိုရောက်တော့ ခဏနားနေတုန်း အာမခံပစ္စည်းအချို့ ခိုးယူခံလိုက်ရပါတယ်"

လူရွယ်ခေါင်းညိတ်လိုက်သည်။

"ဒါကို ကျုပ် ကြားပြီးပြီ၊ ဒါကြောင့် ချက်ချင်း လိုက်လာခဲ့တာပဲ"

ဟု ပြောလေသည်။

ခေါင်းဆောင်ကလည်း ရှေ့ဆက်အစီရင်ခံလိုက်သည်။

"အာမခံပစ္စည်းတွေ ပျောက်ဆုံးတယ်ဆိုတာ သိသိချင်း တရားခံကို ချက်ချင်း လိုက်ရှာခဲ့ပါတယ်၊ အဲဒီအခါ သူခိုး လွှေရှမ်းကို ခြေရာခံမိပါတယ်၊ သူ့ကိုဖမ်းပြီး စစ်ဆေးလိုက်တဲ့အခါ သူအရက်မူးနေတုန်း အပျော်မယ်လေးတစ်ယောက်က အလစ်သုတ်သွားတယ်လို့ သိရပါတယ်"

လူရွယ်၏ အကြည့်သည် ပန်းကလေးထံသို့ ရောက်ရှိလာသည်။

ပန်းကလေး ခေါင်းငုံ့ထားလိုက်သည်။

ခေါင်းဆောင်က...

"အလစ်သုတ်သွားခဲ့တဲ့ အပျော်မယ်အကြောင်း စုံစမ်းရင်း သူ့ကိုကြိုးကိုင်ထားတဲ့ လူနှစ်ယောက်ကို ဖမ်းမိခဲ့ပါတယ်"

လူကြမ်းကြီးနှစ်ယောက်ကို ညွှန်ပြလိုက်၏။

"ကျုပ်...ကျုပ်တို့ ဘာမှ မသိလိုက်ရပါဘူးဗျာ"



လူကြမ်းကြီးနှစ်ယောက်သည် ဒုက္ခရောက်မည်ကို ကြောက်ရွံ့တောင်းပန်းတိုးလျှိုး လိုက်ကြလေသည်။

လူရွယ်က သူတို့အား လုံးဝ ဂရုမစိုက်ချေ။

ခေါင်းဆောင်ဖြစ်သူက ဆက်ပြောပြန်သည်။

"သူတို့ဟာ တစ်ယောက်မှ အမှန်ကို မပြောဘဲ လိမ်ပြောနေပါတယ် သခင်လေး၊ ပျောက်ဆုံးသွားတဲ့ အာမခံပစ္စည်းတွေ သူတို့ထဲမှာရှိတာ သေချာပါတယ်"

လူရွယ် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ...သူခိုး လွှေရှမ်းကော..."

ခေါင်းဆောင်ဖြစ်သူက...

"လွှေရှင်း စစ်ဆေးမေးမြန်းတဲ့ ဒဏ်ကို မခံနိုင်ဘဲ သေဆုံးသွား

"ဟင်..."

ထိုစကားကြားလျှင် ပန်းကလေးနှင့် လူကြမ်းကြီးနှစ်ယောက် ထိတ်လန့်သွားကြလေတော့သည်။

လူရွယ်က မေးသည်။

"သူနောက်ဆုံး ဘာပြောသွားသေးလဲ"

ခေါင်းဆောင်ဖြစ်သူက...

"သူ့ဆီက ပန်းကလေး ခိုးယူသွားတယ်လို့ ပြောပါတယ်"

လူရွယ် ခေါင်းညိတ်လိုက်သည်။

လူကြမ်းကြီးနှစ်ယောက်ကို ညွှန်ပြလိုက်ပြီး...

"သူတို့ကော ဘာမှ မသိကြဘူးတဲ့လား"

"ဟုတ်ပါတယ် သခင်လေး"

"ကောင်းပြီ သူတို့ကို အနားပေးလိုက်ပါ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



လူရှယ်၏ အမိန့်ပေးသံဆုံးလျှင် ခေါင်းဆောင်ဖြစ်သူက ေ[illegible] ဖော့ယမ်း ပြလိုက်သည်။

ထိုအခါ...

အနီရောင်ဝတ်ဆင်ထားသော ငယ်သားနှစ်ယောက်[illegible] ဓားများဆွဲထုတ်လိုက်ပြီး လူကြမ်းကြီးနှစ်ယောက်အား ခုတ်ချ[illegible] သည်။

"အား..."

"အမယ်လေး..."

လူကြမ်းကြီး နှစ်ယောက်မှာ ငယ်သံပါအောင် စူးရှ[illegible] လိုက်ကြပြီး မြေပေါ်လဲကျ သွားလေတော့သည်။

"ဟာ..."

ချင်းကိုး မျက်လုံးပြူးသွား၏။

လူရှယ်တို့ လူစုသည် အလွန်ပင် ရက်စက်ကြမ်းကြုတ်[illegible] ဖြစ်နေကြသည် မဟုတ်ပါလား။

ပန်းကလေးမှာ ကြောက်လန့်လွန်းသဖြင့် သတိမေ့သ[illegible] သွားသည်။

လူရှယ်က...

"ကဲ...ပစ္စည်းတွေ ဘယ်မှာလဲပြောစမ်း"

ဟု မေးလိုက်သည်။

ပန်းကလေးမှာ ကြောက်ရွံ့လွန်းနေသဖြင့် စကားပြော[illegible] တော့ပါချေ။

လူရှယ်၏မျက်နှာ တင်းမာခက်ထန်သွားသည်။

"ပစ္စည်းတွေ ဘယ်မှာလဲ"

ဟု ထပ်မေးလိုက်သည်။

ထိုစဉ်...



"ရက်စက်လိုက်တာ"

တီးတိုးရေရွတ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လူရှယ်တို့လူစု ကပျာကယာ လှည့်ကြည့်လိုက်ကြ၏။

ထိုအခါမှ...

ဘုံကျောင်းပျက်တွင်ရှိသော ချင်းကိုးကို သတိပြုမိသွားကြသည်။

လူရှယ်မျက်မှောင် ကြုတ်သွားပြီး မေးလိုက်လေ၏။

"သူက ဘယ်သူလဲ"

"ခေါင်းဆောင်ဖြစ်သူက အဖြေပေးလိုက်သည်။

"သူတောင်းစား တစ်ယောက်ပါ သခင်လေး"

ဘုံကျောင်းပျက်ပေါ်၌ ချင်းကိုး ရှိနေသည်ကို ကြိုတင်မသိသဖြင့် သူ့အား အပြစ်ပေးမည်ကို စိုးရွံ့နေပုံရသည်။

လူရှယ်က အမိန့်ပေးလိုက်သည်။

"ကိုယ်နဲ့မဆိုင်ဘဲ ကြားဝင်ပြီး ဝေဖန်တာကို ကျူပ်သဘောမကျဘူး သူ့ကို ဆုံးမလိုက်ပါ"

ချင်းကိုးကို ရှင်းပစ်ခိုင်းသည့် သဘောပင်။

ခေါင်းဆောင်ဖြစ်သူက...

"ကောင်းပါပြီ သခင်လေး"

ထို့နောက်...

သူ၏ ငယ်သားတစ်ယောက်အား ထပ်ဆင့်အမိန့်ပေးရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"ကျွန်မဆီက ပစ္စည်းလုသွားတာ အဲဒီလူပါပဲရှင်"

ပန်းကလေး၏အော်သံ ထွက်ပေါ်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေး အလွန်ကြောက်ရွံ့နေ၏။

သူမသည် အသက်ခံရတော့မည်ဟု ရိပ်မိကာ သွေးပျက်နေသည်။

ချင်းကိုးကို တွေ့လိုက်ရသောအခါ သူမအန္တရာယ်မှ လွတ်လိုလွတ်ငြား စွပ်စွဲပြောဆိုလိုက်ခြင်း ဖြစ်သည်။

လူရွှယ်က ပန်းကလေးကို တစ်ချက်ကြည့်လိုက်၏။

ထို့နောက်...

ခေါင်းဆောင်ကို လက်ကာပြလိုက်သည်။

"သူနဲ့ကျုပ် စကားပြောချင်သေးတယ်"

ခေါင်းဆောင်က...

"ကောင်းပါပြီ သခင်လေး"

စကားဆုံးလျှင် ကိုယ်တိုင်ပင် ဘုံကျောင်းပျက်အပေါ် တက်လာသည်။

ချင်းကိုးက အားယူ၍ ထပြီး ဘုံကျောင်းပျက် နံရံကို မှီကာ ထိုင်နေပါသည်။

ခေါင်းဆောင်ဖြစ်သူ အနီးသို့ ရောက်လာသည်။

"သခင်လေးက မင်းကို မေးစရာ ရှိနေတယ်"

သူသည် စကားဆုံးသည်နှင့် ကန်ကျောက်လိုက်သည်။

သူ၏ ခြေထောက် ကန်ချက်ကြောင့်...

"ဝုန်း..."

"အား..."

ချင်းကိုးမှာ ဘုံကျောင်းအောက်ဘက်သို့ ဒလိမ့်ခေါက်ကွေး လိမ့်ကျသွားလေသည်။

ချင်းကိုး၏ တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် နာကျင်သွားရ၏။



ဖုန်များ၊ သဲများ ပေကျံကာ လူရုပ်ပင် မပေါ်အောင် ဖြစ်သွားသည်။

လူရွှယ်ရှေ့သို့ အနေတော် ကျရောက်သွားသည်ဖြစ်၍ လူရွှယ်ကို မော့ကြည့်လိုက်ပြီး မေးလိုက်လေ၏။

"မင်းဘာကြောင့် ဒီလောက်တောင် ရက်စက်ရတာလဲ"

သူတောင်းစားက မချမင် ပြောလိုက်သဖြင့် လူရွှယ်ဒေါသထောင်းခနဲ ထွက်သွား၏။

"သူတောင်းစားကများ..."

အော်ငေါက်ကာ လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်၏။

သို့သော်...

သဘောထား ပြောင်းသွားသည့်အလား ချက်ချင်းဝင် နောက်ဆုတ်လိုက်သည်။

အကယ်၍ သူကသာ လက်ဝါးဖြင့် ရိုက်ချလာမည်ဆိုလျှင် ချင်းကိုးသည် ရှောင်တိမ်းခြင်း မပြုနိုင်ဘဲ သေဆုံးသွားရမည် ဖြစ်သည်။

လူရွှယ်က မေးလိုက်၏။

"ပစ္စည်းတွေ ဘယ်မှာလဲ"

ချင်းကိုးသည် စိတ်ထဲ မကျေမနပ် ဖြစ်နေသည့်အလျောက် အငေါ်တူး၍ ပြောလိုက်သည်။

"ငရဲပြည်မှာ..."

လူရွှယ်က...

"အင်း... ငရဲ ရောက်နေရင်လဲ ခင်ဗျားပဲ လိုက်ယူပေးရမယ်"

ချင်းကိုး၏ ကိုယ်ပေါ်တွင် ရှာဖွေရန် အမိန့်ပေးလိုက်လေသည်။

အနီးရောင်ဝတ်ဆင်ထားသူများသည် ချင်းကိုးအား မလှုပ်နိုင်အောင် ချုပ်နှောင်ကာ နံ့နံ့စပ်စပ် ရှာဖွေလိုက်ကြ၏။

ဤတွင်...

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီ...တွေ့ပြီ"

တစ်ယောက်က ဝမ်းသာအားရ အော်လိုက်သည်။

ထိုလူ၏ လက်ထဲ၌ ရွှေဒင်္ဂါးလေးတစ်ပြား ဖြစ်သည်။

ချင်းကိုးသည် မဆီမဆိုင် တရားခံ ဖြစ်ရပြီတည်း။

လူရွယ် မဲ့ပြုံးပြုံးလိုက်သည်။

"လက်စသတ်တော့ အာမခံပစ္စည်းတွေဟာ မင်းဆီမှာကိုး၊ ကဲ...ဘယ်မှာဝှက်ထားသလဲ ပြောစမ်း"

ချင်းကိုး ငြင်း၏။

"ကျုပ် ဘာမှ မသိဘူး"

လူရွယ်က...

"မင်း သေချင်ပြီ ထင်တယ်"

ချင်းကိုး ပြုံးလိုက်သည်။

"ကျုပ် သေသွားတော့ကော ဘာအရေးလဲ၊ ပစ္စည်းတွေ ပြန်မရရင် မင်းပဲ ဒုက္ခရောက်မှာ၊ အာမခံ ခေါင်းဆောင်လုပ်နေပြီး စဉ်းစားတွေးခေါ်တတ်မှပေါ့"

"ဘာ...ဘာပြောတယ်"

လူရွယ်၏အသံ ဟိန်းထွက်လာသည်။

ချင်းကိုးက...

"မင်းမှာ ဉာဏ်ပညာ အလွန်နည်းပါးလွန်းတယ်၊ အာမခံဌာနတစ်ခုကို တာဝန်ယူဖို့ မသင့်ဘူး"

"မင်း...မင်း"

ချင်းကိုးက အချက်ကျကျ ပြောနေသဖြင့် လူရွယ်သည် ဒေါသထွက်ကာ မျက်နှာကြီးတစ်ခုလုံး နီမြန်းလာသည်။

သူ၏ ရက်စက်ကြမ်းကြုတ်သော စိတ်ထားလည်း ပေါ်လွင်လာလေတော့သည်။ သူက အမိန့်ပေးလိုက်၏။



"သူ့ကို မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ကြစမ်း၊ ...က်မသေရင်ပြီးရော"

ထိုအခါ...

"သေပေတော့"

အနီရောင် ဝတ်ဆင်ထားကြသူများသည် ချက်ချင်းပင် ချင်းကိုး ...ဝိုင်းဝန်းထိုးကြိတ် ကန်ကျောက်လိုက်ကြ၏။

ချင်းကိုးမှာ မြေပေါ်တွင် လိမ့်၍ လိမ့်၍ သွားပြီး ပြင်းထန် ...နာကျင်မှုကြောင့် သတိလစ် သွားလေတော့သည်။

အချိန်မည်မျှ ကြာသွားမှန်း မသိ။

ချင်းကိုး သတိရလာသောအခါ သူ့အား အပေါ်စီးမှမိုး၍ ...နေသော လူရွယ်ကို တွေ့ရလေသည်။

လူရွယ်၏မျက်နှာ ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန် ...ာနေသည်။

ချင်းကိုး သတိရလာသည်ကို မြင်သည်နှင့် ထပ်မေးပြန်သည်။

"ပစ္စည်းတွေ ဘယ်မှာလဲ"

ချင်းကိုး ဘာမှ မပြောဘဲ နေလိုက်၏။

"မင်း ဘယ်လောက် ကြာကြာ ခေါင်းမာနိုင်မှာလဲ"

ပြောပြောဆိုဆို ဓားမြှောင်တစ်ချောင်း ထုတ်ကာ ချင်းကိုး၏ ...ကို ထိုးစိုက်ချလိုက်လေသည်။

"အား..."

ချင်းကိုး အားခနဲ အော်လိုက်မိ၏။

မြေပေါ်မှ ရုန်းထဖို့လည်း ကြိုးစားလိုက်သည်။

သို့သော် အနီရောင် ဝတ်ဆင်ထားသူများက ဝိုင်းပြီး ချုပ်နှောင် ...ာ ရုန်း၍ မရတော့ချေ။

လူရွယ်က ထပ်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ ဘယ်မှာလဲ”

ချင်းကိုး မဖြေဘဲ နေလိုက်သည်။

လူရွယ်က...

“ကောင်းပြီ၊ မင်းရဲ့ နားရွက်တွေ ဘယ်လောက်လှတယ်ဆိုတာ မင်းမြင်ရအောင် ပြပါ့မယ်”

ဓားကိုင်ထားသောလက်ကို ချင်းကို၏ ဝဲဘက်နားရွက်ဆီ ဆန့်ထုတ်ရန် ဟန်ပြင်လိုက်၏။

သူလိုချင်သည့် အဖြေမရမချင်း လူမဆန်စွာ နှိပ်စက်ပေမည်မှာ ထင်ရှားနေပါသည်။

ချင်းကိုး ရင်ထိတ်သွားသည်။

သူ၏ နားရွက်တစ်ဖက် ဆုံးရှုံးသွားရမည့် အရေးကို မည်သည့်နည်းနှင့်မျှ လက်မခံနိုင်ပါ။

“မလုပ်နဲ့...”

အော်ဟစ်ရုန်းကန်လိုက်၏။

“ဟား...ဟား...ဟား”

လူရွယ် ဟားတိုက် ရယ်မောလိုက်သည်။

ချင်းကိုးသည် သူ၏ လက်ချုပ်ထဲမှရေ ဖြစ်နေပြီမဟုတ်လား။

သို့သော် ယခုတစ်ကြိမ် ချင်းကိုး ရုန်းကန်လိုက်သော မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာလေတော့သည်။

❖ ❖ ❖

“ဝုန်း...”

“ဝုန်း...”

ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။



ချင်းကိုးအား ချုပ်နှောင်ထားကြသူများသည် အဝေးသို့ လွင့်စဉ်သွားကြလေသည်။

ရုတ်ရုတ်သဲသဲ ဖြစ်သွား၍ လူရွယ်ပင် နောက်သို့ ကမျာကယာ ဆုတ်လိုက်ရလေသည်။

အားလုံးသည် မယုံကြည်နိုင်စွာဖြင့် ချင်းကိုးအား ကြည့်လိုက်ကြလေသည်။

ချင်းကိုးထံမှ ကြောက်စရာကောင်းသော အင်အားတစ်ရပ် ထွက်ပေါ်လာသည် မဟုတ်ပါလား။

လူရွယ် မရယ်နိုင်တော့ပါ။ လူရွယ်က ဒေါသဖြင့် ပြောလိုက်သည်။

“လက်စသတ်တော့ မင်းက ပညာလျှိုထားတာကိုး”

ချင်းကိုးက ဂရုမစိုက်ဘဲ ပန်းကလေးကိုကြည့်ကာ ပြော၏။

“မင်းယူထားတဲ့ ပစ္စည်းတွေ ပြန်ပေးလိုက်ပါ၊ ပစ္စည်းမက်နေရင် အသက်ပေးရလိမ့်မယ်”

ပန်းကလေးလည်း ဆက်ပြီး လောဘမကြီးနိုင်တော့ပေ။

ပစ္စည်းများထက် သူမ၏ အသက်ကပို၍ အဖိုးတန်ကြောင်း သဘောပေါက်သွားပြီ ဖြစ်သည်။

ထို့ကြောင့်...

“ကျွန်မ ဝှက်ထားတဲ့နေရာကို လိုက်ပြပါ့မယ်ရှင်”

ဟု အမှန်အတိုင်း ဝန်ခံလိုက်သည်။

ပစ္စည်းများ ပြန်ရလျှင် လူရွယ်တို့ ကျေနပ်သွားကြလိမ့်မည်ဟု သူတို့ ယုံကြည်ထားကြသည်။

သို့သော်...

“ပစ္စည်းကိစ္စ နောက်မှ ပြောကြတာပေါ့”

လူရွယ်က အေးတိအေးစက် ပြောလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုးက မေးလိုက်မိသည်။

"မင်းရဲ့ပစ္စည်းတွေ ပြန်ရရင် မကျေနပ်ဘူးလား၊ ပစ္စည်းပြန်ရရင် ကျေနပ်သင့်ပါပြီ"

လူရွှယ်က...

"ကျုပ် ပစ္စည်းတွေကို အချိန်မရွေးရအောင် ယူနိုင်တယ် မှတ်ထားပါ"

"ဒါဆို..."

"ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ် သိချင်တယ်"

ချင်းကိုး စိတ်ပျက်သွားသည်။

လူရွှယ်က မေးလာလေ၏။

"ခင်ဗျား ဘယ်သူလဲဆိုတာ ပြောပါ"

ချင်းကိုး ပင့်သက်ရှိုက်လိုက်ပြီး...

"ကျုပ်က သူတောင်းစား တစ်ယောက်ပါဗျာ"

လူရွှယ် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မယုံဘူး၊ ခင်ဗျားဟာ သူတောင်းစား တစ်ယောက် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ချင်းကိုးက...

"ကျုပ်ဝန်ခံနေတာတောင် ခင်ဗျားက မယုံဘူးဆိုတော့ ဘာလို လိုမျိုး ထင်နေလို့လဲ"

လူရွှယ်က စွပ်စွဲလိုက်၏။

"ခင်ဗျားဟာ သိုင်းလောကသား တစ်ယောက်ပဲ ဖြစ်လိမ့်မယ်"

ချင်းကိုး မျက်နှာကွက်ခနဲ ပျက်သွား၏။

"ခင်ဗျား မှားနေပြီ၊ ကျုပ်က သိုင်းသမား မဟုတ်ပါဘူး"

လူရွှယ်က...



"မလိမ်နဲ့ ခင်ဗျား ပညာလျှို့ထားလို့ မရဘူး၊ ကျုပ် ဖော်ထုတ်ပြမယ်"

စကားဆုံးလျှင် လူရွှယ်သည် စတင်တိုက်ခိုက်ရင် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"ဒုက္ခ...ဒုက္ခ..."

ရေရွတ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အားလုံး လှမ်းကြည့်လိုက်သောအခါ လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၇)

# မေ့ပစ်ရမည့်သူ

အဘိုးအိုတစ်ယောက်သည် တစ်လှမ်းချင်း လှမ်းလာလေသည်။

အဘိုးအိုသည် ဖြူးရွှင်သော မျက်နှာထားရှိပြီး မီးခိုးရောင် အဝတ်အစားကို ဝတ်ဆင်ထားပေသည်။

လူရှယ်နှာခေါင်း ရှုံ့လိုက်၏။

"အရေးထဲ အဘိုးကြီးက လာရှုပ်ပြန်ပြီ"

ချက်ချင်းပင် သူ၏ လူများဘက်လှည့်ကာ အမိန့်ပေးလိုက်သည်။

"ဟော့ သူ့ကို မောင်းထုတ်လိုက်ကြစမ်း"

ထိုအခါ...

"သေပေတော့"

အနီရောင်ဝတ်ဆင်ထားသူ နှစ်ယောက်သည် ဉာဏ်သံပေးကာ အဘိုးအိုထံသို့ ပြေးလွှားသွားပြီး တိုက်ခိုက်လိုက်ကြသည်။

အဘိုးအို ခြေလှမ်းရပ်သွားသည်။

"မင်းတို့ တော်တော် ဒေါသကြီးကြတာကိုး"

အဘိုးအိုသည် လက်ထဲမှ တောင်ဝှေးကို ဝှေ့ယမ်းလိုက်ရာ...

"ဝှန်း..."



"အား..."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး အနီရောင် ဝတ်ဆင်ထားသူ နှစ်ယောက် အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

လူရှယ် ရင်ထိတ်သွားသည်။

အဘိုးအိုသည် ခေသူမဟုတ်ကြောင်းလည်း သဘောပေါက်သွားသည်။

ချက်ချင်းပင် အဘိုးအိုနှင့် မျက်နှာချင်း ဆိုင်လိုက်ပြီး မေးခွန်းထုတ်လိုက်၏။

"ခင်ဗျားက သိုင်းပညာရှင် တစ်ယောက်ကိုး၊ ဘယ်အကြောင်းကိစ္စကြောင့် ရောက်လာရတယ်ဆိုတာ ပြောပါဦး"

အဘိုးအိုက...

"ဘယ်လို အကြောင်းကိစ္စမှ မရှိပါဘူး"

ဟု ခေါင်းခါယမ်းကာ ပြောသည်။

လူရှယ် မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့်..."

"ဟ...ဒီနေရာက ဘယ်သူမဆို သွားလို့လာလို့ရတဲ့ နေရာ တစ်ခုပဲ မဟုတ်လား၊ ဒါကြောင့် ကျုပ်ရောက်လာတာ ဘာဆန်းလို့လဲ"

လူရှယ် တွေဝေနေပါသည်။

အဘိုးအို ရောက်လာခြင်းသည် တိုက်ဆိုင်မှု တစ်ခုပေလော ဟု တွေးနေမိသည်။

အနည်းငယ် စဉ်းစားပြီးမှ ပြောလိုက်၏။ သူ့ပုံက ခွင့်လွှတ်လိုက်ဟန်...

"ဒါဆိုရင် သွားစရာရှိတဲ့နေရာကို ဆက်သွားပါဗျာ၊ ဒီနေရာ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ မဆိုင်တဲ့ လူတွေအတွက် သဘောကျစရာကောင်းမှာ မဟုတ်ပါဘူး"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"သိမ်မွန်တာပေါ့ကွာ၊ ဘယ်လိုမှ သဘောကျစရာ မရှိပါဘူး"

"ဒါဖြင့် ခင်ဗျား ထွက်သွားတော့မယ် မဟုတ်လား"

အဘိုးအို ခေါင်းခါယမ်းလိုက်၏။

"ငါ မသွားပါဘူး"

"ဗျာ..."

လူရွယ် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

အဘိုးအိုက...

"လောလောဆယ် ငါမသွားသေးဘူး၊ ဘုံကျောင်းပျက်မှာ ခဏအနားယူလိုက်ဦးမယ်၊ ဒီကို ငါအနားယူဖို့ လာတာကွ"

လူရွယ်က မေးလိုက်၏။

"ခင်ဗျားပဲ သဘောကျစရာ မရှိဘူးဆို၊ အခု ဘယ်လို ဖြစ်ရ ပြန်တာလဲ"

အဘိုးအိုက...

"သဘောမကျစရာ ဖြစ်နေလို့ ငါက ပိုပြီး နေချင်တာပေါ့ကွ ဟဲ...ဟဲ..."

စကားဆုံးသည်နှင့် တဟဲဟဲဖြင့် ရယ်မောလိုက်သည်။

လူရွယ် ကျွဲမြီးတိုသွား၏။

အဘိုးအိုသည် တမင်သက်သက် လာရောက်နှောင့်ယှက်နေခြင်း ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပြီ မဟုတ်ပါလား။

"ခင်ဗျားက ဒီမှာ နေချင်တာကိုး"

သူက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝ ပြုလိုက်ပြီး မေးလိုက်၏။



"ကျုပ်ရဲ့နာမည် ဥမ္မန်တုံးလို့ ခေါ်ပါတယ်၊ နဂါးအာမခံ ဌာနကပါ၊ ခင်ဗျားနဲ့ နာမည်ကို ကျေးဇူးပြုပြီး ပြောပြပါလားဗျာ"

သူ၏ အမည်နှင့် သူ၏ အာမခံဌာနအကြောင်း ထုတ်ဖော် ပြောလိုက်သည်မှာ အကြောင်းရှိသည်။

အဘိုးအိုက ရယ်မောလိုက်သည်။

"လက်စသတ်တော့ မင်းဟာ ဒေါသနဂါး ဥမ္မန်စိမ်းရဲ့တူသား တပည့်ကိုး"

သူက ရေရွတ်လိုက်၏။

ဥမ္မန်စိမ်းဆိုသူမှာ နဂါးအာမခံဌာန ပိုင်ရှင်ဖြစ်သည်။

သိုင်းပညာတတ်ပြီး ဒေါသကြီးသူ ဖြစ်သည်။

သိုင်းလောကသမားများက သူ့အား ဒေါသနဂါးဟုပင် ခေါ် ဝေါ်ကြသည်။

ဥမ္မန်စိမ်း၏ အရှိန်အဝါကြောင့် နဂါးအာမခံဌာနကို နှောင့် ယှက်ဝံ့သူ မရှိသလောက်ပင်။

သူခိုးလွှေရှမ်းသည် သိုင်းလောကအကြောင်း နားမလည်သော စောရတစ်ယောက် ဖြစ်နေ၍သာ နဂါးအာမခံဌာနမှ သယ်ဆောင် လာသော ပစ္စည်းအချို့ကို ခိုးယူလိုက်မိခြင်း ဖြစ်သည်။

နဂါးအာမခံဌာနမှ သိုင်းသမားများသည်လည်း သူတို့၏ပစ္စည်း အား မည်သူမျှ မျက်စောင်းထိုးရဲ ကြမည်မဟုတ်ဟု ယုံကြည်ကာ ပေါ့ပေါ့တန်တန် နေလိုက်မိကြသဖြင့် အခိုးခံလိုက်ရခြင်းလည်းဖြစ် သည်။

ယခု...

လူရွယ် (ဝါ) ဥမ္မန်တုံး ဦးဆောင်သော အာမခံဌာနမှလူများ သဲကြီး မဲကြီး ဖြစ်နေကြသည်မှာ အခိုးခံလိုက်ရသော အာမခံပစ္စည်း ထက် သူတို့၏ ဂုဏ်သိက္ခာကို ထိပါးလာခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဥမ္မန်စိမ်းကိုယ်တိုင် စော်ကားမော်ကား ပြုလုပ်ခဲ့သူများအား တစ်ယောက်မကျန် သုတ်သင်ရှင်းလင်းမစ်ရန် အမိန့်ပေးထားသည် မဟုတ်ပါလား။

ဥမ္မန်တုံးက ပြောလိုက်သည်။

"ကျုပ်ရဲ့ဆရာ ဘယ်သူလဲဆိုတာတောင် သိနေတာကိုး၊ ကောင်းပြီလေ၊ ဆရာ့နာမည်ကို သိနေတာနဲ့ပဲ ကျုပ်မိတ်ဆွေ တစ်ယောက်လို ဆက်ဆံလိုက်ပါ့မယ်၊ ကဲ...ကျုပ်တို့ အလုပ်ရှုပ်နေလို့ ကျေးဇူးပြုပြီး သွားပါတော့ဗျာ"

အဘိုးအို ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"စိတ်ချ ကျုပ် သွားမှာပါ"

သူက အဝေးသို့ ထွက်သွားခြင်း မဟုတ်ဘဲ ဘုံကျောင်းပျက်ပေါ်သို့ လှမ်းတက်သွားရန် ဟန်ပြင်လိုက်သည်။

အဘိုးအိုအား ပြောဆိုတားဆီးနေ၍ ရမည်မဟုတ်ဟု ဥမ္မန်တုံး နားလည်လိုက်သည်။

ထို့ကြောင့်...

"သြော်...ခင်ဗျားက ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စထဲ တမင်ဝင်ရှုပ်ချင်တာကိုး"

သူက ခေါင်းဆောင်ကိုကြည့်ပြီး အမိန့်ပေးလိုက်၏။

"ကဲ...သူ့ကို မောင်းထုတ်လိုက်စမ်း"

ခေါင်းဆောင်က...

"စိတ်ချပါ သခင်လေး"

ချက်ချင်းပင် အဘိုးအိုရှေ့၌ လမ်းပိတ်ရပ်လိုက်ပြီး...

"ကျုပ်တို့သခင်လေးက ကောင်းကောင်းမွန်မွန် ပြောနေတာကို ခင်ဗျားက လက်မခံပဲကိုး၊ ကဲ...ခင်ဗျားဘာသာ သွားမလား ကျုပ်က မောင်းထုတ်ရမလား ပြောပါ"



ရန်လိုသော လေသံဖြင့် ပြောလိုက်လေသည်။

အဘိုးအိုက ပြုံးပြီး ပြောလိုက်သည်။

"ကျုပ်က သွားချင်တယ်ဆိုရင် သွားတာကြာပြီပေါ့"

ခေါင်းဆောင်သည် သူ့အား လှောင်ပြုံးမြုံးပြသည်ဟု ယူဆကာ ဒေါသခြောင်းခြောင်း ထွက်သွားလေတော့သည်။

"ခင်ဗျား သေချင်နေပြီကိုး၊ သတိသာ ထားပေတော့"

ဟု ကြုံးဝါးပြီး အဘိုးအိုထံ ခုန်ဝင်တိုက်ခိုက် လိုက်လေတော့သည်။

"ဝုန်း..."

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ခေါင်းဆောင်ဖြစ်သူက အဘိုးအိုအား ပြင်းထန်စွာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သူ၏ တိုက်ခိုက်မှုကြောင့် အဘိုးအို ချက်ချင်းပင် လဲကျသေဆုံး သွားတော့မည် ထင်ရသည်။

သို့သော်...

အဘိုးအိုက အကျီလက်အိုးကို ဝှေ့ယမ်းလိုက်ရုံဖြင့် ခေါင်းဆောင်မှာ ဒီယိုးဒယိုင်ဖြင့် နောက်ဆုတ်သွားရသည်။

ဥမ္မန်တုံး ရင်ထိတ်သွား၏။

အဘိုးအိုသည် သူမျှော်လင့်ထားသည်ထက် သိုင်းပညာပို၍ပင် ကျွမ်းသူတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

မတတ်သာသည့်အဆုံး ကိုယ်တိုင်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

ရှေ့သို့လှမ်းထွက်ကာ အဘိုးအိုနှင့် မျက်နှာဆိုင်လိုက်ပြီး...

"ခင်ဗျားဟာ ထိပ်တန်းသိုင်းပညာရှင် တစ်ယောက်ဆိုတာ ကျုပ် ရိပ်မိပါတယ်၊ မမျှော်လင့်ဘဲ တွေ့ရတာကို လေးစားဂုဏ်ယူ

www.burmeseclassic.com

www.burmeseclassic.com



မိပါတယ်၊ ဒါပေမယ့် ကျုပ်တို့ကို နှောင့်ယှက်သလို ဖြစ်နေတာမျိုးကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး"

စကားဆုံးလျှင် စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"နေဦး ..."

အဘိုးအိုက လက်ကာပြလိုက်သည်။

ဦးမွန်တုံးက မေးလိုက်သည်။

"ခင်ဗျား ဘာပြောချင်လို့လဲ"

အဘိုးအိုက...

"ကျုပ်က ခင်ဗျားကို တမင်နှောင့်ယှက်နေတာ မဟုတ်ပါဘူး"

"ဩော် ..."

ဦးမွန်တုံး မဲ့ပြုံး ပြုံးလိုက်ပြီး မေးလိုက်၏။

"တမင်နှောင့်ယှက်တာ မဟုတ်ရင် ဘယ်လိုသဘောလဲဆိုတာ ပြောပါဦး"

အဘိုးအို၏ လုပ်ရပ်သည် နှောင့်ယှက်သော လုပ်ရပ်သာ ဖြစ်ပါသည်။ ဤသည်ကို တမင်နှောင့်ယှက်ခြင်း မဟုတ်ဟု ဆိုပါလျှင် မည်သည့်သဘောကြောင့် ဖြစ်ပါသနည်း။

ဦးမွန်တုံးက အရွဲ့တိုက်ပြီး ပြန်မေးလိုက်ခြင်း ဖြစ်သည်။

အဘိုးအိုက...

"မင်းတို့ ပစ္စည်းကို ခိုးယူတဲ့အတွက် အပြစ်ပေးတာ ကျုပ်နဲ့ မဆိုင်ဘူး၊ ဒါပေမယ့် မင်းတို့လည်း မဆိုင်တာ မလုပ်စေချင်ဘူး"

ဦးမွန်တုံး မျက်မှောင်ကုပ်သွားသည်။

အဘိုးအို၏ စကားကို သဘောမပေါက်ချေ။

ထို့ကြောင့် ...

ပြန်မေးလိုက်သည်။

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"



အဘိုးအိုက ...

"မဆိုင်တာ မလုပ်ကြရင် ကောင်းမယ်လို့ ပြောတာပါ၊ ကျုပ်စကားကို မင်း လက်ခံရဲ့လား"

"သိပ်လက်ခံတာပေါ့ဗျာ"

ဦးမွန်တုံးက မေးလိုက်သည်။

"သူက ဘယ်သူလဲဗျာ၊ ကျုပ် သိချင်တယ်"

ချင်းကိုးသည် သာမန်လူတစ်ယောက် မဟုတ်ဘဲ သိုင်းပညာ တတ်မြောက်ထားသူ ဖြစ်ကြောင်း သူရိပ်မိခဲ့ပြီး ဖြစ်သည်။ အဘိုးအို ပြောသည့် စကားများကြောင့် ချင်းကိုး မည်သူမည်ဝါ ဖြစ်သည်ကို သိလိုစိတ် ပို၍ ပြင်းပြလာလေတော့သည်။

အဘိုးအိုက ပြန်မေးလိုက်သည်။

"သူ့စကားကို မင်းမကြားဘူးလား"

ဦးမွန်တုံး မျက်မှောင်ကုတ်သွားပြီး ...

"ဘာဖြစ်လို့လဲ"

"သူက မပြောပါနဲ့လို့ တားနေတာကို မင်းမကြားဘူးလားကွ"

"ဩော် ..."

ဦးမွန်တုံး မဲ့ပြုံး ပြုံးလိုက်သည်။

"ဘယ်သူပဲဖြစ်ဖြစ် ကျုပ်တို့ အာမခံဌာနကို စော်ကားတဲ့အတွက် အပြစ်ပေး အရေးယူရမှာပဲ"

သူက အဘိုးအိုနှင့် ချင်းကိုးတို့ကို မခံချင်အောင် ဆွပေးလိုက်ခြင်း ဖြစ်သည်။

အဘိုးအိုက ပြောလိုက်လေ၏။ သူက စိတ်အချဉ် ပေါက်သာပုံ ရသည်။

"တယ်ခက်ပါလား၊ ကျုပ် ဒီလောက် ပြောပြနေတာတောင် မင်းက နားမလည်နိုင်သေးပဲကိုး၊ အေး ... သူ့ကိုသွားပြီး နှောင့်ယှက်

www.burmeseclassic.com

www.burmeseclassic.com



ရင် မင်းမပြောနဲ့ မင်းရဲ့ဆရာ ဦးမွန်စိမ်းလည်း သက်သာမှာ မဟုတ်ဘူး”

ဦးမွန်တိုး မျက်နှာပျက်သွား၏။

ရင်ထဲတွင်လည်း စိုးရိမ်စိတ်များ ဝင်လာသည်။

အဘိုးအို၏ စကားကြောင့် ပေါ့ပေါ့တန်တန် သဘောထား မဖြစ်တော့မှန်း ဆင်ခြင်မိလိုက်သည်။

ချက်ချင်းပင် ချင်းကိုးအနီးသို့ လှမ်းသွားလိုက်ပြီး မေးလိုက်၏

“မင်း ဘယ်သူလဲ၊ ပြောစမ်း”

ချင်းကိုး...

“ကျုပ်က အရှက်မရှိတဲ့လူပါ”

ဟု ပြောလိုက်၏။

“ဘာကွ”

“ကျုပ်နာမည် အရှက်မရှိတဲ့လူပါ”

ဦးမွန်တိုး ကြောင်အမ်းအမ်းဖြင့် အဘိုးအိုကို လှမ်းကြည့်ပါသည်။

တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးတောစဉ်းစားနေလည်း ရှိသည်။

ဦးမွန်တိုးက ချင်းကိုးဘက် ပြန်လှည့်ကာ မေးလေ၏။

“မင်းက အရှက်မရှိတဲ့လူ ဟုတ်လား”

ချင်းကိုး ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်”

“ကျုပ်တို့ အာမခံဌာနက ပစ္စည်းတွေကို မင်းခိုးယူ မဟုတ်လား”

ချင်းကိုးက အဖြေမပေးဘဲ ပန်းကလေးကို လှမ်းကြည့်လေသည်။



သူမခိုးဘဲ ခိုးသည်ဟုတော့ မပြောချင်ပါ။

ပန်းကလေးက...

“ကျွန်...ကျွန်မ ခိုးတာပါရှင်”

အမှန်အတိုင်း ဝန်ခံလာလေတော့သည်။

ချင်းကိုး ကျေနပ်သွား၏။

ဦးမွန်တိုးက မေးလိုက်၏။

“ကောင်းပြီ... ဘယ်မှာ ဝှက်ထားခဲ့လဲ ပြောပါ”

ပန်းကလေး သူမ ဝှက်ထားခဲ့သော နေရာကို ပြောပြလိုက်သည်။

ဦးမွန်တိုးက...

“ကဲ...သူပြောတဲ့နေရာမှာ သွားရှာကြည့်စမ်း”

ခေါင်းဆောင်ဖြစ်သူကို အမိန့်ပေးလိုက်လေသည်။

“ကောင်းပါပြီ ခင်ဗျာ”

ခေါင်းဆောင်သည် ချက်ချင်းထွက်သွားသည်။

အဘိုးအိုက လှမ်းပြောလေ၏။

“ကဲ...အခုတော့ မင်းရဲ့ပြဿနာ ဖြေရှင်းပြီးသွားပြီ မဟုတ်လား”

ဦးမွန်တိုး သက်ပြင်းချလိုက်သည်။

“ကျုပ်တို့ ပစ္စည်းပြန်ရမယ်ဆိုရင် ကျေနပ်စရာပါပဲ၊ ဒါပေမယ့် ပစ္စည်းတွေ ခိုးယူတဲ့ လူတွေကိုလည်း အပြစ်ပေးနိုင်မှ ဖြစ်ပါမယ်”

အဘိုးအိုက သေနေသူများအား လှမ်းကြည့်ပြီး ပြောသည်။

“မင်းက ဒီလောက်အပြစ် ပေးရတာတောင် မကျေနပ်သေးဘူးလား”

ဦးမွန်တိုးကိုကြည့်ကာ အဘိုးအိုက မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်သူလဲဆိုတာ မင်း သိချင်တယ် မဟုတ်လား"

ဦးမွန်တုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

အဘိုးအိုက အေးအေး ဆေးဆေး ပြောလေ၏။

"စောစောက သူရဲ့သိုင်းပညာကို မင်းတွေ့ခဲ့ရတာပဲ၊ သူ ဘယ်သူလဲဆိုတာ မင်း မခန့်မှန်းမိဘူးလား"

ဦးမွန်တုံး ငိုင်သွား၏။

သူ၏ လူများက ဝိုင်းဝန်းထိုးကြိတ် ကန်ကျောက်လိုက်ကြော ချင်းကိုးက ရှန်းကန်လိုက်ရာ အားလုံး အဝေးသို့ လွင့်စဉ်သွား ကြလေသည်။

ထိုဖြစ်ရပ်ကြောင့် ချင်းကိုးမှာ ခေသူမဟုတ်ဘဲ သိုင်းပညာ တတ်မြောက်ထားသူဖြစ်ကြောင်း ဦးမွန်တုံးက သတိပြုမိခဲ့သည်။

အဘိုးအိုက ဆက်ပြောလိုက်၏။

"သူ့ပညာကို တွေ့ရတာတောင် သူဘယ်သူလဲဆိုတာ မင်း မသိဘူးဆိုရင် သိုင်းလောကမှာ ဆက်နေဖို့ မကောင်းတော့ပါဘူးကွာ"

ဦးမွန်တုံး မကျေမနပ် ဖြစ်သွား၏။

"သူ ဘယ်သူပဲဖြစ်ဖြစ် ကျုပ် ဂရုမစိုက်ဘူး"

သူက အငေါ်တူးကာ ပြောလိုက်သည်။

အဘိုးအို သက်ပြင်းချလိုက်သည်။

ဦးမွန်တုံးကို စိုက်ကြည့်ပြီး မှတ်ချက်ချလိုက်သည်။

"မင်း နေရာမှာ မင်းရဲ့ဆရာ ဦးမွန်စိမ်းဆိုရင် ဒီစကားပြော မှာ မဟုတ်ဘူး"

ဦးမွန်တုံး မျက်နှာပျက်သွား၏။

အဘိုးအိုအား လှမ်းကြည့်လိုက်၏။

အဘိုးအိုက ချင်းကိုးအား ကြည့်ကာ မေးလိုက်၏။



"မင်း ဘယ်သူလဲဆိုတာ ငါပြောလိုက်ရမလား"

ချင်းကိုးက...

"ကျုပ် ဘာသာ ပြောပါ့မယ်"

ဟု ချက်ချင်း ပြန်ပြောသည်။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"မင်းသဘောပဲ"

ဦးမွန်တုံး မနေနိုင်တော့ဘဲ ဝေါက်လိုက်၏။

"မင်းဘယ်သူလဲ ပြောစမ်း"

ချင်းကိုး၏ နှုတ်ခမ်းများ တလှုပ်လှုပ် ဖြစ်လာပြီး ထပ်မံ အဖြေပေး၏။

"ကျုပ်က အရှက်မရှိတဲ့လူပါဗျာ"

သူက အမှန်အတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

သူ့ဇာတိကလေးမှ လူများက သူ့အား အရှက်မရှိတဲ့သူဟု ဘင်ပွန်းတပ်လိုက်ကြသည် မဟုတ်ပါလား။

အဘိုးအို၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

"အရှက်မရှိတဲ့လူ"

တီးတိုးရေရွတ်လိုက်လေ၏။

"ဟား...ဟား...ဟား"

သဘောကျစွာ ရယ်မောလေတော့သည်။

ချင်းကိုး ခေါင်းပြန်ငုံ့ထားလိုက်သည်။

ဦးမွန်တုံးက အဘိုးအိုအား ကြည့်ကာ ပြောလိုက်၏။

"သူက အရှက်မရှိလူလို့ ပြောနေပါလားဗျ"

လှောင်ပြောင်လိုသည့်သဘော ဖြစ်သည်။

အဘိုးအို သက်ပြင်းချလိုက်၏။

ချင်းကိုးကို ကြည့်ကာ မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လို ဖြစ်နေတာလဲ"

ချင်းကိုးက...

"ကျုပ်ကို အရက်တစ်ခွက်လောက် တိုက်ကြပါလားဗျာ"

"ဘာ..."

"ကျုပ်...ကျုပ် အရက်သောက်ပါရစေဗျာ"

ရုတ်တရက်...

သူ၏ ခန္ဓာကိုယ် ဒယီးဒယိုင် ဖြစ်လာသည်။

အရက်သမားတစ်ယောက် အရက်မသောက်ရသဖြင့် ဆောက်တည်ရာ မရဖြစ်နေပုံမျိုးတည်း။

"မင်း...မင်း ဘယ်လို ဖြစ်တာလဲ"

အဘိုးအိုက မေးလိုက်သည်။

ချင်းကိုး စကားမပြောနိုင်တော့ပါ။

အပြင်းဖျားနေသည့်အရှိန်၊ ရိုက်နှက်ထိုးကြိတ်ခံထားရသည့်အရှိန်တို့ကြောင့် မည်သို့မျှ မဟန်နိုင်တော့ဘဲ...

"ဝုန်း..."

မြေပေါ်တွင် အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

ဥမ္မန်တုံးသည် ချင်းကိုးကို မျက်မှောင်ကုတ်ကာ ကြည့်နေသည်။

အဘိုးအိုကား လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ချင်းကိုး..."

သူက အော်ခေါ်လိုက်ပြီး ပြေးသွားကာ ဖေးမပွေ့ထူလိုက်လေသည်။

"ချင်းကိုးမှာ တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူနေကာ အပြင်းဖျားနေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့်...

"သူ့ကို ဒီအတိုင်းထားလို့ မဖြစ်ဘူး"



အဘိုးအိုသည် အသင့်ဆောင်ထားသော အသက်ကယ်ဆေးတစ်လုံး ထုတ်ယူကာ တိုက်ကျွေးလိုက်၏။

ထို့နောက်...

ချင်းကိုးကား ပခုံးပေါ်ထမ်းကာ ပြေးထွက်သွားလေသည်။

ကြောင်အမ်းအမ်းဖြင့် ငေးကြည့်နေသော ဥမ္မန်တုံး သတိဝင်လာသည်။

"ခင်ဗျား ဘာလုပ်တာလဲ"

ဥမ္မန်တုံး အော်ပြောလိုက်သည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

သို့သော် အဘိုးအိုက လုံးဝ ဂရုမစိုက်ချေ။

"မင်း မကျေနပ်ရင် မင်းဆရာကိုပြောလိုက်၊ လူထူးဆန်းချင်းကိုက ခေါ်သွားတယ်လို့ ဟုတ်ပြီလား"

အဘိုးအိုသည် လျှင်မြန်စွာ ထွက်သွားသည်ဖြစ်ရာ စကားသည်းဆုံး၊ လူလည်း မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

ဥမ္မန်တုံး ပြေးလိုက်သွားတန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

သူ၏ အဖွဲ့ခေါင်းဆောင်တို့လူစု ပြန်လည်ရောက်ရှိလာကြသည်။

ရောက်လျှင်ရောက်ချင်း ခေါင်းဆောင်သည် ဝမ်းသာအားရဖြင့် ပြောလေ၏။

"သခင်လေး...အာမခံပစ္စည်းတွေ ပြန်တွေ့ပါပြီ"

ဥမ္မန်တုံးသည် အဘိုးအိုနောက်သို့ လိုက်မသွားနိုင်တော့ဘဲ ခြေလှမ်းရပ်လိုက်ရလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



နဂါးအာမခံဌာန။

နဂါးအာမခံဌာနသည် သိုင်းလောကၤ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော အာမခံဌာနတစ်ခု ဖြစ်ပါသည်။ အဖွဲ့သားများသည် အလွန်စည်းကမ်းသေဝပ်ပြီး စနစ်တကျ ရှိကြသည်။

အာမခံဌာနပိုင်ရှင် ဦးမွန်စိမ်းမှာလည်း ထိပ်ဆီးသိုင်းသမားကြီးတစ်ယောက် ဖြစ်သည်။

ဦးမွန်တုံးမှာလည်း အခြားသူ မဟုတ်ပါ။

အာမခံဌာနပိုင်ရှင် ဦးမွန်စိမ်း၏ တူအရင်းပင် ဖြစ်သည်။

ယခု...

ဦးမွန်တုံးသည် အခိုးခံလိုက်ရသည့် အာမခံပစ္စည်းများ ပြန်လည် ရှာဖွေရယူကာ ဦးမွန်စိမ်းထံသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

အခန်းကျယ်ကြီးအတွင်း၌ ဘဲဥပုံ စားပွဲကြီး ရှိသည်။

ထိုစားပွဲတွင် ဦးမွန်စိမ်း အခန့်သား ထိုင်နေ၏။

ဦးမွန်စိမ်းသည် အသက်ငါးဆယ် ကျော်ခန့်ရှိသူ ဖြစ်သည်။

အဝတ်အစားကို ကောင်းကောင်းနှင့် သန့်သန့်ရှင်းရှင်း ဝတ်ဆင်တတ်သည်။

သူကိုယ်တိုင် အသန့်အပြန့် ကြိုက်သလို သူ၏ လူများကိုလည်း သန့်သန့်ပြန့်ပြန့် ဖြစ်နေရမည်ဟု အမိန့်ထုတ်ထားသည်။

သို့သော် ဦးမွန်တုံးက သူ့ရှေ့သို့ ပေကျံနေသော အဝတ်အစားများနှင့် ရောက်လာပါသည်။

ဦးမွန်တုံးကို မြင်သည်နှင့် ဦးမွန်စိမ်း နှာခေါင်းရှုံ့လိုက်လေသည်။ သူက ရွံ့ရှာစွာ ပြောသည်။

"ဦးမွန်တုံး မင်း ဘယ့်လို ဖြစ်လာတာလဲ၊ မင်းကို ကြည့်ရတာ ဝက်တစ်ကောင်နဲ့ တူနေပြီ"



ဦးမွန်တုံးက တောင်းပန်လိုက်သည်။

"ဦးလေး ကျွန်တော် ပြဿနာတစ်ခုနဲ့ ကြုံတွေ့လာခဲ့ရလို့ ဦးလေး မကြိုက်မှန်း သိပေမယ့် အဝတ်အစားမလဲဘဲ တစ်ခါတည်း လာမိတာ ခွင့်လွှတ်ပါ။

ခရီးရောက်မဆိုက် လာတွေ့ခြင်းဖြစ်ကြောင်း ဦးမွန်စိမ်း သိထားသည်။

ဦးမွန်တုံးကို အကဲခတ်ကြည့်လိုက်ပြီး မေးသည်။

"ဘယ်လိုလဲ အာမခံပစ္စည်း ပျောက်သွားတဲ့ကိစ္စ မင်းလိုက်သွားတာတောင် အခြေအနေ မကောင်းဘူးလား"

"အာမခံပစ္စည်းတွေ ပြန်ရလာပါပြီ ဦးလေး"

"ပြန်ရတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

ဦးမွန်စိမ်း မျက်မှောင်ကုတ်ကာ...

"ပြန်ရရင် ပြီးတာပဲ မဟုတ်လား၊ တခြား ဘာပြဿနာ ရှိသေးလို့လဲ"

ဦးမွန်တုံးက...

"ရှိပါတယ် ဦးလေး"

ဦးမွန်စိမ်းက...

"ဆိုစမ်းပါဦး"

"ဒီလိုပါ ဦးလေး"

ဦးမွန်စိမ်းက နားထောင်လိုက်၏။

ဦးမွန်တုံးက သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

ဦးမွန်စိမ်းမှာ အဘိုးအိုနှင့် ချင်းကိုးအကြောင်း ပြောပြသောအခါ မျက်မှောင်ကုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမွန်တုံး၏ စကားဆုံးသည်အထိ နားထောင်နေလိုက်လေသည်။

ထို့နောက်...

သူက မေးလိုက်သည်။

"အဘိုးအိုက သူ့ကိုယ်သူ လူထူးဆန်း ကျင်းတီလို့ ပြောသွားတယ် ဟုတ်လား"

ဦးမွန်တုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဦးလေး"

ဦးမွန်စိမ်း သက်ပြင်းချလိုက်ပြီး လေးပင်စွာ ပြောသည်။

"မင်းက သူ့နဲ့တွေ့ပြီး ငါ့ဆီကို အခုလို ပြန်ရောက်လာနိုင်တာ အတော့်ကို ကံကောင်းလို့ပဲ"

ဦးမွန်တုံး ဘာမှမပြောဘဲ ငြိမ်နေလိုက်၏။

ဦးမွန်စိမ်းက ဆက်ပြောလိုက်သည်။

"ကျင်းတီဟာ လူထူးဆန်း တစ်ယောက်ပဲ၊ မင်းက သူ့ကို တိုက်ခိုက်ဖို့ ကြိုးစားတာဟာ စော်ကားသလို ဖြစ်နေတယ်၊ သူသာ စိတ်ကောင်းမထားခဲ့ရင် မင်း ခြေကျိုး လက်ကျိုး ဖြစ်လာမှာ သေချာတယ်"

"ဗျာ..."

ဦးမွန်တုံး ထိတ်လန့်သွားသည်။

"ကျွန်...ကျွန်တော်"

စကား ထစ်ထစ် ငေါ့ငေါ့ ဖြစ်နေသည်။

ဦးမွန်စိမ်းက ဒေါသသံဖြင့် ပြောလေ၏။

"စောစောကပဲ အဖွဲ့ခေါင်းဆောင်က ငါ့ဆီကို လာသွားပြီးပြီ သူ့ဆီကနေ အကြောင်းစုံကို ငါသိပြီးပြီကွ"

ဦးမွန်တုံးက...



"ဦးလေး...အဘိုးအိုက ဘယ်သူဘယ်ဝါမှန်း မသိပါဘူး၊ ကျွန်တော့်ကို လာနှောင့်ယှက်တယ်ထင်ပြီး တိုက်ခိုက်ဖို့ ကြိုးစားခဲ့တာပါ"

ဦးမွန်စိမ်းက ပြောသည်။

"ကဲ...ဒါတွေထားလိုက်ပါတော့ အရေးကြီးတာက ဟိုအရက်သမားကိစ္စပဲ"

ဦးမွန်တုံး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဦးလေး"

ဦးမွန်စိမ်းက...

"အရက်သမား ဘယ်သူဘယ်ဝါဆိုတာ မင်း မသိခဲ့ရဘူး မဟုတ်လား"

ဦးမွန်တုံးက...

"ဟုတ်ပါတယ် ဦးလေး၊ သူ ဘယ်သူဘယ်ဝါ ဆိုတာ သိရမှ ဖြစ်ပါလိမ့်မယ်"

ဦးမွန်စိမ်းက...

"သူ့အကြောင်း ငါ့ကို ပြောစမ်း"

"ဗျာ..."

"သူနဲ့ ဘယ်လိုဆုံခဲ့ရတယ်ဆိုတာ ပြောနိုင်းတာကွ"

"ဪ..."

ဦးမွန်တုံးသည် ချင်းကိုးနှင့် တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို ခရေစေ့တွင်းကျ ပြောပြလိုက်သည်။

ထို့နောက်...

ဦးမွန်စိမ်း သေသေချာချာ နားထောင်နေပါသည်။

ဦးမွန်တုံး၏ စကားဆုံးသွားသော်လည်း ဘာမျှမပြောဘဲ ငြိမ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးမွန်တိုးကလည်း ဘာပြောရမှန်း မသိတော့သဖြင့် အသာ ငြိမ်နေလိုက်ရသည်။

နှစ်ယောက်သား ငြိမ်နေကြသဖြင့် အခန်းတွင်း၌ အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားသည်။

အတော်ကလေးကြာသွားမှ ဦးမွန်စိမ်းက သက်ပြင်းချလိုက်သည်။ သူက ထပ်ဆင့် မေးလိုက်၏။

"သူ့ကိုဝိုင်းပြီး ဖမ်းချုပ်လိုက်တော့ လေပွေတစ်ခုလို့ ဇာ့ယမ်းပြီး ရန်းကန်တယ် ဟုတ်လား"

ဦးမွန်တိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဦးလေး၊ ကျွန်တော် သေသေချာချာ မြင်လိုက်ရတာပါ"

ဦးမွန်စိမ်းက...

"ပြီးတော့ကော ..."

ဦးမွန်တိုးက...

"အဘိုးအိုက သူ့ကို ချင်းကိုးလို့ ခေါ်လိုက်ပါတယ်"

ဦးမွန်စိမ်းက...

"မင်း သေချာရဲ့လား"

"သေချာပါတယ်၊ ကျွန်တော် သေသေချာချာ ကြားလိုက်တာပါ"

ဦးမွန်စိမ်းက ညည်းညူလိုက်လေ၏။

"တယ်လဲ ထူးဆန်းပါလား"

ဦးမွန်တိုးက...

"သူ ဘယ်သူလဲဆိုတာ ဦးလေး သိသလားဟင်"

မဝံ့မရဲ မေးလိုက်သည်။

ဦးမွန်စိမ်း၏ မျက်နှာ တည်ကြည်လေးနက်သွားသည်။



"တကယ်လို့ သူဟာ အရိုပ်မဲ့ဓား ဖြစ်နေမယ်ဆိုရင်တော့ မင်းဟာ မယုံနိုင်စရာကောင်းအောင် ကံကောင်းတာပဲ"

ဦးမွန်စိမ်း၏ စကားကြောင့်...

ဦးမွန်တိုး မျက်နှာပျက်သွားလေတော့သည်။

သူ၏ ဦးလေးက ပြောနေမှ သူအမှန်တကယ် ကံကောင်းခြင်း ဖြစ်သည်ဟု ယုံကြည်သွားသည်။

အရိပ်မဲ့ဓား...

အရိပ်မဲ့ဓားဆိုသော အမည်ကို သူကောင်းစွာ ကြားဖူးထားပါသည်။

သိုင်းလောကသားမှန်လျှင် အရိပ်မဲ့ဓား၏ အမည်ကို ကြားဖူးထားကြမည်သာ ဖြစ်သည်။

ဦးမွန်တိုးလည်း ကြားဖူးထားပါသည်။

အရိပ်မဲ့ဓားသည် သိုင်းလောက၌ ပြိုင်ဘက်ကင်းသော ပထမ ဓားဘွဲ့ရခဲ့သူ တစ်ယောက် ဖြစ်ခဲ့သည် မဟုတ်ပါလား။

ယခု ...

သူတွေ့ခဲ့ရသည့် သူတောင်းစားပမာ စုတ်ပြတ်နွမ်းနေသူသည် ကျော်ကြားလှသည့် အရိပ်မဲ့ဓား ဖြစ်ရမည်ဆိုသည်ကိုမူ မယုံကြည်နိုင်အောင် ဖြစ်နေပါတော့သည်။

ဦးမွန်စိမ်းက...

"အရိပ်မဲ့ သိုင်းလောကထဲက ပျောက်သွားတာ ဆယ်နှစ်လောက် ရှိနေပြီ၊ သူဘာကြောင့် ဓာတ်မြုပ်သွားရတယ်ဆိုတာ ဘယ်သူမှ မသိကြဘူးကွ၊ တချို့ကတော့ ထူးခြားတဲ့ ဓားပညာ တစ်မျိုးကို တိတ်တဆိတ် အချိန်ယူ လေ့ကျင့်နေတယ်လို့ ပြောကြတယ်၊ အချို့ကလည်း အရိပ်မဲ့သေသွားပြီလို့ ပြောကြတယ်၊ ဒါပေမယ့် ဘယ်သတင်းမှ တိတိကျကျ မရှိခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဥမ္မန်တိုး၏ ရင်ထဲ ကျောက်တုံးများ ဆွဲထားသကဲ့သို့ လေးလံလာသည်။

သူက အရိပ်မဲ့ဓားနှင့် ဆုံတွေ့ခဲ့ရသည့်အဖြစ်မှာ တိကျနိုင်လို့နေသည် မဟုတ်ပါလား။

ချင်းကိုးသည် အရိပ်မဲ့ဓားဆိုလျှင် သူကလည်း အရိပ်မဲ့ဓားနှင့် တွေ့ခဲ့ရခြင်း ဖြစ်ပေတော့သည်။

ဥမ္မန်စိမ်းက စိတ်လေးစွာ ပြောလေတော့၏။

"သူဟာ အကြောင်းတစ်ခုခုကြောင့် ဘဝမှန်ကို မဖော်ထုတ်ဘဲ ဇာတ်မြှုပ်နေတာ ဖြစ်မယ်၊ ဒါကြောင့် တို့လဲ သူ့အကြောင်း ဘာမှ မပြောဘဲ ရေငုံနှုတ်ပိတ် နေကြရလိမ့်မယ်"

ဥမ္မန်တိုး လှုပ်လှုပ် ရှားရှား ဖြစ်သွားလေသည်။

"ရေငုံနှုတ်ပိတ် နေရမယ် ဟုတ်လား ဦးလေး"

"ဟုတ်တယ်"

"ဒါဆို..."

"အရိပ်မဲ့ဓားနဲ့ ပတ်သက်လို့ လေသံတောင် မပြောရဘူး"

"ဦးလေး"

"အရိပ်မဲ့ဓားနဲ့ ကြုံတွေ့ခဲ့ရတာတွေ အားလုံးကို မေ့ပစ်လိုက်ရမယ်၊ ငါပြောတာ သေသေချာချာ မှတ်ထား၊ မဟုတ်ရင် အားလုံး ဒုက္ခရောက်သွားလိမ့်မယ်"

ဥမ္မန်စိမ်း ဘာမှ မပြောနိုင်တော့ပါ။

အရိပ်မဲ့ဓားနှင့် ပတ်သက်ပြီး အဘယ်ကြောင့် ရေငုံနှုတ်ပိတ် နေရမည်ဆိုသည်ကို နားမလည်နိုင်အောင် ဖြစ်နေသည်။

မည်သို့ဆိုစေ...

သူက ဦးလေးဖြစ်သူ၏စကားကို မြေဝယ်မကျနားထောင်ရလိမ့်မည် မဟုတ်ပါလား။



ထို့ကြောင့်...

အရိပ်မဲ့ဓားကို မေ့ပစ်ရန် ဆုံးဖြတ်လိုက်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

# သတင်းစုံစမ်းသူ

တောင်ကုန်းလေးပေါ်တွင် လိုဏ်ဂူတစ်ခုရှိသည်။

ထိုလိုဏ်ဂူလေး၌ မီးပုံတစ်ခု ရှိနေပြီး မီးခိုးများ တလူလူ ထွက်ပေါ်နေသည်။

မီးပုံအနီး၌ အဘိုးအိုတစ်ယောက် ထိုင်နေ၏။

ထိုအဘိုးအိုသည် မြေအိုးတစ်လုံးဖြင့် ဆေးကျိုချက်နေခြင်း ဖြစ်သည်။

မြေအိုးထဲ၌ သစ်ရွက်များ၊ သစ်မြစ်များ ရောဖြွမ်းထည့်ထား သည်။

ကျိုချက်လိုက်သောအခါ စူးရှသော အနံ့အသက်များ ထွက် ပေါ်လာလေသည်။

အဘိုးအိုက စိတ်ရှည်လက်ရှည် ဆေးကျိုနေ၏။

ထိုစဉ်...

"အား...ကျွတ်...ကျွတ်"

လိုဏ်ဂူထဲမှ ညည်းညူသံများ ထွက်ပေါ်လာသည်ကို ကြား လိုက်ရသည်။

အဘိုးအို ထိုင်ရာမှ ထောက်ခနဲ ထရပ်လိုက်သည်။



လိုဏ်ဂူထဲသို့ ခပ်သွက်သွက်လေး ပြေးဝင်သွားသည်။

လိုဏ်ဂူထဲ၌ လူတစ်ယောက် ခွေခွေလေး လဲလျောင်းနေသည်။

ချင်းကိုး ဖြစ်ပါလေ၏။

အဘိုးအိုက...

"မင်း သတိရနေပြီကိုး"

ချက်ချင်းပင် ဖေးမပွေ့ထူလိုက်သည်။

အသင့်ရှိနေသော ဆေးတစ်ခွက်ကို တိုက်ကျွေးလိုက်သည်။

ချင်းကိုးသည် သတိရတစ်ချက် မရတစ်ချက် ဖြစ်နေပြီး...

"အရက်...အရက်ပေးပါ"

ဟု တစာစာ တောင်းနေ၏။

အဘိုးအို သက်ပြင်းချလိုက်သည်။

"တယ်ခက်ပါလား၊ မင်း ဘာကြောင့် အရက်ကို ဒီလောက် ကြီးမဲကြီး ဖြစ်နေတာလဲ၊ ကဲ...ကဲ...ဆေးသောက်လိုက်"

ပြောရင်း ဆေးကို ဆက်ပြီး ဝင်အောင် တိုက်လိုက်သည်။

ချင်းကိုးက အရက်အမှတ်ဖြင့် သောက်ချလိုက်သည်။

သို့သော်...

"အဟွတ်...ဟွတ်"

ချောင်းတဟွတ်ဟွတ် ဆိုးလာပြီး...

"ဝေါ..."

ဆေးများပြန်လည် အန်ထုတ်လိုက်သည်။

"ဒုက္ခပါပဲ"

အဘိုးအို ညည်းညူလိုက်၏။

ချင်းကိုးအား ဆေးချည်းတိုက်၍ မဖြစ်မှန်းလည်း သဘော ပေါက်သွား၏။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



"မင်း အရက်သောက်ချင်တယ် မဟုတ်လား ခဏလေးနေဦး"

ဟု ပြောကာ လိုဏ်ဂူထဲမှ ပြေးထွက်သွားသည်။

မကြာပါချေ။ အဘိုးအို ပြန်လည်ရောက်ရှိလာသောအခါ လက်ထဲ၌ အရက်အိုး တစ်အိုး ပါလာသည်။

အဘိုးအိုက ...

"ရော့ ... အရက်သောက်လိုက်"

ပြေရင်း ချင်းကိုးအား တိုက်လိုက်သည်။

အရက်ထဲ၌ ဆေးရည်များ ရောထားပါသည်။

ချင်းကိုးမှာ အရက်နံ့ရလျှင် တစ်ရှိုက်မက်မက် သောက် လိုက်သည်။

တစ်ခဏအတွင်းမှာပင် အရက်တစ်အိုးလုံး တက်တက် ပြောင်သွားတော့၏။

အဘိုးအို ပြုံးလိုက်မိသည်။

"အရက်နံ့ ရောလိုက်တော့မှပဲ ဆေးဝင်တော့တယ်"

ဟု မှတ်ချက် ချလိုက်သည်။

ချင်းကိုး ဘာမျှ ပြန်မပြောချေ။

ဆေးနှင့် ရောထားသည့် အရက်တစ်အိုးလုံး သောက်ပြီး နှစ်နှစ်ခြိုက်ခြိုက် ပြန်လည်အိပ်ပျော် သွားလေတော့သည်။

အဘိုးအိုသည် မလှမ်းမကမ်းမှထိုင်ကာ အကဲခတ်ကြည့်နေ

သူ၏ မျက်လုံးထဲ၌ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ် ကာ ယောကျ်ားပီသစွာ ချောမောခန့်ညားသော လူရွယ်တစ်ယော နှင့် သွယ်တောင်းစားပမာ စုတ်ပြတ်နံချာသော လူရွယ်တစ်ယော တို့ကို ယှဉ်တွဲပြီး မြင်ယောင်လာမိသည်။

အဘိုးအို၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အ အယောင်များ ဖြစ်ပေါ်လာသည်။



"အရိပ်မဲ့ဓားရယ်၊ မင်း ဘယ်လိုများ ဖြစ်နေတာလဲ"

ဟု ညည်းလိုက်လေသည်။

ချင်းကိုး၏ အဖြစ်အပျက်ကို သူမသိပါ။

မည်သူမျှလည်း သိနိုင်မည် မဟုတ်ဟု ယုံကြည်ထားလေသည်။

အဘိုးအိုက ...

"ငါက မင်းကို ကူညီနိုင်ရင် ကူညီပါရစေကွာ"

မှန်ပေသည်။

ချင်းကိုးအား ကူညီဖို့စိတ် သူ့ရင်ထဲ၌အပြည့်အဝ ရှိနေပါသည်။

အဘိုးအိုက ...

"မင်းဘာကြောင့် ဒီလောက်တောင် ပြောင်းလဲသွားရတာလဲ"

မယုံကြည်နိုင်ဟန်ဖြင့် ရေရွတ်လိုက်သည်။

အဘိုးအိုသည် ချင်းကိုးကို ငေးမောကြည့်ရင်း တောင်စဉ် ရေမရ ရေရွတ်ပြောဆို နေမိလေတော့သည်။

❖ ❖ ❖

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

အပြောကျယ်လှသော ပင်လယ်ပြင်ကြီးထဲ၌ ရွက်လှေတစ်စင်း ာ်လွှင့်နေ၏။

ရွက်လှေပေါ်၌ ခရီးသည်နှစ်ယောက် ပါလာလေသည်။

လင်းလင်းနှင့် ဗိရှဲတို့ ဖြစ်ကြသည်။

လင်းလင်းသည် ဖခင်ဖြစ်သူအပေါ် ကျေးဇူးရှိခဲ့သည့် အရိပ်မဲ့ း ကို ရှာဖွေရန် တောင်ပိုင်းဒေသမှ ခရီးထွက်လာခဲ့ကြသည်။

ဆယ်ရိုက် ...

ဆယ်ရက်ဟူသောအချိန် ကုန်ဆုံးသွားပြီးနောက် ရွက်လှေကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် ဆိပ်ကမ်းမြို့ တစ်မြို့သို့ ဆိုက်ကပ်လာ၏။ လင်းလင်းနှင့် ပီရှဲတို့ ရွက်လှေပေါ်မှ ဆင်းလိုက်ကြသည်။

ထို့နောက်...

မြင်းနှစ်ကောင်ဝယ်ယူပြီး လိုအပ်သော ပစ္စည်းပစ္စယများ တင်ဆောင်ကာ ခရီးဆက်ကြသည်။

သူတို့သည် ပြည်မသို့ ဦးတည်သွားကြမည်ဖြစ်သည်။ အရိုပ်မဲ့ ဓားနှင့် တွေ့ဆုံကာ လိုအပ်သည့် ကိစ္စအဝဝကို အကူအညီပေးပြီး နောက် တောင်ပိုင်းဒေသသို့ ပြန်မည်ဖြစ်ပါသည်။

သူမ၏ တာဝန်သည် ရက်ပိုင်းအတွင်း ဆောင်ရွက်ပြီးစီးသွားမည်ဟု လင်းလင်း ယုံကြည်ထားသည်။

သို့သော်...

သိုင်းလောကသို့ ခြေချပြီး မမျှော်လင့်သော ကိစ္စများနှင့် ကြုံတွေ့လိုက်ရသောအခါ သူမထင်သလို ရက်အနည်းငယ်နှင့် မပြီး နိုင်တော့ပေ။

ခိုင်ဖုံးမြို့။

လင်းလင်းနှင့် ပီရှဲတို့သည် အနားမယူကြဘဲ ခရီးပြင်းနှင့် လိုက်ကြရာ ခိုင်ဖုံးမြို့သို့ ရောက်ရှိသွားကြသည်။ ခိုင်ဖုံးမြို့သည် အရိပ်မဲ့ဓား၏ ဇာတိမြို့ ဖြစ်သည်။

မြို့ထဲသို့ လှမ်းဝင်ပြီးသည်နှင့်...

"အရိပ်မဲ့ဓားကို တွေ့ရင် ခက်ခဲတဲ့ကိစ္စတွေ ရှိမနေပါရစေနဲ့"

ဟု လင်းလင်း ဆုတောင်းလိုက်၏။

ပီရှဲက...

"သူဘယ်လို အခက်အခဲ ရှိနေသလဲ၊ ဘယ်လို ကူညီသင့် သလဲဆိုတာ သိရရင် တောင်ပိုင်းဒေသကိုပြန်ပြီး တင်ပြရမယ်လို့ သခင်ကြီးက မှာလိုက်တယ် သခင်မလေး"



"အင်း ဒီလိုပဲ ပြောလိုက်တယ်"

"ဒါဆို ဘာပူစရာရှိဦးမှာလဲ သခင်မလေးရယ်၊ ကျွန်မတို့ ကြာခင် ပြန်သွားနိုင်ကြမှာပဲ မဟုတ်လား"

"မြန်မြန် ပြန်နိုင်တာပေါ့ ကောင်းတာပေါ့"

လင်းလင်းသည် တောင်ပိုင်းဒေသမှနေပြီး ပြည်မကိုလာခဲ့ရ သဖြင့် မပျော်မိုက်နိုင်အောင် ဖြစ်နေ၏။

သူမသည် တောင်ပိုင်းဒေသ၌ ပျော်သူ မဟုတ်ပါလား။ ပီရှဲ ကမူ ပြည်မသို့ လာခဲ့ရသဖြင့် ဝမ်းသာပျော်ရွှင်နေလေတော့သည်။

နှစ်ယောက်သား မြို့ထဲသို့ ဝင်ရောက်လာခဲ့ကြသည်။

"အရိပ်မဲ့ဓားအကြောင်း ကျွန်မ စုံစမ်းလိုက်ဦးမယ် သခင် လေး"

ပီရှဲက ပြောကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

လင်းလင်းက မြင်းနှစ်ကောင်နှင့် လမ်းဘေးရှိ သစ်ပင်ရိပ် အောက်သို့ဝင်ကာ အနားယူလိုက်သည်။

လင်းလင်းသည် လမ်းသွားလမ်းလာ များထဲ၌လည်းကောင်း၊ အနီးအနားရှိ ဈေးဆိုင်များ၊ စားသောက်ဆိုင်များသို့လည်းကောင်း ဝင်ရောက်စုံစမ်း မေးမြန်းနေသည်ကို တွေ့ရသည်။

လင်းလင်း မျက်မှောင်ကုတ်သွား၏။ သူမ တွေးလိုက်သည်။

"ပီရှဲက ဘာကြောင့် ဒီလောက်တောင်လိုက်ပြီး စုံစမ်းနေရ တာလဲ"

ထိုစဉ်...

ပီရှဲသည် သူမထံသို့ ခပ်သွက်သွက် လှမ်းလာနေသည်ကို မြင်လိုက်ရလေသည်။

လင်းလင်းက...

"ဘယ်လိုလဲ သတင်းရပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆီးကြို မေးလိုက်၏။

ပိရှဲသည် စိတ်ပျက်နေပုံ ရလေသည်။

"ကျွန်မလိုက်ပြီး စုံစမ်းနေတာ ဘယ်သူကမှ ပြောချင်ကြပုံ မရဘူး"

"ဟင် ..."

လင်းလင်းက အံ့သြသွားသည်။

"ဘာကြောင့် မပြောချင်ကြတာလဲ"

"ကျွန်မလဲ မတွေးတတ်ဘူး သခင်မလေး"

လင်းလင်းက ...

"မဖြစ်သေးပါဘူး၊ ငါကိုယ်တိုင်လိုက်ပြီး စုံစမ်းမှပါပဲ"

သူမသည် မြင်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

ထို့နောက် ...

"လာခဲ့ ..."

ပိရှဲကိုခေါ်ကာ လိုက်လံစုံစမ်းကြသည်။

မြို့ခံလူများသည် ပိရှဲပြောသကဲ့သို့ အရိုပ်မဲ့ဓားအကြောင်း မပြောချင်ဘဲ ရှိနေကြသည်ကို တွေ့ရ၏။

ဈေးဆိုင်တစ်ဆိုင်မှ အဘိုးအိုတစ်ယောက်အား လင်းလင်းက အကြိမ်ကြိမ် တောင်းပန်မှ ပြောပြသည်။

"တူမလေး ... ကျုပ်တို့က သူ့အကြောင်း မပြောချင်တာ တခြားကြောင့် မဟုတ်ဘူး၊ သူ့ကို ရွံ့ရှာမုန်းတီးကြလို့ပဲ၊ သူက တကယ်မုန်းစရာ ကောင်းတယ်"

လင်းလင်းက ဆက်မေးသည်။ သူမက ဓားဒက တက်လိုက်သည်။

"သူဟာ လူအများ ကြည်ညိုလေးစားကြသူတွေထဲမှာ ကျုပ်လဲ ပါဝင်ခဲ့တာပေါ့၊ ဒါပေမယ့် သူဟာ လူယုတ်မာတစ်ယောက်ဆိုတာ



နောက်ပိုင်းမှ သိခဲ့ကြရတယ်၊ ဖွတ်ထွက်မှ တောင်ပို့မှန်း သိခဲ့ရတာ ပေါ့ကွယ်"

လင်းလင်းက ...

"သူက လူယုတ်မာတစ်ယောက် ဟုတ်လား"

ဟု မေးလိုက်၏။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

အဘယ်ကဲ့သို့ လူယုတ်မာ ဖြစ်သည်ကို မေးလိုသော်လည်း မမေးရဲချေ။

အဘိုးအိုက ...

"မိန်းကလေးတို့က သူ့ကို လာရှာတာ ကျုပ်တောင် အံ့သြသွားတယ် ဘာကိစ္စများ ရှိလို့လဲကွယ်"

ဟု မေးလေသည်။

လင်းလင်းက ...

ကိစ္စလေးနည်းနည်း ရှိလို့ပါ၊ သိပ်တော့ အရေးမကြီးပါဘူးရှင်"

အဘိုးအိုက ...

"အရေးမကြီးရင်တော့ သူ့ကို လိုက်မရှာတာပဲ ကောင်းပါလိမ့်မယ်"

"ရှင် ..."

လင်းလင်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

အဘိုးအိုက ...

"သူနဲ့ပတ်သက်ရင် မိန်းကလေးတို့ သိက္ခာကျမှာ စိုးရိမ်လို့ပါ"

လင်းလင်းက ပိရှဲအား တစ်ချက်လှမ်းကြည့်လိုက်၏

www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေး ကျွန်မတို့ ဘာလုပ်ကြမလဲ"

လင်းလင်းက...

"တို့ပြန်ကြတာပေါ့"

ပေါ့ပါးစွာပင် ပြောလိုက်လေ၏။

❖ ❖ ❖

မိုးစင်စင်လင်းပြီး ဖြစ်သည်။

မိုးလင်းခါနီးမှ တဖွဲဖွဲကျဆင်းလာသော မြူနှင်းများကြောင့် ဝန်းကျင်တစ်ခုလုံး မှုန်ရီဝိုးဝါး ရှိနေသည်။

ကျောက်တုံး ကျောက်ခဲများ၊ ကျောက်ဆောင်များသည် မြူနှင်းများကြားတွင် အရိပ်မည်းမည်း သဏ္ဌာန်များအဖြစ် ဟိုနားတစ်စု ဒီနားတစ်စု ရှိနေသည်။

ချင်းကိုးသည် လိုဏ်ဂူရှေ့တွင် ငေးငိုင်၍ ထိုင်နေပါသည်။ ရီဝေသော မျက်လုံးများဖြင့် မြူနှင်းများကြားသို့ ငေးမောကြည့်နေသည်။

သူ၏ကိုယ်ပေါ်မှ ဒဏ်ရာများ သက်သာပျောက်ကင်းစ ပြုနေပြီ ဖြစ်လေသည်။

ချင်းကိုးက သူ၏ဒဏ်ရာကြောင့် တွေးတောစဉ်းစားနေခြင်း မဟုတ်ပါ။

သူတွေးတော စဉ်းစားနေသည်မှာ...

ထိုစဉ် ခြေသံများထွက်ပေါ်လာပြီး လိုဏ်ဂူထဲမှ အဘိုးအို ထွက်လာလေသည်။

အဘိုးအိုက ချင်းကိုးကို အကဲခတ်ကြည့်လိုက်ပြီး...

"သြော်...မင်းက စောစောစီးစီး နိုးနေတာကိုး"

ချင်းကိုး ခေါင်းညိတ်လိုက်သည်။



"ဟုတ်ကဲ့"

အမှန်တော့...

သူက တစ်ညလုံးအိပ်မပျော်နိုင်ဘဲ ရှိနေခြင်း ဖြစ်လေသည်။

အဘိုးအိုသည် သူ၏ အနီးသို့ ရောက်လာပြီး မေးမြန်းသည်။

"မင်း နေကောင်းသွားပြီလား"

ချင်းကိုး ခေါင်းညိတ်လိုက်သည်။

"ကောင်းသွားပါပြီဗျာ"

"မင်းရထားတဲ့ ဒဏ်ရာတွေက မနည်းဘူး၊ အချိန်မီ ဆေးမကုရဘူးဆိုရင် ဒုက္ခရောက်သွားလိမ့်မယ်"

ချင်းကိုး ပြုံး၍ ဘာမှ မပြောဘဲ နေလိုက်လေသည်။

သူတစ်ပါး၏ ထိုးနှက်ရိုက်နှက်ခြင်း ခံရသည်မှာ သူ့အတွက် မဆန်းတော့ပြီ မဟုတ်ပါလား။

အဘိုးအိုက မေးလိုက်၏။

"အရိပ်မဲ့ဓား၊ မင်းဘာကြောင့် ဒီလောက် ပြောင်းလဲသွားရတာလဲ"

ချင်းကိုးက...

"ခင်ဗျား မှားနေပါပြီဗျာ"

"နေပါဦး၊ ကျုပ် ဘာတွေများ မှားနေလို့လဲ"

ချင်းကိုးက...

"ကျုပ်က ခင်ဗျားထင်သလို အရိပ်မဲ့ဓား မဟုတ်ပါဘူးဗျာ"

"ဟေး..."

အဘိုးအို မျက်လုံးပြူးသွားသည်။

သို့သော်...

"ဟား...ဟား...ဟား"

ချက်ချင်းပင် ဟားတိုက်ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုး ငြိမ်နေလိုက်၏။

အဘိုးအို သဘောကျစွာ ရယ်မောလိုက်ရင်းမှ...

"မင်းဟာ အရိပ်မဲ့ဓား မဟုတ်ရင် ချင်းကိုးပေါ့"

ချင်းကိုး မျက်နှာပျက်သွား၏။

သို့သော်...

ချက်ချင်းပင် ခေါင်းခါယမ်းလိုက်ပြီး...

"ချင်းကိုးလဲ မဟုတ်ပါဘူးဗျာ"

သူက တမင်ငြင်းလိုက်ခြင်း ဖြစ်သည်။

အဘိုးအို မျက်မှောင်ကုတ်သွားသည်။

ချင်းကိုးကို စိုက်ကြည့်ပြီး မေးလိုက်သည်။

"မင်းဟာ အရိပ်မဲ့ဓားလဲ မဟုတ်ဘူး၊ ချင်းကိုလဲ မဟုတ်ဘူး ဆိုရင် ဘယ်သူလဲ"

ချင်းကိုးက...

"ကျုပ်ဟာ အရက်သမား၊ အရှက်မရှိတဲ့ လူပါဗျာ"

သူ့အား အရက်သမားများကခေါ်သည့် အမည်ကို ရွေးပြီး ပြောလိုက်လေသည်။

"အရှက်မရှိတဲ့လူ"

"ဟုတ်ပါတယ်ဗျာ"

အဘိုးအိုက...

"မင်းက ဘာကြောင့် ငြင်းနေတာလဲ"

"ဗျာ..."

"မင်း ဘာကြောင့် လိမ်နေတယ်ဆိုတာ ငါသိချင်တယ်"

အဘိုးအိုက တည်ကြည်သော မျက်နှာထားဖြင့် မေးသည်။

ချင်းကိုးက ဘာမျှမပြောဘဲ နေလိုက်လေ၏။

အဘိုးအိုက ပြောသည်။



"မင်းဟာ သိုင်းလောကမှာ ပထမသိုင်းဘွဲ့ရခဲ့တာပဲ၊ သိုင်းလောကအတွက် အလားအလာအရှိဆုံး လူငယ်တစ်ယောက်ဆိုတာ အားလုံးသိထားကြတယ်၊ ဒါပေမယ့် သိုင်းလောကက ရုတ်တရက် ပျောက်ကွယ်သွားပြီး အရက်သမားကြီးလုံးလုံး ဖြစ်နေတယ်၊ အဲဒါ ဘာကြောင့်လဲဆိုတာ သိချင်တဲ့လူတွေ အများကြီးပဲ"

ချင်းကိုးက...

"ကျုပ်က အရက်သမား၊ အရှက်မရှိတဲ့လူပါ၊ ချင်းကိုး ဆိုတဲ့ လူကို မသိပါဘူး"

အဘိုးအိုက...

"မင်းတမင်သက်သက် လိမ်ပြောနေတာ"

ချင်းကိုးက...

"ကျုပ် အမှန်အတိုင်း ပြောနေတာပါ"

အဘိုးအိုက...

"အင်း...ဒါဆိုရင်တော့ သူများတွေ ပြောနေကြတဲ့ စကား မှန်နေပြီပေါ့"

ချင်းကိုးက အဘိုးအိုအား ကြည့်လိုက်၏။

အဘိုးအိုက ဆက်ပြောလိုက်ပြန်၏။

"အရိပ်မဲ့ ချင်းကိုးဟာ သစ္စာမရှိတဲ့ လူတစ်ယောက်၊ လူယုတ်မာ တစ်ယောက်တဲ့"

ထိုစကားကြားလျှင် ချင်းကိုး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

သို့သော် ချက်ချင်းပင် နဂိုအခြေအနေ ပြန်ရောက်ရှိသွား၏။

ဘာမှ မဖြစ်သလို ရှိနေပေတော့သည်။

အဘိုးအိုက...

"ချင်းကိုးဟာ လူယုတ်မာတစ်ယောက်ဆိုတာ ကျုပ် ဘယ်

www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့မှ လက်မခံနိုင်ဘူး၊ ဒါပေမယ့် အခြေအနေအရ လက်ခံရမလို ဖြစ်နေပြီ"

ချင်းကိုး ထိုင်ရာမှ ထလိုက်လေသည်။

အဘိုးအိုက မေးလိုက်သည်။

"မင်း ဘယ်ကိုသွားမလို့လဲ"

ချင်းကိုးက...

"ကျုပ်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ်ကို သွားခွင့်ပြုပါဦး"

အဘိုးအိုက...

"အေးလေ...မင်း ဘယ်သွားမလို့လဲလို့ မေးနေတာ"

ချင်းကိုး ပင့်သက်ရှိုက်လိုက်သည်။

သူမည်သည့်နေရာကို သွားရမည်ကို မသိပါ။

သူ့တွင် သွားစရာ နေရာမရှိပါ။

သူ၏ဘဝသည် ခြေဦးတည့်ရာ သွားနေရသည့် ဘဝမျိုးမဟုတ်ပါလား။

ချင်းကိုး အဖြေမပေးနိုင်ဘဲ ဖြစ်နေ၏။

အဘိုးအိုက သေချာစွာပြောသည်။

"ချင်းကိုး မင်းဟာ သူများတွေ ပြောသလို လူယုတ်မာတစ်ယောက် မဟုတ်ဘူးဆိုတာ ငါနားလည်ပါတယ်၊ ကိုယ့်ကိုယ်ကို ဖျက်ဆီးနေမယ့်အစား အမှန်တရားကို ရှာဖွေတာ အကောင်းဆုံး ဖြစ်လိမ့်မယ်"

"အမှန်တရား"

ချင်းကိုး လွတ်ခနဲ ရေရွတ်လိုက်သည်။

အဘိုးအိုက...

"ဟုတ်ပါတယ်၊ အကျိုးမဲ့ အချိန်ဖြုန်းနေမယ့်အစား အမှန်



တရားကို ရှာဖွေတာ အကောင်းဆုံး မဖြစ်နိုင်ဘူးလား၊ မင်း သေသေချာချာ စဉ်းစားဖို့ကောင်းတယ်"

ချင်းကိုးက အဘိုးအိုကို စိုက်ကြည့်လိုက်၏။

သူ၏ မျက်လုံးများ စူးရှတောက်ပြောင်နေသည်။

သို့သော်...

ချက်ချင်းပင် ပြန်လည်ရီဝေ သွားလေတော့သည်။

သူက ဦးခေါင်းယမ်းပြီး ပြောလေ၏။

"ခင်ဗျား ပြောတာကို ကျုပ် နားမလည်ဘူးဗျ"

အဘိုးအို စိတ်ပျက်သွားသည်။

"အိပ်ချင်ဟန် ဆောင်နေတဲ့လူကို နှိုးရခက်တယ်"

အဘိုးအိုက အော်သည်။

ချင်းကိုးက...

"ကျုပ် သွားတော့မယ်"

ပြောပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသည်။

အဘိုးအို ဟန့်တားရန် ဟန်ပြင်လိုက်သည်။

သို့သော်...

သူ၏ စိတ်သဘောထား ချက်ချင်း ပြောင်းလဲသွားပုံရသည်။

သူက လှမ်းအော်လိုက်၏။

"မင်း သွားချင်ရာသွားငါ၊ နောက်ဆုံးတော့ အမှန်တရားကို မင်းရှာတွေ့လာမှာပါ"

ချင်းကိုးသည် လုံးဝမကြားသည့်အလား လှည့်ပင်မကြည့်ဘဲ ထွက်သွားရာ တဖြည်းဖြည်း ဝေး၍ဝေး၍ သွားလေတော့သည်။

❖ ❖ ❖

နေမွန်းတည့်တော့မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းနှင့် ပိရှဲတို့သည် စားသောက်ဆိုင်တစ်ဆိုင် အတွင်း၌ ရောက်ရှိနေကြသည်။

သူတို့သည် အရိုပ်မဲ့စားသည် လူယုတ်မာတစ်ဦးဖြစ်ကြောင်း ကြားသိရပြီးလျှင် တောင်ပိုင်းဒေသသို့ ပြန်သွားရန် ဆုံးဖြတ်လိုက်ကြတော့သည်။

ဗိုက်ထဲ ဆာလောင်လာသဖြင့် အပြန်ခရီးမစမီ စားသောက်ဆိုင် တစ်ဆိုင်တွင် ဝင်ရောက်အနားယူ စားသောက်လိုက်ကြခြင်း ဖြစ်သည်။

လင်းလင်းသည် တောင်ပိုင်းဒေသို့ ပြန်တော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်သဖြင့် ပျော်ရွှင်နေသည်။

သို့သော် ပိရှဲကား စားမဝင်နိုင်ဘဲ ဖြစ်နေသည်။

ပိရှဲသည် အားရပါးရ စားသောက်နေသော လင်းလင်းကို တစ်ချက် ကြည့်လိုက်ပြီး...

"သခင်မလေး...တောင်ပိုင်းဒေသကို တကယ်ပြန်တော့မှာလားဟင်"

ဟု မေးလိုက်လေသည်။

လင်းလင်းက...

"ပြန်မှာပေါ့"

ပလုတ်ပလောင်း စားသောက်ရင်း ပြန်ပြောလေသည်။

ပိရှဲက...

"ပြန်လို့ ဖြစ်ပါ့မလား သခင်မလေး"

"ဘာလို့ မဖြစ်ရမှာလဲ"

လင်းလင်းက ပေါ့ပေါ့တန်တန် ပြောလေသည်။

ပိရှဲက...

"သခင်ကြီး သဘောကျမယ် မထင်ဘူး"



"ဟင်..."

လင်းလင်း မျက်မှောင်ကုတ်သွားသည်။

ပိရှဲက အလေးအနက်ထားကာ ပြောရန်မှန်းသိ၍ စားသောက်မှုကို ရပ်ကာ ကြည့်လိုက်သည်။

ပိရှဲက တည်ကြည်သော မျက်နှာထားဖြင့် ရှိနေပါသည်။

လင်းလင်းက မေးလိုက်သည်။ သူ့လေသံ၌ သဘောမကျမှုများ လွှမ်းမိုးနေသည်။

"နေပါဦး၊ ဖေဖေက သဘောမကျဘူးလို့ ညည်းကဘာကြောင့် ထင်တာလဲ"

"သခင်ကြီးက အရိုပ်မဲ့စား ဒုက္ခရောက်နေတယ်၊ သူ့ရဲ့အခြေအနေနဲ့ ဘယ်လို ကူညီနိုင်မလဲဆိုတာ သိရအောင် သခင်မလေးကို စုံစမ်းခိုင်းလိုက်တယ် မဟုတ်လား"

လင်းလင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ"

"သခင်မလေးက ဒီအတိုင်း ပြန်သွားမယ်ဆိုရင်"

သူ၏ စကားမဆုံးမီ လင်းလင်း ကြားဖြတ်ပြောလိုက်၏။

"အရိုပ်မဲ့စားဟာ လူယုတ်မာ တစ်ယောက်ဆိုတာ သိနေရပြီပဲ၊ ဘာကြောင့် ပြန်သွားလို့ မဖြစ်ရမှာလဲ"

ပိရှဲက...

"အရိုပ်မဲ့စားဟာ လူယုတ်မာတစ်ယောက်ဆိုတာ သခင်မလေး ဘယ်လိုလုပ်သိတာလဲ၊ သူများပြောလို့သိတာ မဟုတ်လား"

"ဟင်..."

လင်းလင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ပိရှဲ၏စကားက အချက်ကျကျ ထောက်ပြလိုက်ခြင်းမျိုး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးပြောတိုင်း ယုံကြည်ရန် မသင့်ပေ။

ပိရှဲက...

"သခင်ကြီးကို သွားပြောပြလို့ကတော့ လက်ခံမယ် မထင်ဘူး သခင်မလေး"

လင်းလင်း ဘာမျှ မပြောနိုင်ဘဲ ဖြစ်နေ၏။

သူမ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့လေလာ စုံစမ်းသိရှိပြီးမှ ပြောပြသည်ဆိုလျှင် လင်းချန်းစိမ်းက လက်ခံမည်သာ ဖြစ်သည်။

သူများပြောသံကြားနှင့် ပြန်ပြောပြမည်ဆိုပါက မည်သည့်နည်းနှင့်မျှ လက်ခံမည် မဟုတ်ဟု တွေးမိသဖြင့် ငေးငိုင်သွားရခြင်း ဖြစ်သည်။

ပိရှဲက ပြောလိုက်သည်။

"အရိုပ်မဲ့ဓားအကြောင်း တိတိကျကျ သိရအောင် ကိုယ်တိုင် စုံစမ်းပြီးမှ ပြန်ကြတာ ပိုကောင်းမယ် ထင်ပါတယ် သခင်မလေး"

လင်းလင်း သက်ပြင်းချလိုက်သည်။

သူမ၏ ရင်ထဲမှ ပျော်ရွှင်မှုလေးများ ဆိတ်သုန်းပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

တောင်ပိုင်းဒေသသို့ ချက်ချင်းပြန်သွား၍ ရမည်မဟုတ်ကြောင်း နားလည်သဘောပေါက်လိုက် လေတော့သည်။

ပိရှဲက မေးလေ၏။

"ကျွန်မ ပြောတာ သခင်မလေး ဘယ်လိုသဘောရသလဲဟင်"

လင်းလင်းက...

"ညည်းပြောမှ ငါစိတ်ညစ်သွားရတော့ယ်"

"ရှင်..."

"ဟုတ်တယ်လေ၊ ညည်းပြောရင် ငါက တောင်ပိုင်းဒေသ ပြန်သွားမိမှာ"



ပိရှဲက...

"ကျွန်မက သခင်မလေး အဆူခံရမှာကို စိုးရိမ်လို့ ပြောတာပါ၊ သခင်မလေး"

လင်းလင်းက ခေါင်းညိတ်လိုက်သည်။

"ညည်းစေတနာ ပြောတယ်ဆိုတာ ငါနားလည်ပါတယ်၊ ဖေဖေက သူနိုင်းရင် တိတိကျကျလုပ်မှ ကြိုက်တာ၊ ငါက ပြန်ချင်ဇောနဲ့ သူများပြောတာ နားထောင်ပြီး ဖေဖေ့ကို ပြန်ပြောပြရင် အဆူခံရမှာ ကျိန်းသေပဲ"

ထိုသို့ ဝန်ခံလိုက်သဖြင့် ပိရှဲ ကျေနပ်သွားသည်။

လင်းလင်းက...

"အရိပ်မဲ့ဓားက လူယုတ်မာတစ်ယောက် အမှန်တကယ် ဟုတ်မဟုတ် ငါကိုယ်တိုင် လိုက်စုံစမ်းပြီး အကျိုးအကြောင်း တိတိကျကျရမှ တောင်ပိုင်းဒေသကို ပြန်လို့ဖြစ်တော့မှာပေါ့"

ပိရှဲ ပြုံးလိုက်သည်။

"မပူပါနဲ့ သခင်မလေးရယ်၊ အရိပ်မဲ့ဓားဟာ ကျော်ကြားတဲ့ လူတစ်ယောက်ပါ၊ သူ့အကြောင်း စုံစမ်းလို့ ခက်ခဲမယ် မထင်ပါဘူး"

လင်းလင်း လက်ခံလိုက်သည်။

"အင်း...ညည်းပြောတာ ဖြစ်နိုင်တယ်"

သူမသည် တစ်စုံတစ်ခုကို စဉ်းစားမိလိုက်ဟန်ဖြင့်...

"ဒါပေမယ့် ခက်နေတာက သူဒီမြို့က ထွက်သွားပြီဆိုတာပဲ"

မှန်ပေသည်။

အရိပ်မဲ့ဓားသည် ဤမြို့ကလေးမှ ထွက်သွားပြီဖြစ်၍ ကိုယ်တိုင် သွားရောက်တွေ့ဆုံနိုင်တော့မည် မဟုတ်ပေ။

ပိရှဲက အကြံပေးလိုက်သည်။

"ကျွန်မတို့ကို ပြောလိုက်တဲ့ အဘိုးကြီးဆီမှာပဲ အရိပ်မဲ့ဓား

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဘယ်လိုကြောင့် လူယုတ်မာ ဖြစ်ရတယ်ဆိုတာ သွားပြီး စုံစမ်းကြရင် မကောင်းဘူးလား"

လင်းလင်းက လက်ခံလိုက်သည်။

"ကောင်းသားပဲ၊ သွားကြတာပေါ့"

သူတို့သည် စားသောက်ခကျသင့်ငွေ ပေးချေလိုက်ကြသည်။

ထို့နောက်...

ဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။

တောင်ပိုင်းဒေသသို့ မပြန်နိုင်တော့ဘဲ အရိုပ်မဲ့ဓားအကြောင်း တိတိကျကျ စုံစမ်းသိရှိနိုင်ရန် သူတို့အား ပြောလိုက်သည့် ဈေးဆိုင်ပိုင်ရှင် အဘိုးအိုထံသို့ တစ်ကျော့ပြန် သွားလိုက်ကြလေတော့သည်။

နေမွန်းတည့်ချိန်မို့ နေခြစ်ခြစ်တောက် ပူလောင်နေပါသည်။ နေပူဒဏ်ကို ရှောင်လွှဲသောအားဖြင့် လမ်းပေါ်၌ လူသွားလူလာ ကျဲပါးနေ၏။

ထို့အတူ...

အဘိုးအို၏ ဈေးဆိုင်၌လည်း လူရှင်းနေသည်။

လင်းလင်းနှင့် ပိရှဲတို့သည် အဘိုးအိုထံသို့ ဒုတိယအကြိမ် ရောက်လာကြပြီဖြစ်သည်။

အဘိုးအိုသည် လင်းလင်းတို့ကိုမြင်လျှင် အံ့သြသွားသည်။

"ဟင်...မိန်းကလေးတို့ပါလား၊ ဘာပစ္စည်းများ မေ့ကျန်လို့ပါလိမ့်"

ဆီးကြိုနှုတ်ဆက်ကာ မေးမြန်းလိုက်သည်။

အဘိုးအိုအား ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ရခြင်းကြောင့် လင်းလင်းတို့ ဝမ်းသာနေကြသည်။

လင်းလင်းက နှုတ်ချိုချိုဖြင့် မေးလေ၏။

"ကျွန်မတို့ မေးစရာ နည်းနည်းရှိလို့ပါရှင်"



နည်းနည်းဟုသာ ပြောလိုက်ရသော်လည်း မေးစရာများကား အများအပြား ရှိနေပါသည်။

အဘိုးအိုက...

"မေးပါ...မေးပါ၊ မိန်းကလေး ဘာများ သိချင်သေးလို့လဲကွယ်"

ကြည်ကြည် ဖြူဖြူပင် ပြောလာသည်။

လင်းလင်းက...

"အရိပ်မဲ့ဓားဟာ လူယုတ်မာတစ်ယောက်လို့ ဦး ပြောခဲ့တယ်နော်"

ဟု မေးလိုက်၏။

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ၊ သူဟာ လူယုတ်မာတစ်ယောက်ပဲကွယ့်"

လင်းလင်းက...

"ဘာကြောင့် လူယုတ်မာလို့ ပြောနိုင်တာလဲဆိုတာ သိချင်လို့ပါ"

"သြော်...ဒါလား"

"လင်းလင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သူ့ကို လူယုတ်မာလို့ သတ်မှတ်တဲ့ အကြောင်းရင်းကို သိချင်လို့ပါ"

အဘိုးအို ကြောင်အမ်းအမ်း ဖြစ်သွားသည်။

အတန်ကြာမှ...

သက်ပြင်းရှည်တစ်ချက် ချလိုက်ပြီး...

"လူယုတ်မာမို့ လူယုတ်မာလို့ ပြောကြတာပေါ့ကွယ်"

ဟု ပြောလာ၏။

"ရှင်..."

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

အဘိုးအိုက ...

"မိန်းကလေး သူဟာ ကိုယ့်ရဲ့ မိတ်ဆွေသူငယ်ချင်းအပေါ်မှာ သစ္စာမဲ့ခဲ့တယ်၊ ဒါကြောင့် လူယုတ်မာလို့ ပြောတာပေါ့"

လင်းလင်း မျက်မှောင်ကုတ်သွားသည်။

"မိတ်ဆွေသူငယ်ချင်းအပေါ် သစ္စာမဲ့ခဲ့တယ် ဟုတ်လား"

ဟု မေးလိုက်၏။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လင်းလင်း ထပ်မေးလိုက်သည်။

"ဘယ်လို သစ္စာမဲ့ခဲ့တယ်ဆိုတာ ပြောပြပါလားရှင်"

အဘိုးအို တဖျဉ်းဖျဉ်း ကုပ်ပြီး မေးလိုက်၏။

"မိန်းကလေးက သူ့အကြောင်း သိချင်တယ် ဟုတ်လား"

လင်းလင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ရှင်"

အဘိုးအိုက ပြောသည်။

"ဒါဆို သူဌေးလေး စီးမင်းချူးကို သွားမေးတာ ပိုကောင်းပါလိမ့်မယ်"

"ရှင် ..."

လင်းလင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

အဘိုးအိုလည်း တအံ့တသြဖြင့် ကြည့်လိုက်၏။

အဘိုးအိုက ပြောလာလေ၏။

"သူဌေးလေး စီးမင်းချူးက သူ့အကြောင်း တိတိကျကျ ပြောပြနိုင်လိမ့်မယ်ကွယ့်"

လင်းလင်းက ...



"သူဌေးလေး စီးမင်းချူး ဟုတ်လား"

အဘိုးအိုက ...

"ဟုတ်တယ်"

"သူက ..."

"သူဌေးလေး စီးမင်းချူးဟာ အရိုင်မဲ့မားရဲ့ မိတ်ဆွေပဲပေါ့"

လင်းလင်းနှင့် ပီရှဲ့တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

ပီရှဲ့က ကြားဖြတ်မေးလိုက်သည်။

"စောစောက ဦးပဲ အရိုင်မဲ့မားအကြောင်း ကျွန်မတို့ကို ပြောပြခဲ့သေးတယ် မဟုတ်လား၊ ဦးပဲ ပြောပြလို့ မဖြစ်ဘူးလားရှင်"

အဘိုးအို ဝင့်သက်ရှိုက်လိုက်၏။

တို့နောက် ...

မချိုပြုံး ပြုံးလိုက်ရင်း ပြောသည်။

"ကျုပ်က သူများပြောသံ ကြားရသလောက် ပြန်ပြောရတာပါ"

"ဒါဆို အရိုင်မဲ့မားဟာ လူယုတ်မာတစ်ယောက်ဆိုတာ သူများ ပြောပြတာ ကြားခဲ့ရလို့ ကျွန်မတို့ကို ပြောပြခဲ့တာပေါ့ ဟုတ်လားရှင်"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူ့အကြောင်း မကောင်းသတင်း ကြားရတာချည်းပဲ၊ ဒါကြောင့် ကျုပ်က သူ့ကို လူယုတ်မာလို့ ပြောတာ တခြားသူတွေကလဲ ဒီလိုပဲ ပြောမှာ မိန်းကလေး"

လင်းလင်း သက်ပြင်းချလိုက်မိသည်။

အဘိုးအိုသည် အရိုင်မဲ့မားအကြောင်း တိတိကျကျ မသိဘဲ သူတစ်ပါး ပြောသံကြားဖြင့် လူယုတ်မာဟု ပြောပြခဲ့ခြင်း ဖြစ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို၏ စကားကို အတည်ယူကာ တောင်ပိုင်းဒေသသို့ ပြန်သွားလျှင် အမှားကြီး မှားတော့မည် ဖြစ်လေသည်။ လှင်းလင်းသည် ချို့ယွင်းချက်ကို ထောက်ပြခဲ့သည့် ပီရှုံကို ကျေးဇူးတင်မိ လိုက်၏။

"သူဌေးလေး စီးမင်ချူးဟာ အရိပ်မားအကြောင်း တိတိကျကျ ပြောပြနိုင်မယ်ဆိုတာ အမှန်ပဲလားရှင်"

အဘိုးအိုက...

"အမှန်ပါပဲ သူဟာ ကိုယ်တိုင် ကြုံခဲ့ရသူပါ"

လင်းလင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝ ပြုလိုက်၏။

"အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်ရှင်၊ သူဌေးလေး စီးမင်ချူး ဘယ်မှာနေတယ်ဆိုတာ ပြောပြပါဦးရှင်"

အဘိုးအိုက တိကျစွာ လမ်းညွှန်လိုက်၏။

"မြို့တောင်ဘက်ရောက်ရင် အနီရောင်ဆေး သုတ်ထားတဲ့ အဆောက်အအုံ တစ်ခုကို တွေ့ရလိမ့်မယ်၊ အဲဒါ သူဌေးလေး စီးမင်ချူးရဲ့အိမ်ပဲ၊ ဘယ်သူ့ကိုမေးမေး ရပါတယ် သူ့ကို တစ်မြို့လုံး သိကြပါတယ်"

လင်းလင်းက...

"ကျွန်မတို့ကို ခွင့်ပြုပါဦးရှင်"

ဟု နှုတ်ဆက်ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေတော့ သည်။

အဘိုးအိုက ရှင်းပြသည်။

"မိန်းကလေးတို့ တခြားလူတွေကို လိုက်မေးရင်လဲ ကျွန်ုပ် ပြောသလိုပဲ ပြောကြမှာပဲ၊ အရိပ်မဲ့မား ဘာကြောင့် လူယုတ်မာ ဖြစ်တယ်ဆိုတာ လူတိုင်း တိတိကျကျ သိတာ မဟုတ်ဘူး၊ သူဌေး



စီးမင်ချူးကသာ အသိဆုံးပါ ဒါကြောင့် သူ့ဆီ ညွှန်လိုက်ရတာပဲ ကွယ်"

လင်းလင်းနှင့် ပီရှုံတို့သည် အချိန်မဖြုန်းနိုင်သဖြင့် အဘိုးအို အား နှုတ်ဆက်ကာ ထွက်လာခဲ့ကြလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၉)

# သူဌေးကတော် အဖြစ်ဆိုး

မြို့တောင်ဘက်တွင် အနီရောင်ဆေးသုတ်ထားသည့် အဆောက်အအုံတစ်ခု ရှိသည်။

သူဌေးလေးစီးမင်ချူး ပိုင်ဆိုင်သော အဆောက်အအုံဖြစ်သည်။ လင်းလင်းနှင့် ပိရှဲတို့သည် သူဌေးလေး စီးမင်ချူး၏ အဆောက်အအုံ ရှေ့သို့ ရောက်ရှိသွားကြသည်။

လင်းလင်းသည် အရိပ်မဲ့ဓား၏ သတင်းကို တိတိကျကျ စုံစမ်းပြီးမှ တောင်ပိုင်းဒေသသို့ ပြန်သွားရန် ဆုံးဖြတ်ထားပြီးဖြစ်လေသည်။

သူမ၏ ဖခင်သည် တိတိကျကျ လုပ်ကိုင်တတ်သူ ဖြစ်သည်။

မကောင်းမှု မတရားမှုများကိုလည်း ရွံမုန်းတတ်သူ ဖြစ်သည်။

သူ့ဖခင်က အရိပ်မဲ့ဓားအား ကူညီမည်ဆိုလျှင်အရိပ်မဲ့ဓားသည် မည်သို့သော လူစားမျိုး ဖြစ်ပါစေ သူမ ကူညီရတော့မည် ဖြစ်ပါသည်။

လင်းလင်းသည် သူမ ကြားသိရသောသတင်း များပါစေ အရိပ်မဲ့ဓားသည် လူယုတ်မာ တစ်ယောက်မဖြစ်ပါစေနှင့်ဟု ဆုတောင်းနေရပြီ ဖြစ်ပါသည်။



သူတို့နှစ်ယောက် အနီရောင်ဆေး သုတ်ထားသော အဆောက်အအုံရှေ့သို့ ရောက်သွားသောအခါ အစောင့်များက ဟန့်တားလိုက်ကြသည်။

"ရပ်လိုက်"

လင်းလင်းနှင့် ပိရှဲတို့ ခြေလှမ်း ရပ်လိုက်ကြသည်။

အစောင့်တစ်ယောက်သည် လင်းလင်းတို့ရှေ့ကို ချက်ချင်းရောက်လာပြီး မေးမြန်းသည်။

"ဘာကိစ္စရှိလို့လဲ ပြောပါ"

အစောင့်လေသံ မာကျောနေသလို မျက်နှာလည်း တင်းမာနေလေသည်။

လင်းလင်းက သဘောမကျနိုင်အောင် ဖြစ်သွားသည်။

"ကိစ္စရှိလို့ လာပေါ့ရှင်"

ခပ်တည်တည် ပြန်ပြောလိုက်သည်။

အစောင့်က ထပ်မေးသည်။

"ဘာကိစ္စလဲ ပြောပါ"

လင်းလင်းက...

"သူဌေးလေးစီးမင်ချူးနဲ့ တွေ့ချင်လို့"

"သူဌေးလေးစီးမင်ချူး မရှိဘူး"

"ဘာရှင့်"

"သူဌေးလေးစီးမင်ချူး သိုင်းပြိုင်ပွဲသွားတယ်၊ ဆယ့်ငါးရက်လောက်မှ ပြန်ရောက်လာလိမ့်မယ်"

ထိုစကားကြားလျှင် လင်းလင်းနှင့် ပိရှဲတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

သူဌေးလေးစီးမင်ချူး ခရီးထွက်သွားသည်ဟု သိလိုက်ရသဖြင့် စိတ်ပျက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးလေးစိုးမင်းချူး ပြန်ရောက်လာသည်အထိ စောင့်ရမည်ဆိုလျှင် အချိန်ကုန်တော့မည် မဟုတ်ပါလား။

လွယ်လွယ်နှင့် ပြီးပြတ်သွားနိုင်ေ◌ကိစ္စသည် ခက်ခဲလာသဖြင့် ကျွဲမြီးတိုသွား၏။

ထို့ကြောင့်...

လင်းလင်းက မေးလိုက်၏။

သူဌေးလေးစိုးမင်းချူး မရှိရင် တခြားဘယ်သူမှကော မရှိကြတော့ဘူးလား"

အစောင့်က...

"သူဌေးကတော် ရှိပါတယ်"

စိတ်လိုလက်ရ ပြောလာသဖြင့် ယင်းတို့ စိတ်သက်သာရာရသွားကြသည်။

လင်းလင်း ခွင့်တောင်းလိုက်သည်။

"သူဌေးကတော်နဲ့ တွေ့ချင်ပါတယ်ရှင်"

အစောင့်က ပြောလာသည်။

"သခင်မ ဧည့်သည်ကို လက်ခံပြီးတွေ့မယ် မတွေ့ဘူးဆိုတာ မပြောနိုင်သေးဘူး၊ ဒါကြောင့် ခင်ဗျားတို့ ဘယ်သူဘယ်ဝါဆိုတာ ပြောပါ၊ သခင်မလေးကို ကျုပ် သွားပြောပေးပါ့မယ်"

လင်းလင်းက...

"ကျွန်မတို့ တောင်ပိုင်းဒေသက လာခဲ့ကြတာပါ၊ သူဌေးလေးစိုးမင်းချူးနဲ့ အရေးတကြီး တွေ့စရာကိစ္စရှိလို့ပါ၊ သူဌေးလေး စိုးမင်းချူးနဲ့ မတွေ့ရရင်တောင်မှ သူဌေးကတော်နဲ့ တွေ့ရရင် ဖြစ်ပါတယ်"

သူမက ဇွဲလည်ကြောင်ပတ် ပြောလိုက်သည်။

အစောင့် မျက်စိလည်သွားသည်။



"တောင်ပိုင်းဒေသက လာတာ ဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ အရေးကြီးလို့ပါ"

"ဟင်...ဒါဆို ခဏစောင့်ပါဦး၊ သခင်မလေးကို သွားပြောပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

အစောင့်သည် လင်းလင်းတို့အား ထားပစ်ခဲ့ကာ အဆောက်အအုံ အတွင်းသို့ ခပ်သွက်သွက် ဝင်သွားသည်။

လင်းလင်းနှင့် ပိရဲတို့ ရပ်စောင့်နေလိုက်ကြလေသည်။

အစောင့်သည် အဆောက်အအုံအတွင်းမှ ပြန်လည်ထွက်လာသည်။

သူ့မျက်နှာသည် ခုက်ထန်တင်းမာ မနေတော့ဘဲ ကြည်ကြည်လင်လင် ဖြစ်နေပါသည်။

လင်းလင်းတို့အား ပြုံးပြရင်း ပြောသည်။

"သခင်မက အထဲကိုကြွခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်"

လင်းလင်းနှင့် ပိရဲတို့သည် စဉ်းစားမနေတော့ဘဲ လိုက်သွားကြသည်။

အဆောက်အအုံအတွင်းသို့ ဝင်လိုက်မိလိုက်သည်နှင့် ဧည့်ခန်းကျယ်ကြီးက ဆီးကြိုနေသည်။

"ထိုင်ပါဗျာ"

အစောင့်က လင်းလင်းနှင့် ပိရဲတို့အား နေရာထိုင်ခင်း ပေးလိုက်သည်။

လင်းလင်းတို့ ထိုင်လိုက်ကြသည်။

မကြာမီ အတွင်းမှ အစိမ်းရောင် ပိုးသားအင်္ကျီ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက် ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးသည် အသက်သုံးဆယ်ကျော်ခန့် ရှိမည်ဖြစ်သည်။

လှပချောမောပြီး လှပတင့်တယ်စွာ ဖြီးလိမ်းပြင်ဆင်ထားသောသည်။

အလှအပကို ကြိုက်ပြီး မိမိကိုယ်ကို တသသ ဖြင်နေသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေ၏။

ထိုအမျိုးသမီးကို တွေ့မှ လင်းလင်းသည် ကိုယ့်ကိုယ်ကို ပြန်ကြည့်မိလေသည်။

သူမသည် ချည်ထည်အဝတ်အစားများကို ဖြစ်သလို ဝတ်ဆင်ထားသည်။

သူမ၏ ဆံပင်များ ပွယောင်းယောင်း ဖြစ်နေ၏။

အပျိုစင် မိန်းကလေးတစ်ယောက်သည် သူဌေးကတော် တစ်ယောက်နှင့် မယှဉ်နိုင်ဘဲ ဖြစ်နေသည် မဟုတ်ပါလား။

အမျိုးသမီးသည် လင်းလင်းတို့နှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်ပြီး သာယာနာပျော်ဖွယ် ကောင်းသော လေသံဖြင့် မေးလိုက်သည်။

"ညီမတို့က တောင်ပိုင်းဒေသက လာခဲ့ကြတာ ဟုတ်လား"

လင်းလင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

"ဘာကိစ္စ လာခဲ့ကြတယ်ဆိုတာ ပြောပြပါဦးကွယ်"

သူမသည် အလွန်ယဉ်ကျေးသိမ်မွေ့ပြီး အဆင့်အတန်းရှိသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

လင်းလင်းက ပြန်မေးလိုက်၏။

"မမဟာ သူဌေးကတော်လားဟင်"

အမျိုးသမီး ခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ်ကွယ်၊ မမနာမည် ပေ့ရှာလို့ခေါ်ပါတယ်ကွယ်"

လင်းလင်းက...

"ကျွန်မက လင်းလင်းပါ၊ တောင်ပိုင်းဒေသကပါ၊ ခုလို လာခဲ့ရတဲ့ ကိစ္စကတော့ မမရဲ့ ခင်ပွန်းသည်နဲ့ တွေ့ချင်လို့ပါ"

သူဌေးကတော် (ဝါ) ပေ့ရှာက...

"အစ်ကို မရှိဘူးကွယ်၊ ကျန်းနန်း သိုင်းပြိုင်ပွဲကို သွားနေတယ်၊ ညီမတို့က မမနဲ့တွေ့လဲ ဖြစ်တယ်ဆို"

"ဟုတ်ပါတယ် မမ၊ ကျွန်မတို့မေးစရာနည်းနည်းရှိလို့ပါ"

အမျိုးသမီး မျက်မှောင်ကုတ်သွားသည်။

"ဘာများလဲကွယ်"

လင်းလင်းက...

"အရိပ်မဲ့ဓားနဲ့ ပတ်သက်နေလို့ပါရှင်"

"အရိပ်မဲ့ဓား ..."

"ဟုတ်ပါတယ်"

အမျိုးသမီး ပျက်နှာပျက်သွားသည်။

လင်းလင်းတို့အား စိုက်ကြည့်လိုက်ပြီး...

"ညီမတို့က အရိပ်မဲ့ဓားနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

ဟု မေးလိုက်လေသည်။

လင်းလင်းက...

"ဘယ်လိုမှ မပတ်သက်ပါဘူး၊ သူ့အကြောင်းကို သိချင်လို့ပါရှင်"

ပေ့ဇာက...

"ညီမစကားက ဘယ်လိုလဲ၊ ပတ်လည်းမပတ်သက်ဘူး၊ သူ့အကြောင်းလဲ သိချင်တယ်ဆိုတော့ အဆန်းပါလားကွယ်"

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းက...

"ဒီလိုပါရှင်၊ အရိပ်မဲ့ဓားဟာ လူယုတ်မာတစ်ယောက်လို့ သိရပါတယ်၊ အဲဒါ ဘယ်လိုကြောင့် လူယုတ်မာအဖြစ် သတ်မှတ်ခဲ့ကြသလဲဆိုတာ သိချင်လို့ပါ"

"ဪ..."

ပေ့ဗှာသည် လင်းလင်းအား သေသေချာချာ အကဲခတ်ကြည့်ပြီး ပြောလိုက်လေ၏။

"ညီမဟာ သူနဲ့ပတ်သက်ပြီး အကြောင်းတစ်ခုခု ရှိလို့သာ ခုလိုသိချင်နေတာ ဖြစ်မယ်၊ မမပြောတာ မငြင်းပါနဲ့ကွယ်"

လင်းလင်း မငြင်းသာတော့သဖြင့် အမှန်အတိုင်း ပြောပြလိုက်ရလေသည်။

"ဟုတ်ပါတယ်ရှင်၊ အရိပ်မဲ့ဓားဟာ တစ်ချိန်က ကျွန်မ ဖေဖေကို ကူညီခဲ့ဖူးပါတယ်၊ အခု သူဒုက္ခရောက်နေတယ်လို့ ကြားသိရတာကြောင့် ဘယ်လိုဒုက္ခ ရောက်နေတာလဲ၊ ဘယ်လိုကူညီရင် ကောင်းမလဲလို့ ဖေဖေက သိချင်လို့ ကျွန်မကို စုံစမ်းခိုင်းတာပါ၊ ဒီရောက်မှ သူဟာ လူယုတ်မာ တစ်ယောက် ဖြစ်နေတယ်ဆိုတာ သိရလို့ပါရှင်"

ပေ့ဗှာက...

"ဪ...ညီမဖေဖေနဲ့ ပတ်သက်ခဲ့တာကိုး"

"ဟုတ်ပါတယ်ရှင"

ပေ့ဗှာက...

"ညီမရယ်၊ သူဟာ လူယုတ်မာ တစ်ယောက်မို့ လူယုတ်မာလို့ ပြောနေကြတာပေါ့ကွယ်၊ မဟုတ်ရင် ဘယ်ပြောကြမှာလဲ"

လင်းလင်းက...

"သူဌေးဓားစီးမင်းချူးက အရိပ်မဲ့ဓား ဘာကြောင့် လူယုတ်မာ



ဖြစ်တယ်ဆိုတာ သေသေချာချာ သိတယ်လို့ သတင်းရခဲ့ပါတယ်ရှင်"

ပေ့ဗှာက...

"ဒါပေါ့လေ၊ ချင်းကိုး လူယုတ်မာဆိုတာ မမတို့ကလွဲပြီး ဘယ်သူသိနိုင်ဦးမှာလဲ"

"ချင်းကိုး ဆိုတာက..."

"ညီမပြောတဲ့ အရိပ်မဲ့ဓားပေါ့"

"ဪ..."

ပေ့ဗှာ၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"အမှန်အတိုင်း ပြောရရင် အရိပ်မဲ့ဓားကို လူယုတ်မာလို့ ပြောရတာဟာ မမကို စော်ကားခဲ့လို့ပေါ့ကွယ်"

သူမက ထုတ်ဖော် မပြောချင်ဟန်ဖြင့် ပြောလေ၏။

"ရှင်..."

မမျှော်လင့်သော စကားကြားလျှင် လင်းလင်း ပါးစပ်အဟောင်းသား ဖြစ်သွားရတော့သည်။

ပေ့ဗှာသည် တည်ကြည်သော မျက်နှာထားဖြင့် ရှိနေပါသည်။

သူမကအား အရိပ်မဲ့ ချင်းကိုးက စော်ကားခဲ့ပါသည်ဟု ပြောနေသည်။

အစော်ကားခံရသော အမျိုးသမီးတစ်ယောက်သည် သူမ၏ အဖြစ်မှန်ကို ယခုတွေ့ရသူ တစ်ယောက်အား ဖွင့်ပြောသည်မှာ ခဲယဉ်းစရာ ကောင်းလှသည်။

ထိုကိစ္စသည် အလွန်ရှက်စရာ ကောင်းလှသည့်ကိစ္စ မဟုတ်ပါလား။

လင်းလင်းနှင့် ပိရှဲတို့သည် ပေ့ဗှာကို ငေးကြည့်ရင်း စိတ်ဝင်စားလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မပြောနိုင်ဘဲ ငူငူကြီး ဖြစ်နေကြသည်။

ပေ့ဗွာက ရှင်းပြသည်။

"တကယ်တော့ မမတို့ ဇနီးမောင်နှံဟာ သူ့ကိုလေးစားယုံကြည်မိခဲ့ကြတယ်၊ ဒါကြောင့် အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ကြရတာပဲကွယ်"

လင်းလင်း ငိုင်နေဆဲ...

ပိရှဲက တောင်းပန်လိုက်သည်။

"အရိပ်မဲ့ဓား ချင်းကိုးက ဘယ်လို ယုတ်မာခဲ့တယ်ဆိုတာ ပြောပြပါလားရှင်"

လင်းလင်းက နားရှက်စရာကောင်းသည်ဟု တွေးပြီး ဟန့်တားဖို့ ကြိုးစားလိုက်၏။

သို့သော် ချင်းကိုးအကြောင်း တိတိကျကျသိရမှ ဖြစ်မည်မို့ ဟန့်တားခြင်း မပြုဘဲ နေလိုက်မိသည်။

ပေ့ဗွာက မေးလေသည်။

"ညီမတို့ တကယ်ကို သိချင်လို့လား"

ပိရှဲက ပြောသည်။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ သိရမှ ဖြစ်မှာပါ"

ပေ့ဗွာက...

"ကောင်းပြီလေ မမ ပြောပြရမှာပေါ့ကွယ်"

သူမသည် ချင်းကိုးနှင့် ပတ်သက်နေခဲ့သည့် ကိစ္စများကို ပြောပြလိုက်တော့သည်။

❖ ❖ ❖

ချင်းကိုး...

အရိပ်မဲ့ဓား ချင်းကိုးသည် သိုင်းလောက၌ ပထမဓားသမား



အဖြစ် ခံယူကာ လျှမ်းလျှမ်းတောက် ကျော်ကြားနေသူ တစ်ယောက်ဖြစ်သည်။

ချင်းကိုးသည် သိုင်းလောက၌ ခြေသလုံးအိမ်တိုင် ကျင်လည်ကျက်စားနေခဲ့ရာမှ သူ၏ ဇာတိမြို့လေးသို့ ပြန်လာမည်ဟု သတင်းထွက်ပေါ်လာသည်။

ဤတွင် သူဌေးလေး စီးမင်ချူးသည် ချင်းကိုးကို ဂုဏ်ပြုဧည့်ခံပွဲ ကျင်းပရန် ကြိုတင်ပြင်ဆင်ခဲ့သည်။

သူဌေးလေးစီးမင်ချူးနှင့် ချင်းကိုးတို့သည် ငယ်သူငယ်ချင်းများ ဖြစ်ကြပါသည်။

ချင်းကိုး ဇာတိမြို့သို့ ရောက်သည်နှင့် သူဌေးလေး စီးမင်ချူး ထံသို့ အရင်ဆုံး ဝင်ရောက်လာခဲ့သည်။

သူဌေးလေး စီးမင်ချူးက လိုလေသေးမရှိအောင် ဧည့်ခံပြုစုသည်။

ကွဲကွာသွားသည်မှာ ကြာပြီးဖြစ်၍ သူငယ်ချင်းနှစ်ယောက်သည် ညည့်နက်သည်အထိ စကားလက်ဆုံ ကျခဲ့ကြသည်။

ချင်းကိုးသည် သူဌေးလေးစီးမင်ချူးတိုက်ကျွေးသော အကောင်း စား အရက်များကို တစ်ခွက်ပြီး တစ်ခွက် သောက်ကာ နောက်ဆုံး မဟန်နိုင်အောင် မူးယစ်သွား၏။

သူဌေးလေးစီးမင်ချူးက ချင်းကိုးအား သူ၏ စံအိမ်တော်၌ပင် သိပ်ခဲ့ရသည်။

ထိုအခါ...

❖ ❖ ❖

ညည့်နက်ပြီ ဖြစ်သည်။

ပေ့ဗွာသည် တဝါးဝါးသမ်းဝေကာ အိပ်ငိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ဟန်ပင်မဆောင်နိုင်တော့သဖြင့် စကားလက်ဆုံကျနေသည်။

သူဌေးလေး စိုးမင်းချူးနှင့် ချင်းကိုးတို့အား နှုတ်ဆက်ကာ သူ၏ အခန်းဆီသို့ ပြန်လာခဲ့သည်။

သူမ လှည့်ထွက်သောအခါ...

"သူငယ်ချင်း မင်းတော်တော် ကံကောင်းတာပဲ"

"ဘာဖြစ်လို့လဲကွ"

"အတော်ချောလှတဲ့ ဇနီးသည်တစ်ယောက် ရထားလို့ပေါ့ကွ"

"မင်းကလဲ ပြောရျောမယ်"

"ဟား...ဟား...ဟား"

"ဟား...ဟား...ဟား"

ချင်းကိုးနှင့် သူဌေးလေး စိုးမင်းချူး တစ်ယောက်ကို တစ်ယောက် ပြောဆိုကာ ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ပေ့ဂှာ ရှက်သွေး ဖြန်းသွားလေ၏။

သူမအားကြည့်ကာ စေဖန်ပြောဆို နေကြသည် မဟုတ်ပါလား။

သူတစ်ချက်ကြည့်ကာ ခပ်သွက်သွက် ထွက်လာခဲ့သည်။

သူမ၏အခန်း ပြန်ရောက်သောအခါ ခုတင်ပေါ် ပစ်လှဲချလိုက်သည်။

ချင်းကိုးကို ညှော်ခံဖို့ တစ်နေကုန် အပင်ပန်းခံကာ ပြင်ဆင်ခဲ့ရသည် မဟုတ်ပါလား။

သူဌေးလေးစိုးမင်းချူး ဂုဏ်ရှိစေရန်လည်း သူမကိုယ်သူမ အလှဆုံးဖြစ်အောင် ပြင်ဆင်ခဲ့သည်။

ထို့ကြောင့်...



ချင်းကိုး၏ မျက်လုံးများသည် သူမထံတွင် တစ်ချိန်လုံး တရစ်ဝဲဝဲ ရှိနေပေတော့သည်။

အရက်တစ်ခွက်ပြီး တစ်ခွက် သောက်ကာ မူးယစ်လာသောအခါ ချင်းကိုး၏ အကြည့်ပို၍ ရူးရူးရဲရဲ ဖြစ်လာသည်ဟုထင်မိသည်။

သူမအတွက်မူ သူဌေးလေးစိုးမင်းချူးသည် မင်းသားတစ်ပါးနှင့်တူပြီး ချင်းကိုးကို ကြမ်းတမ်းသည့် လူကြမ်းကြီးတစ်ယောက်နှင့် တူသည် ထင်မိလေသည်။

ပေ့ဂှာသည် ခုတင်ပေါ်လှဲကာ အိပ်စက်ရန် ကြိုးစားလိုက်သော်လည်း ဟိုတွေဒီတွေးကာ အိပ်မပျော်နိုင်အောင် ဖြစ်နေရသည်။

"အင်း...ခုတော့လဲ ငါအိပ်လို့ မရပါလား၊ ဧည့်သည်ကို ထားပြီး ထွက်လာခဲ့ရလို့ အစ်ကိုများ စိတ်ဆိုးနေမလားဘဲ"

သူမအား စိုးမင်းချူး စိတ်ဆိုးသွားမည်ကို တွေးမိလေ၏။

စိုးမင်းချူးသည် သူမအား လွန်စွာပင် ချစ်မြတ်နိုးသည်မဟုတ်ပါလား။

ထို့အတူ...

သူမကလည်း စိုးမင်းချူးမှလွဲပြီး ကျန်သည့်ယောက်ျားကို မှဲ့နှင့်ဆန်ကွဲပင်။

သူတို့သည် အလွန်ချစ်ခင် တွယ်တာကြသော ဇနီးမောင်နှံများဖြစ်ကြောင်း လူတိုင်း သိထားကြလေသည်။

ပေ့ဂှာ တွေးတောနေစဉ်မှာပင်...

"ကျွီ..."

အိပ်ခန်းတံခါး ပွင့်သွားသံကို ကြားလိုက်ရသည်။

စံအိမ်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေသည်။

ဧည့်ခံပွဲ ပြီးဆုံးသွားဟန် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်း၌ မီးအိမ် ထွန်းညှိထားခြင်း မရှိသဖြင့် အမှောင်ရိပ်များ ကျနေသည်။

မှန်ပြတင်းပေါက်မှ လရောင်တိုးဝင်နေ၍သာ အခန်းတွင်းသို့ လူတစ်ယောက် ဝင်လာသည်ကို မသဲမကွဲ တွေ့လိုက်ရခြင်း ဖြစ်သည်။

မေ့ဗွာ၏ စိတ်ထဲ၌…

"အစ်ကိုလာပြီ ထင်တယ်"

သူဌေးလေး စီးမင်းချူး အိပ်စက်အနားယူရန် အခန်းသို့ ပြန်လာခြင်း ဖြစ်သည် ထင်လိုက်မိ၏။

သို့သော်…

ချဉ်ရှူးစူး အရက်နံ့နှင့် ချွေးနံ့တထောင်းထောင်း ထနေသည်ကို ရှူရှိုက်လိုက်မိသဖြင့် ရင်ထိတ်သွားသည်။

စီးမင်းချူးသည် အရက်သောက်တတ်သူ မဟုတ်ချေ။

သူဌေးလေးစီးမင်းချူး တစ်ယောက်ဖြစ်၍ မလွှဲမရှောင်သာသဖြင့် သောက်လျှင်လည်း တစ်ခွက်နှစ်ခွက် မပိုချေ။

ယခု…

အရက်အလျှံအကျွံ သောက်ထားသူတစ်ယောက်၏ အရက်နံ့ တထောင်းထောင်း ထွက်ပေါ်နေရာ မေ့ဗွာ၏ စိတ်ထဲ သံသယဝင်လာပြီးလျှင်…

"အစ်ကို…"

ဟု ခေါ်လိုက်လေသည်။

အခန်းတွင်းသို့ ဝင်လာသူသည် ဒယီးဒယိုင် ဖြစ်နေပါသည်။

"အစ်ကို…"

မေ့ဗွာက ထပ်ခေါ်လိုက်၏။

သို့သော်…



ထိုလူက အသံမပြုဘဲ ရှေ့တိုးလာသည်။

မေ့ဗွာ ရင်ထိတ်သွားသည်။

"အစ်ကို ဘာယ်လို ဖြစ်လာတာလဲဟင်"

မေးရင်း လူးလိမ့်ထလိုက်လေသည်။

ထိုလူသည် မေ့ဗွာ အိပ်မပျော်သေးဘဲ ရှိနေသည်ကို တွေ့ရလျှင်…

"ညီမ…ညီမ အစ်ကိုပါ"

အထစ်ထစ် အငေါ့ငေါ့ ဗလုံးဗထွေး ပြောလာလေသည်။

အက်ကွဲ ခြောက်ကပ်နေသည်။

မေ့ဗွာသည် ထိုလူ၏အသံကို ကျက်မိသွားလေတော့သည်။

"ဟင်…ရှင်…ရှင် အရိုပ်မဲ့ခွား"

"ရှင်ရှင် ဘာလာလုပ်တာလဲ"

"မင်းဆီကို လာတာလေ"

"ဒါ…ဒါ ကျွန်မအိပ်ခန်းလေ"

"ဟဲ…ဟဲ ကျုပ်သိတာပေါ့"

"ရှင်သိရဝ် ဘာကြောင့် ဝင်လာတာလဲ၊ ဒါ မလာသင့်တဲ့နေရာဆိုတာ ရှင်မသိဘူးလား"

"ဟဲ…ဟဲ ကျုပ်မသိဘဲ နေပါ့မလား"

မေ့ဗွာသည် ချင်းကိုးမှာ မဖွယ်မရာ ကြံစည်နေပြီးဖြစ်ကြောင်း သဘောပေါက်သွားသည်။

"အစ်ကိုရေ…အစ်ကို"

ခင်ပွန်းသည် စီးမင်းချူးကို အော်ခေါ်လိုက်လေသည်။

သို့သော်…

စီးမင်းချူး ရောက်မလာပါချေ။

ချင်းကိုးက…

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ…ဟဲ…မင်းကြိုက်သလိုခေါ်၊ စီးမင်ချူးက လာနိုင်မှာ မဟုတ်ဘူးကွ"

"ဘာရှင့်"

"သူ့ကို ကျုပ်က သွေးကြော ပိတ်ထားခဲ့တယ်လေ"

"ရှင်…ရှင် ယုတ်မာလှချည်လား"

ပေ့ဗှာ ထိတ်လန့်သွားသည်။

ချင်းကိုးသည် ရှေ့သို့ တိုးလာသည်။

ပေ့ဗှာ မနေနိုင်တော့ပါ။

"အစ်ကိုရေ ကယ်ပါဦး"

ဟု အော်ဟစ် အကူအညီတောင်းကာ အခန်းတွင်းမှ ထွက်ပြေးသွားရန် ကြိုးစားလိုက်၏။

"မင်းပြေးလို့ လွတ်မလား"

ချင်းကိုး ခုန်အုပ်လိုက်သည်။

ပေ့ဗှာမှာ ပြေးမလွတ်တော့ချေ။

နှစ်ယောက်သား လုံးထွေးကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

ထို့နောက်တွင်…

❖ ❖ ❖

ပေ့ဗှာ၏ အသံ တုန်တုန်ယင်ယင် ဖြစ်နေသည်။

သူ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေသည်။

"မမက ဘယ်လိုပဲ ရှန်းကန်ပေမယ့် သူဟာ ထိုင်သိုင်းသမား တစ်ယောက် ဖြစ်နေတော့ မမ ဘာမှ မတတ်နိုင်ဘဲ အရှုံးပေးလိုက်ပါတယ်ကွယ်"

ပိရဲ၏ မျက်နှာ နီမြန်းနေသည်။



"တော်တော် ယုတ်မာတဲ့လူ"

သူမ မှတ်ချက်ချလိုက်သည်။

ပေ့ဗှာက…

"သူ့လောက် ယုတ်မာတဲ့လူ လောကပေါ်မှာ ရှိတော့မှာ မဟုတ်ပါဘူးကွယ်"

လင်းလင်း မေးလိုက်သည်။

"ဒါထက် မမရဲ့ခင်ပွန်းက ဘာမှ မပြောဘူးလားဟင်"

ထိုကိစ္စမျိုးသည် ပြီးပြီးရော ထား၍ ရမည့်ကိစ္စ မဟုတ်ပါလား။

"မမရဲ့ခင်ပွန်းဟာ ဒီကိစ္စကို သိသွားတဲ့အခါ အတော်ကို စိတ်ထိခိုက်သွားတာပေါ့၊ ဒါပေမယ့် အရိပ်မဲ့ဓားကို မယှဉ်နိုင်ဘူးလေ၊ ထိပ်တိုက်ရင်ဆိုင်လိုက်ရင် အသက်အန္တရာယ်တွေ ထိခိုက်ကုန်မယ်၊ ပြီးတော့ မမ ဒုက္ခရောက်မှာလဲ သူ မကြည့်ရက်ဘူး၊ ဒါနဲ့ပဲ ငြိမ်နေလိုက်ရတာ"

"သြော်…"

"မမက ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ အကြိမ်ကြိမ် စဉ်းစားခဲ့ပါတယ်၊ ဒါပေမယ့် အစ်ကို စီးမင်ချူး တားမြစ်ထားခဲ့လို့ မကြိုးစားနိုင်ခဲ့ပါဘူး"

သူမပြောသည့်အတိုင်းဆိုလျှင် စီးမင်ချူးသည် အလွန်ချီးကျူးစရာ ကောင်းသူ ဖြစ်နေပါတော့သည်။

ပေ့ဗှာက နောက်ဆုံး ပြောပြသည်။

"အရိပ်မဲ့ဓား မနက်မိုးလင်းလို့ အရက်မူးပြေတော့ အိမ်ပြန်သွားတယ်၊ အဲဒီနောက်တော့ နေ့ရောညပါ အရက်ချည်းပဲ သောက်နေတော့တာပဲ၊ အရက်မူးလာရင် သူဟာ မမကို ဘယ်လောက် စွဲလန်းတဲ့အကြောင်း တစ်နေ့ အစ်ကို စီးမင်ချူးကို သတ်ပစ်ပြီး

www.burmeseclassic.com



မမကို အရယူမယ်ဆိုတဲ့အကြောင်း တောင်စဉ်ရေမရ ပြောပြောနေတတ်တယ်၊ နောက်ဆုံး အရက်သမားကြီးလုံးလုံး ဖြစ်သွားပြီးဟိုတစ်လောကပဲ ရှိသမျှ ပစ္စည်းတွေအားလုံး ရောင်းချပြီး ခြေဦးတည့်ရာ ထွက်သွားတာ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းတောင် မသိတော့ပါဘူးကွယ်"

လင်းလင်း သက်ပြင်းချလိုက်၏။

ချင်းကိုးအကြောင်း ကြားရသည့်သတင်းကား စိတ်မကောင်းစရာ ကောင်းလှသည် မဟုတ်ပါလား။

ပေ့ဗ္ဗာက မေးလိုက်၏။

"ကဲ...ညီမတို့ ဘာများ သိချင်သေးလဲ၊ မေးနိုင်ပါတယ်ကွယ်"

လင်းလင်း သတိဝင်လာသည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ မေးစရာ မရှိတော့ပါဘူး"

ပေ့ဗ္ဗာက...

"အင်း...ညီမတို့ကို မမတို့ရဲ့ နောက်ဆုံး အခြေအနေပြောပြရဦးမယ်"

"ဟုတ်ကဲ့ မမ"

ပေ့ဗ္ဗာက...

"အစ်ကို စီးမင်းချူးက ချင်းကိုးကို မခံချင်တာနဲ့ ဓားပညာကိုကြိုးစားလေ့ကျင့်ခဲ့တယ်လေ၊ ခုဆိုရင် အစ်ကိုရဲ့ ဓားပညာဟာအတော်ကို တိုးတက်လာပြီ၊ ကျန်းနန်းယှဉ်ပြိုင်ပွဲမှာ သွားပြိုင်လို့ပထမရတာနဲ့ ချင်းကိုးကို လိုက်ရှာပြီး စိန်ခေါ်လိမ့်မယ်"

ပိရှဲက ဝင်ရောက်ထောက်ခံလိုက်လေ၏။

"လူယုတ်မာ ချင်းကိုးကို သတ်ပစ်လိုက်တာပဲ ကောင်းပါတယ်"

ပေ့ဗ္ဗာက ပြောသည်။



"မပူပါနဲ့ညီမလေး၊ လူယုတ်မာ ချင်းကိုးကို ကျိန်းသေ သုတ်သင် ရှင်းလင်းပစ်နိုင်မှာပါ"

လင်းလင်းမှ ထိုင်ရာမှ ထလိုက်ပြီး ခွင့်ပန်လေ၏။

"ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦးရှင်"

ပေ့ဗ္ဗာက...

"ကောင်းပြီ...ကောင်းပြီ..."

သူမသည် အဆောက်အအုံရှေ့သို့တိုင် လိုက်လံ ပို့ဆောင်ပေးသည်။

လင်းလင်းတို့ နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၀)

# စုံစမ်းခြင်း

သူဌေးလေးစိုးမင်းချူး၏ အဆောက်အအုံသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်ပါသည်။

လင်းလင်းနှင့် ပိရှုတို့ ကျောခိုင်းပြီး ထွက်လာခဲ့ကြလေသည်။

အတော်ဝေးဝေးသို့ ရောက်တော့မှ ပိရှုက ပြောလိုက်သည်။

"သခင်မလေး ကျွန်မတို့ တောင်ပိုင်းဒေသကို ပြန်ကြမယ်နော်"

လင်းလင်း မျက်မှောင်ကုတ်သွားသည်။

"တောင်ပိုင်းဒေသကို ပြန်မယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ပြန်လို့ဖြစ်ပြီလို့ ညည်းယူဆတာလား"

ပိရှုက...

"အော်...သခင်မလေးရယ်၊ ချင်းကိုး အကြောင်း ဒီလောက်တောင် သိနေရပြီပဲ၊ ရှေ့ဆက်စုံးစမ်းလို့ကော ဘာများထူးမှာလဲ ဒီလူယုတ်မာအကြောင်း မကြားချင်တော့ပါဘူး၊ မြန်မြန် ပြန်ကြတာ အကောင်းဆုံးပဲ"

လင်းလင်း ပြုံးလိုက်သည်။



"သူများ ပြောသံကြားရုံနဲ့ ဆုံးဖြတ်လို့ ဘယ်ဖြစ်တော့မလဲ ပိရှုရဲ့"

"ရှင်..."

ပိရှု အံ့သြသွားသည်။

လင်းလင်းကို မယုံကြည်နိုင်စွာ ကြည့်လိုက်သည်။

လင်းလင်းက...

"ညည်းပဲပြောတယ် မဟုတ်လား၊ သူများပြောသံကြားတာနဲ့ မယုံရဘူးဆိုတာလေ"

ပိရှုက...

"သခင်မလေး၊ ခုဟာက ကာယကံရှင်ကိုယ်တိုင် ပြောနေတာ"

"သူပြောတဲ့စကာကို ညည်းက ယုံတယ်ပေါ့ ဟုတ်လား"

"မယုံရင် ရမလား သခင်မလေးရဲ့"

"သူက လိမ်ပြောတယ် ဆိုရင်ကော..."

"ရှင်..."

ပိရှု ပါးစပ်အဟောင်းသား ဖြစ်သွားပြန်လေသည်။

လင်းလင်းကို တအံ့တသြ ကြည့်လိုက်လေသည်။

လင်းလင်းက...

"ပြောစမ်းပါဦး၊ သူက လိမ်ပြောတယ်ဆိုရင်ကော"

ပိရှုက အနိုင်အမှာ ပြောသည်။

"လိမ်ပြောတယ်လို့ ကျွန်မ မထင်ဘူး"

လင်းလင်း ရယ်မောလိုက်လေသည်။

"မင်းက ယုံတယ်ပေါ့လေ"

"ကျွန်မ..."

"ပိရှု စောစောကတော့ ငါ့ကို စဉ်းစားခိုင်းရတော့မလို ဖြစ်နေပြီ ပိရှု ခုတော့ ငါက ညည်းကို ပြန်ပြီး စဉ်းစားခိုင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



ပိရှဲက ဘာမှမပြောဘဲ နေလိုက်သည်။

လင်းလင်းက...

"ကဲ...လာ တို့တစ်နေရာရာသွားပြီး အေးအေးဆေးဆေး စကားပြောကြတာပေါ့"

"ကောင်းပါပြီ သခင်လေး"

သူတို့နှစ်ယောက်သည် ခပ်သွက်သွက် ထွက်သွားကြလေတော့သည်။

မြို့စွန်တွင် ဘုံကျောင်းလေးတစ်ခု ရှိသည်။

လင်းလင်းနှင့် ပိရှဲတို့သည် ထိုဘုံကျောင်းလေးသို့ ရောက်လာကြသည်။

ဘုံကျောင်းတွင် လာရောက်ဝတ်ပြုသူ မရှိဘဲ ရှင်းနေ၏။

ဘုံကျောင်းအစောင့် ဖြစ်ဟန်ရှိသူက အမှိုက်သရိုက်များကို တံမြက်လှည်းကျင်းနေသည်။

လင်းလင်းသည် ထိုဘုံကျောင်းလေးကို သဘောကျသွားပြီး...

"လာ...ဟိုဘုံကျောင်းမှာသွားပြီး စကားပြောကြမယ်"

ပိရှဲကို ခေါ်သွားသည်။

သူတို့နှစ်ယောက် ဘုံကျောင်းလေးကို သဘောကျသွားပြီး...

"လာ...ဟိုဘုံကျောင်းမှာ သွားပြီး စကားပြောကြမယ်"

ပိရှဲကို ခေါ်သွားသည်။

သူတို့နှစ်ယောက် ဘုံကျောင်းလေး၏ ကျောက်လှေကားထစ်များပေါ်တွင် ထိုင်ချလိုက်ကြသည်။

ပိရှဲသည် ရင်ထဲ၌ မေးခွန်းများ ပြည့်နှက်နေ၏။

လင်းလင်း၏ အသွင်သည် အပြောင်းလဲကြီး ပြောင်းလဲနေမည် မဟုတ်ပါလား။

အကြောင်းတစ်ခုခု ရှိနေရမည်ဟု သူမ ခန့်မှန်းလိုက်မိသည်။



လင်းလင်းသည် သိုင်းပညာတော်သည့်အပြင် အလွန်သဘောကောင်းသူဖြစ်ကြောင်း ပိရှဲကောင်းစွာ သိထားသည်။

နှစ်ယောက်သား ထိုင်ချလိုက်ပြီးသောအခါ...

"သခင်မလေး တွေးမိထားတာ တစ်ခုခုရှိနေပြီ မဟုတ်လား"

ပိရှဲ မအောင့်အည်းနိုင်တော့ဘဲ မေးလိုက်သည်။

လင်းလင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"ကျွန်မကိုလဲ ပြောပြဦးမှပေါ့ သခင်မလေးရဲ့"

လင်းလင်းက...

"ညည်းကို ပြောပြချင်လို့ ခေါ်လာခဲ့တာပေါ့"

ပိရှဲ ခေါင်းညိတ်လိုက်သည်။

လင်းလင်းက...

"ကဲ...ငါတို့ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကို ပြန်ပြီးစဉ်းစားကြည့်ရအောင်"

"ဟုတ်ကဲ့ ပြောပါ သခင်မလေး"

လင်းလင်းက တည်ကြည်သော မျက်နှာထားဖြင့်...

"ငါတို့က အရိပ်မဲ့ဓား အခက်အခဲ ကြုံတွေ့နေရတယ်၊ သူ့ကို ကူညီဖို့ နည်းလမ်းရှာမယ်ဆိုပြီး တောင်ပိုင်းဒေသက လာခဲ့ကြတာ မဟုတ်လား"

"ဟုတ်ပါတယ် သခင်မလေး"

"ပြည်မကိုရောက်တော့ အရိပ်မဲ့ဟာ လူယုတ်မာတစ်ယောက်ဖြစ်နေတယ်လို့ သိခဲ့ရတယ်"

ပိရှဲက ခေါင်းညိတ်သည်။

"သူ့ဓြေးကတော့ ကိုယ်တိုင် ပြောပြလိုက်တာပဲ၊ ဒီအကြောင်းကို သခင်ကြီးသိရင် အတော်ကို စက်ဆုတ်ရွံရှာသွားမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်း ပြုံးလိုက်သည်။

"အရိပ်မဲ့ဓားဟာ လူယုတ်မာတစ်ယောက် ဖြစ်တယ်ဆိုတာ နားမဆံ့အောင် ကြားခဲ့ရပြီးပြီ၊ ဒါပေမယ့် ကိုယ်တိုင်ကြုံရတာ မဟုတ်ဘူး၊ သူများပြောတာ ကြားခဲ့ရတာနော်"

ပိရှဲ ပခုံးတွန့်လိုက်သည်။

"အမယ်လေး သခင်မလေးရယ်၊ ကိုယ်တိုင်တော့ မကြုံပါရစေနဲ့"

လင်းလင်းက တည်ကြည်သော မျက်နှာထားဖြင့်...

"ကိုယ်တိုင်ကြုံရင်လဲ ဒီလိုဖြစ်မှာ မဟုတ်ပါဘူး"

"ရှင်..."

"ငါက သူဌေးကတော် ပြောတဲ့စကားကို မယုံဘူး"

"ရှင်..."

ပိရှဲ တအံ့တဩ ဖြစ်နေပါတော့သည်။

လင်းလင်းကို မယုံကြည်နိုင်စွာ ကြည့်လိုက်မိသည်။

လင်းလင်းက ဆက်ပြောလိုက်၏။

"ပိရှဲ ညည်းစဉ်းစားကြည့်စမ်း၊ သူဌေးကတော် ကြုံတွေ့ခဲ့ရတာ ကိစ္စဟာ မိန်းကလေးတွေအတွက် အတော့်ကို ရှက်စရာကောင်းတဲ့ ကိစ္စ မဟုတ်လား"

"ဟုတ်ပါတယ် သခင်မလေး"

ပိရှဲသည် သူဌေးကတော် ပြောပြသည့် စကားများကို ပြန်လည်ကြားယောင်ကာ မျက်နှာလေး နီရဲသွားလေတော့သည်။

လင်းလင်းက တည်ကြည်သော မျက်နှာထားဖြင့် ရှိနေပါသည်။

"သူဌေးကတော် ကြုံတွေ့ခဲ့ရသလို တခြား မိန်းကလေး တစ်ယောက်သာ ကြုံတွေ့မိရင် ရှက်လွန်းလို့ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်မှာ သေချာတယ်"



ပိရှဲက ထောက်ခံလိုက်သည်။

"မှန်ပါတယ် သခင်မလေး"

လင်းလင်းက...

"အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်ကိုယ်ကို အဆုံးမစီရင်ခဲ့ဘဲ ဆက်ပြီး အသက်ရှင် နေရဦးမယ်ဆိုရင်လဲ ဒီအမည်းစက်ကြီးက တစ်သက်လုံး ထင်ကျန်နေမှာပဲ"

"ဒါပေါ့ သခင်မလေးရယ်၊ အသက်ရှင်လျက် သေနေတဲ့ သူတစ်ယောက် ဘဝမျိုး ဖြစ်သွားမှာပေါ့"

ပိရှဲ၏ စကားကြောင့် လင်းလင်း ပြုံးလိုက်သည်။

"သူဌေးကတော်က ညည်းပြောသလို မဟုတ်လား"

"ရှင်..."

ပိရှဲ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

လင်းလင်းက...

"သူဌေးကတော်ရဲ့ ပုံသဏ္ဌာန်ကို ညည်းပြန်ပြီး စဉ်းစားကြည့်စမ်းပါဦး"

ပိရှဲ၏ မျက်လုံးထဲ၌ မြို့စားကတော်သည် ပွဲနေပွဲထိုင်သွားမည့် အလား ဖြီးလိမ်းပြင်ဆင်ကာ ဝတ်ဆင်ထားသည်ကို ပြန်လည်မြင်ယောင်လာသည်။ အလွန်လှပသည့် အမျိုးသမီးလည်း ဖြစ်သည်။

သူမသည် စွန်းထင်းခဲ့သော အမည်းစက်ကြောင့် ဝမ်းနည်းကြေကွဲနေပုံလည်း မရှိချေ။

ပိရှဲ မျက်မှောင်ကုတ်သွားသည်။

လင်းလင်းက...

"ပြီးတော့ ရှက်စရာကောင်းလှတဲ့ ကိစ္စကို သူက ထမင်းစားရေသောက် သဘောထားပြီး ပြောပြနိုင်တယ်၊ တကယ်ဆိုရင် ရင်းနှီးတဲ့ လူတစ်ယောက်ကိုတောင် ဖွင့်ပြောဖို့ မလွယ်တဲ့ ကိစ္စပဲ၊

www.burmeseclassic.com

www.burmeseclassic.com



သူက တို့ကို ခုမှတွေ့ရတဲ့ မျက်နှာစိမ်းတွေကို မြိန်ရှည်ယှက်ရှည် ပြောပြနေနိုင်တာ အံ့ဩစရာ မကောင်းဘူးလားဟင်"

ပိရှိက ခဏချ စဉ်းစားပြီး ထောက်ခံလိုက်လေ၏။

"သခင်မပြောတာ မှန်ပါတယ်"

လင်းလင်းက ဆက်ပြောသည်။

"အားရပါးရပြော နောက်ဆုံးမှ မျက်ရည်ကျလာတာကိုလဲ ကြည့်ဦး၊ သူဟန်ဆောင်နေတယ်ဆိုတာ သိပ်ထင်ရှားမနေဘူးလား"

ပိရှိက...

"သခင်မလေး ပြောပြမှပဲ ကျွန်မ သတိပြုမိတော့တယ်"

သူဌေးကတော် ပေ့ဂှာ၏ စကားကို ယုံကြည်၍ မဖြစ်မှန်း သဘောပေါက်လာလေတော့သည်။

လင်းလင်းက...

"နောက်ထပ် ရှိသေးတယ် သူဌေးလေးပဲ"

ဟု ပြောလေသည်။

ပိရှိက...

"သခင်လေးက ဘာဖြစ်လို့လဲ သခင်မလေး"

ဟု မေးလေသည်။

လင်းလင်းက...

"ယောကျ်ားတွေဟာ တခြားကိစ္စတွေကို ခွင့်လွှတ်ကောင်း ခွင့်လွှတ်လိမ့်မယ်၊ ဒီလို ကိစ္စမျိုးကိုတော့ ခွင့်လွှတ်ဖို့ ခဲယဉ်းလိမ့်မယ်လို့ ငါထင်တယ်"

ပိရှိ ဘာမှမပြောဘဲ နေလိုက်သည်။

လင်းလင်းက...

"ခုတော့ သူဌေးကတော်တို့ဟာ ဘာမှ မဖြစ်သလို ရှိနေကြတယ်၊ သိပ်ကို ထူးဆန်းတယ်၊ အဆိုးဆုံးက မဖွယ်မရာကိစ္စ ဖြစ်သွား



ပေမယ့် အရိုပ်မဲ့တားဟာ အဆေးကို ထွက်မသွားဘဲ ဒီမြို့မှာ ဆက်ပြီး နေခဲ့တယ်ဆိုတာပဲ"

ပိရှိ တဖြည်းဖြည်း နားလည်သဘောပေါက်လာသည်။

"သခင်မလေး ပြောတာမှန်တယ်၊ သူဌေးကတော်တို့ ဘာမှ မဖြစ်ကြဘူး ဆိုရင်တောင် သူ့ဘက်က တစ်ခုခု ဖြစ်သင့်တာပေါ့"

မှန်ပေသည်။

အရိုပ်မဲ့တားသည် အရှက်အကြောက် ရှိသူဆိုလျှင် အရက်မူး၍ သူကျူးလွန်ခဲ့သည့် အဖြစ်အပျက်အတွက် ယူကျုံးမရ ရှိနေရမည်သာ ဖြစ်သည်။

သို့မဟုတ်ဘဲ...

ပေ့ဂှာပြောသလို သူမအား စွဲလန်းစိတ်ဖြင့် အရက်သောက်နေသည် ဆိုပါလျှင်လည်း သဘာဝမကျသေးပေ။

အရိုပ်မဲ့တားသည် သခင်မလေးကို ဂရုမစိုက်ဘဲ လုပ်ချင်ရာ လုပ်ခဲ့သူ ဖြစ်ပေသည်။

ထို့ကြောင့်...

အရှုံးအမှူး စွဲလန်းနေမှ အရက်သမားဘဝဖြင့် ကိုယ့်ကိုယ်ကို ဖျက်ဆီးကာ အချိန်ဖြုန်းနေမည် မဟုတ်ဘဲ သခင်မလေးရှေ့မှာပင် ပေ့ဂှာကို လာရောက်ခေါ်ဆောင် သွားမည့်သူ ဖြစ်ပေသည်။

လင်းလင်းက တစ်ထစ်ချ ပြောလိုက်လေ၏။

"အရိုပ်မဲ့တားဟာ သခင်မလေးကို အရှုံးအမှူး စွဲလန်းစိတ်နဲ့ အရက်သောက်ပြီး ကိုယ့်ကိုယ်ကို ဖျက်ဆီးပစ်တယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ပိရှိက...

"ကျွန်မ သဘောပေါက်ပါပြီ သခင်မလေး၊ သခင်မက ဘာကြောင့် ခုလို ပြောတာလဲ မသိဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"သူလိမ်ပြောတာ ဘာကြောင့်လဲဆိုတာ ရှင်းနေတာပဲ၊ အရိပ်မဲ့ဓားကို အရှက်တကွဲ အကျိုးနည်း ဖြစ်စေချင်လို့ပေါ့"

"တော်တော် အကြံကြီးတာပဲ"

အရိပ်မဲ့ဓားကို သူတို့ ဓနီးမောင်နှံ နှစ်ယောက်ပေါင်းပြီး ဒုက္ခပေးခဲ့ကြတာပဲ ဖြစ်မယ်. ဒါကြောင့် အရိပ်မဲ့ဓားဟာ အရက်သမား တစ်ယောက်လုံးလုံး ဖြစ်သွားတာပေါ့"

"သူဟာ သူ့ဒွေးကတော်ကို နိုင်ကွက်ကိုင်ထားတာကြောင့် စိတ်ပျက်ပြီး ကိုယ့်ကိုယ်ကို ဖျက်ဆီးလိုက်တာလို့ သခင်မလေး ယုံကြည်တယ် ဟုတ်လား"

လင်းလင်း ခေါင်းညိတ်လိုက်သည်။

"ဒီလိုပဲ ဖြစ်လိမ့်မယ်၊ အရိပ်မဲ့ဓားဟာ မရှုနိုင် မကယ်နိုင် ဖြစ်ပြီး အမျက်ချည်း ဖိသောက်နေတာပဲ ဖြစ်မယ်"

"နိုင်ကွက်က ဘာလဲဟင်"

ပိရှဲက မေးလေသည်။

လင်းလင်းက...

"ငါလဲ စဉ်းစားလို့ မရသေးဘူး၊ ဒါပေမယ့် မပူပါနဲ့လေ အရိပ်မဲ့ဓားနှင့် တွေ့ရင် ရှင်းသွားမှာပါ"

"ဟင်..."

ပိရှဲ မျက်လုံး ပြူးသွားသည်။

လင်းလင်းကို စေ့စေ့ကြည့်ရင်း မေးလိုက်သည်။

"သခင်မလေးက အရိပ်မဲ့ဓားကို လိုက်ရှာမယ် ဟုတ်လား"

လင်းလင်းက...

"ဟုတ်တယ်၊ သူနဲ့တွေ့ပြီး သူ ဘာပြောမလဲဆိုတာ ငါ နားထောင်ချင်သေးတယ်၊ အဲဒီတော့ ဒီကိစ္စကြီး ရှင်းသွားမယ်လို့ ငါယုံတယ်"



ပိရှဲက...

"အရိပ်မဲ့ဓားဟာ ခြေဦးတည့်ရာ ထွက်သွားပြီဆိုတာ သခင်မလေး ဘယ်လိုလုပ်မလဲ"

လင်းလင်းက တည်ကြည်သော မျက်နှာထားဖြင့် ပြောသည်။

"မတွေ့တွေ့အောင် လိုက်ရှာရမှာပေါ့"

ပိရှဲက...

"ဒါဆို တောင်ပိုင်းဒေသကို ပြန်ဖို့ မဖြစ်နိုင်တော့ဘူးပေါ့"

"အေးပေါ့"

ပိရှဲ သက်ပြင်းချလိုက်သည်။

"ကောင်းပါတယ်လေ၊ သခင်မလေး ဒီလို တိတိကျကျ စုံစမ်းမှလဲ သခင်ကြီး ကျေနပ်မှာပေါ့၊ အခု သခင်မလေး ဘယ်သွားမလို့ စိတ်ကူးသလဲ"

လင်းလင်းက...

"အရက်ဆိုင်ကို သွားမယ်"

"ရှင်..."

ပိရှဲ အံ့ဩသွားသည်။

လင်းလင်းကို မယုံကြည်နိုင်စွာ ကြည့်လိုက်မိပြန်သည်။

"အရက်ဆိုင်ကို သွားမယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘာဆိုင်လို့လဲ သခင်မလေးရဲ့"

လင်းလင်း ပြုံးလိုက်သည်။

"ဆိုင်တာပေါ့၊ အရိပ်မဲ့ဓားဟာ အရက်သမားကြီးလုံးလုံး ဖြစ်ခဲ့သေးတယ် မဟုတ်လား"

"ဪ..."

ပိရှဲ သဘောပေါက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းက...

"တစ်မြို့လုံး အရိပ်မဲ့ဓား လူယုတ်မာလို့ ပြောနေတာ သခင်မ ရဲ့ လက်ချက်ပဲ ဖြစ်လိမ့်မယ်၊ တကယ်ဆို ဒီကိစ္စဟာ လူ မသိအောင် ဖုံးကွယ်ထားရမယ့်ကိစ္စ မဟုတ်လား၊ အခုတော့ ဒီကိစ္စဟာ..."

ပီရှဲက မေးသည်။

"သခင်မလေးပြောတာ မှန်ပါတယ်၊ ကျွန်မတို့ ဘယ်အရက် ဆိုင်ကို သွားမလဲ"

လင်းလင်းက...

"အရိပ်မဲ့ဓား ဘယ်အရက်ဆိုင်ကို သွားတတ်သလဲဆိုတာ အရင်ဆုံး စုံစမ်းကြသေးတာပေါ့"

သူတို့နှစ်ယောက်သည် ထိုင်ရာမှထကာ အရိပ်မဲ့ဓား ကျက် စားခဲ့သည့် အရက်ဆိုင်ကို လိုက်လံစုံစမ်းလေတော့သည်။

သူတို့ ဤသို့ စိတ်လွတ်ကိုယ်လွတ် စုံစမ်းနိုင်ခြင်းမှာ စီးမင် ချူး ရှိမနေ၍ ဖြစ်သည်။ စီးမင်ချူးသည် အရာရာကို သံသယ ဖြစ် တတ်သူဖြစ်၍ သူတို့လာစုံစမ်းသည်နှင့် သူတို့နောက်သို့ ခြေရာခံ လိုက်မည်သာ ဖြစ်သည်။

မကြာမီ...

အရိပ်မဲ့ဓား ကျက်စားခဲ့သည့် အရက်ဆိုင်လေးအကြောင်း သိလိုက်ရလေတော့သည်။

လင်းလင်းတို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြလေ တော့သည်။

အရက်ဆိုင်ထဲ၌ လူရှင်းနေ၏။

ဆိုင်ပေါက်ဝမှ အစောင့်လူသန်ကြီးသည် လင်းလင်းတို့အား တားဆီးရမလား ဝင်ခွင့်ပြုရမလား တွေးတောစဉ်းစားနေစဉ်မှာပင် လင်းလင်းတို့ ဆိုင်ထဲဝင်ရောက် သွားခဲ့ကြလေသည်။



မိန်းကလေးနှစ်ယောက် ရောက်လာသဖြင့် ဆိုင်ရှင်ကိုယ်တိုင် ထွက်၍ ဧည့်ခံရတော့သည်။

"မိန်းကလေး ကျုပ်ဆိုင်မှာ အရက်နဲ့အမြည်းတချို့ပဲ ရနိုင် တယ်၊ အခြားစားသောက်ဆိုင် တစ်ဆိုင်ဆိုင်..."

အားတုံ့အားနာ ပြောလိုက်သော စကားမဆုံးမီ လင်းလင်းက ကြားဖြတ်ပြောလိုက်သည်။

"ကျွန်မတို့က ဒီဆိုင်ကိုပဲ လာခဲ့ကြတာပါရှင်"

"ကျုပ်ဆိုင်ကို..."

"ဟုတ်ပါတယ်"

"ဒါဖြင့် အရက်သောက်ဖို့"

"အရက်သောက်ဖို့ မဟုတ်ပါဘူး၊ လူတစ်ယောက်အကြောင်း စုံစမ်းချင်လို့ပါ"

ဆိုင်ရှင် မျက်မှောင်ကုတ်သွားသည်။

"ဘယ်သူ့အကြောင်း သိချင်လို့လဲကွယ်"

"အရိပ်မဲ့ဓား အကြောင်းပါ"

"သြော်...အရက်မရှိတဲ့လူကို ပြောတာကိုး"

"ရှင်..."

လင်းလင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဆိုင်ရှင်က...

"အရိပ်မဲ့ဓားကို ကျုပ်တို့အားလုံးက အရက်မရှိတဲ့လူလို့ပဲ ခေါ်ကြတာပါ"

လင်းလင်း စိတ်မကောင်း ဖြစ်သွား၏။

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည့် သိုင်း သမားတစ်ယောက်သည် ယခုတော့ လူမလေး ခွေးမခန့် ဖြစ်နေပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နည်းနှင့်မျှ ထိုသို့မဖြစ်သင့်ဟုလည်း ယုံကြည်သည်။

ဆိုင်ရှင်က...

"အရက်မရှိတဲ့လူ မိုးလင်းမိုးချုပ် တစ်နေကုန် အရက်သောက်တာကွယ်၊ အရက်ကြောင့် ရှိသမျှပစ္စည်းတွေလဲကုန်ပြီ၊ နောက်ဆုံး နေစရာမရှိတော့လို့ ထွက်သွားတာ"

လင်းလင်းက...

"သူ့အကြောင်း ပြောပြပါလားရှင်"

"ကျုပ် အခု ပြောပြနေတာပဲ မဟုတ်လား"

"ကျွန်မက ခုထက် ပိုပြီး တိတိကျကျ သိချင်လို့ပါ"

ဆိုင်ရှင်က...

"ဘယ်လို သိချင်တာလဲ ပြောပါဦး"

"အရိပ်မဲ့တားဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တဲ့ သိုင်းသမား တစ်ယောက် ဘဝကနေ အရက်သမား အရက်မရှိတဲ့လူ ဘဝကို ဘယ်လို ရောက်သွားသလဲဆိုတာ သိချင်လို့ပါ"

ဆိုင်ရှင်က...

"သူဟာ ထင်ရှားတဲ့ သိုင်းသမားတစ်ယောက်မို့ ကျုပ်တို့တစ်မြို့လုံးက ဝမ်းသာဂုဏ်ယူနေခဲ့ကြတာပေါ့၊ ဒါပေမယ့် သူ မြို့ကို ပြန်လာတဲ့အခါကျတော့မှ လူယုတ်မာတစ်ယောက်လို့ ပြောစရာဖြစ်လာတာပေါ့"

လင်းလင်းက...

"သူဟာ ထင်ရှားတဲ့သိုင်းသမား တစ်ယောက်မို့ ကျုပ်တို့ကို သူက လူယုတ်မာ ဟုတ်လား"

ဆိုင်ရှင်က...

"အင်း... သူက သူဌေးလေးနဲ့သွားပြီး ပတ်သက်ခဲ့တာကိုး"



"သူဌေးလေးဆိုတာ ဘယ်သူလဲ"

လင်းလင်း မသိဟန်ဆောင်ကာ မေးလိုက်သည်။

ဆိုင်ရှင်က...

"စီးမင်ချူးဆိုတဲ့ လူတစ်ယောက်ပါ၊ သူ့ကိုယ်သူ သူဌေးလေးလို့ ပြောတာပဲ၊ ဒီမြို့ကို ပြောင်းလာတာ သိပ်မကြာသေးဘူး"

လင်းလင်း မျက်မှောင်ကုတ်သွားသည်။

မမျှော်လင့်ဘဲ ပေ့ဟုဒ၏ စကားနှင့် ကွဲပြားသော စကားကို ကြားလိုက်ပြီ ဖြစ်သည်။

"သူဌေးလေးဟာ ဒီမြို့ကို ပြောင်းလာတာ မကြာသေးဘူး၊ ဟုတ်လားရှင်"

"ဟုတ်တယ်"

"ဒါဖြင့် ဒီမြို့ဇာတိ မဟုတ်ဘူးပေါ့"

"ဘယ်ကလာ ဟုတ်ရမှာလဲ"

"အရိပ်မဲ့တားနဲ့ သူဌေးလား စီးမင်ချူးဟာ အင်မတန် ခင်မင်ရင်းနှီးကြတဲ့ ငယ်ပေါင်းသူငယ်ချင်းတွေဆို"

ဆိုင်ရှင်သည် လင်းလင်းကို စိုက်ကြည့်လိုက်ပြီး မေးလိုက်လေ၏။

"မိန်းကလေးကို ဘယ်သူ မြှောလိုက်တာလဲ"

လင်းလင်းက...

"ကျွန်မ သတင်းကြားလို့ပါ"

ဟု လိုးလွဲပြောလိုက်သည်။

ဆိုင်ရှင်က...

"မိန်းကလေးကြားခဲ့တဲ့ သတင်းမှားနေပြီ၊ သူဌေးလေး စီးမင်ချူး ပြောင်းလာတာ သိပ်မကြာသေးဘူးဆိုမှတော့ ဘယ်လို လုပ်ပြီး ငယ်ပေါင်းမိတ်ဆွေ ဖြစ်နိုင်တော့မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်း ခေါင်းညိတ်လိုက်သည်။

"ဦးပြောတာ မှန်ပါတယ်ရှင်"

ထောက်ခံလိုက်သည်။

ဆိုင်ရှင်က ထပ်ပြောလိုက်သည်။

"အရိုပ်မဲ့ဓားဟာ ဒီမြို့က ထွက်သွားတာကြာလှပြီ၊ သိုင်းလောကမှာ ကျင်လည်ကျက်စားနေခဲ့တာ သွားရင်းလာရင်း လမ်းကြိုတာနဲ့ သွားရင်းလာရင်း သူဌေးလေး စီးမင်းချူးက သူ့အိမ်မှာ အတင်းသွားဖိတ်ပြီး ဂုဏ်ပြုကျွေးမွေးခဲ့တယ်လေ"

လင်းလင်းက မှတ်ချက်ချလိုက်သည်။

"သူဌေးလေးက အတင်းသွားပြီး ဖိတ်ခေါ်ခဲ့ရတာကိုး"

ဆိုင်ရှင်က...

"သူဌေးလေးက သူ့ရဲ့အိမ်ကိုခေါ်သွားပြီး အရိုပ်မဲ့ဓားကို သီးသန့်ဂုဏ်ပြုခဲ့တာ၊ အဲဒီနောက်ပိုင်းတော့ အရိုပ်မဲ့ဓားဟာ အရက်မူးပြီး သူဌေးကတော်ကို စော်ကားတယ်လို့ သတင်းထွက်ပေါ်လာတာပဲ၊ အရိုပ်မဲ့ဓားလဲ အရက်သမားဘဝ ရောက်သွားတော့တာပဲ"

လင်းလင်းက...

"နောက်တော့ကော..."

စကားထောက်ပေးလိုက်သည်။

ဆိုင်ရှင်က...

"အရိုပ်မဲ့ဓားက ရှိသမျှပစ္စည်းကုန်အောင် အရက်သောက်ပစ်လိုက်တယ်၊ လူတွေကလည်း သူ့ကိုရွံရှာလာတယ်၊ နောက်ဆုံး နေစရာ မရှိလို့ ဒီမြို့က ထွက်သွားတော့တာပဲ"

လင်းလင်းက မေးလိုက်လေ၏။

"သူ ဘယ်သွားတယ်ဆိုတာ ဦးသိသလား"

ဆိုင်ရှင် ခေါင်းခါယမ်းလိုက်သည်။



"ကျုပ်လဲ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေလို့ သူဘယ်ကိုထွက်သွားတယ်ဆိုတာ လိုက်ပြီး မကြည့်ဖြစ်ခဲ့ပါဘူးကွယ်"

လင်းလင်းက မေးလိုက်၏။

"သိတဲ့လူကော မရှိဘူးလား"

ဆိုင်ရှင်က...

"အလယ်ပိုင်း ခရီးတစ်ထောက်နား ကြားစခန်းလေးမှာ တွေ့ခဲ့ရတယ်လို့ ပြောကြတာပဲ"

"တော်တော် ဝေးသလားဟင်"

"သိပ်မဝေးဘူး၊ နှစ်ရက်လောက်သွားရင် ရောက်သွားနိုင်တယ်"

လင်းလင်းသည် အရိုပ်မဲ့ဓားနောက်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

ဆိုင်ရှင်ကို စေ့စေ့ကြည့်ကာ မေးလိုက်သည်။

"ဦးကကော အရိုပ်မဲ့ဓားအပေါ် ဘယ်လို သဘောထားသလဲဟင်"

ဆိုင်ရှင်က...

"သူက ကျုပ်ဆိုင်မှာ အရက်သောက်နေတာပဲ၊ ပြီးတော့ ငယ်ငယ်တုန်းကတည်းက သူ့ကို ကျုပ်သိခဲ့တာပဲ၊ လူကောင်းလေးတစ်ယောက်ပါ၊ ဘာကြောင့် အရက်သမားဘဝ ရောက်သွားရတယ်ဆိုတာ စဉ်းစားလို့ကို မရဘူး၊ ဘာပဲဖြစ်ဖြစ် သူ ဘယ်လောက်ပဲ အခြေအနေပျက်ပျက် မလိမ်မကောက်ဘူး၊ အရက်ကြွေး တစ်ပြားမှ မရှိဘူး၊ တစ်ခါတစ်ခါ သူဌေးကတော်ကို စော်ကားခဲ့တယ် ဆိုတာတောင် မယုံချင်စရာဘဲလို့ တွေးမိတယ်"

လင်းလင်း ကျေနပ်သွားသည်။

လူတိုင်းက အရိုပ်မဲ့ဓားသည် လူယုတ်မာဟု ပြောဆိုနေကြ

www.burmeseclassic.com



သော်လည်း တကယ်တမ်း တီတီကျကျ မသိဘဲ အများပြော၍ လိုက်ပြောကြခြင်း ဖြစ်ကြောင်း သဘောပေါက်လိုက်၏။

အရိပ်မဲ့စားနှင့် လူကိုယ်တိုင် တွေ့လိုက်ရလျှင် အဖြေမှန် ပေါ်လာနိုင်မည် ဖြစ်ပါသည်။

လင်းလင်းသည် ဆိုင်ရှင်ကို ကျေးဇူးတင်စကား ပြောကာ နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

သူမသည် အရိပ်မဲ့စားကို လိုက်လံရှာဖွေရတော့မည်။

အရိပ်မဲ့စားအား တွေ့မည် မတွေ့မည် အသေအချာ မပြောနိုင်ပါ။

သို့သော်...

လင်းလင်းသည် မရေရာသည့်ခရီးကို နှင်ရမည် ဖြစ်ပေတော့သည်။

❖ ❖ ❖

BURMESE CLASSIC

အခန်း(၃၁)

## ညှင်းဆဲသူများ

ရှန်ကျိုးမြို့။

စည်ကားသိုက်မြိုက်သော မြို့လေးတစ်မြို့ ဖြစ်သည်။

ချင်းကိုးသည် ဦးတည့်ရာ လျှောက်လာရင်း ထိုမြို့လေးသို့ ရောက်ရှိလာသည်။

သူ၏ ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်နေသည်။

အာခေါင်ခြောက်သွေ့ကာ နှုတ်ခမ်းများ အက်ကွဲနေသည်။

ဆံပင်ပွယောင်းယောင်း မျက်လုံးများ နီရဲကာ အဝတ်အစား ညစ်ပတ်ပေကျံနေသည်။

လေလွင့်ဗေဒါ တစ်ယောက်နှင့်ပင် တူလှပေတော့သည်။

ချင်းကိုးသည် မြို့ထဲသို့ ရောက်သောအခါ အရက်သောက်လို စိတ် ပြင်းပြလာသည်။

ထို့ကြောင့်...

ရှာဖွေကြည့်လိုက်ရာ လူရှင်းနေသော အရက်ဆိုင်လေး တစ် ဆိုင်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။

ထိုအရက်ဆိုင်လေးဆီသို့ ခပ်သွက်သွက် လှမ်းသွားလိုက်၏။

ဆိုင်ထဲဝင်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"အရက်တစ်ခွက်"

ဟု မှာလိုက်လေသည်။

ဆိုင်လုလင်က သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး...

"အရက်တစ်ခွက် ဟုတ်လား"

ချင်းကိုးက...

"ကျုပ်ကို အရက်တစ်ခွက် ပေးပါဗျာ"

"အရက်လိုချင်ရင် ပိုက်ဆံပေး"

"ပိုက်ဆံ ..."

"ဟုတ်တယ်လေ"

"ကျုပ်...ကျုပ်မှာ"

"မင်းမှာ ပိုက်ဆံမရှိဘူး ဟုတ်လား"

ချင်းကိုး ခေါင်းညိတ်ပြလိုက်သည်။

ဆိုင်လုလင်က...

"ပိုက်ဆံမရှိဘဲနဲ့ အရက်သောက်လို့ ရမလားကွ၊ ဆိုင်ထဲဝင် မရှုပ်နဲ့၊ မြန်မြန် ထွက်သွားစမ်း"

အော်ငေါက် မောင်းထုတ်လိုက်သည်။

ချင်းကိုးက တောင်းပန်လိုက်သည်။

"အရက်တစ်ခွက်နဲ့ တန်အောင် ကျုပ်ပြန်ပြီး အလုပ်လုပ်ပေးပါမယ်ဗျာ"

ဆိုင်လုလင်က...

"ဟေ့...ဘာအလုပ်မှ ခိုင်းစရာမရှိဘူး၊ မင်းထွက်သွားမလား ဆွဲထုတ်ပစ်လိုက်ရမလား"

ပြောပြောဆိုဆို အတင်းဆွဲထုတ်ပစ်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

"သူ့ကို အရက်တစ်ခွက် ပေးလိုက်ပါ"



စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ဆိုင်လုလင်ကော ချင်းကိုးပါ စကားသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်မိလေသည်။

ထိုအခါ...

ဆိုင်ထဲ၌ ပြတင်းပေါက်နှင့် ကပ်လျက်ရှိသော စားပွဲတစ်လုံးတွင် လူတစ်ယောက်တိုင်ကာ အရက်သောက်နေသည်ကို တွေ့ရသည်။

ထိုလူက...

"မင်း အရက်သောက်ချင်နေတယ် မဟုတ်လား"

ချင်းကိုးကို မေးသည်။

ချင်းကိုးသည် ထိုလူကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူး၊ မမြင်ဘူးပါချေ။

သူ့အား အရက်တိုက်မည်ဟု ပြောလာသဖြင့် ခေါင်းညိတ်ပြလိုက်၏။

ထိုလူက...

"သူ့ကို အရက်တစ်ခွက်ပေးလိုက်လို့ ပြောနေတာ မကြားဘူးလားကွ"

ထိုလူက ဆိုင်လုလင်ကို ငေါက်လိုက်သည်။

ဆိုင်လုလင် အချိုးပြောင်းသွားသည်။

ချင်းကိုးကို မငေါက်ရဲတော့ပါ။

ထိုလူ၏ စကားကိုလည်း မဖယ်ရှားဝံ့ဘဲ...

"ကောင်း...ကောင်းပါပြီ ခင်ဗျာ"

ချက်ချင်းပင် အရက်တစ်ခွက် ယူပေးသည်။

ချင်းကိုးသည် ဟန်မဆောင်နိုင်တော့ဘဲ ယူကာ သောက်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရက်တစ်ခွက် ချက်ချင်း ကုန်သွားလေသည်။

အရက်တစ်ခွက် သောက်လိုက်သဖြင့် နေသာထိုင်သာ ရှိသွားသည်။

သို့သော်...

တစ်ခွက်ဝင်သွားသည်နှင့် နောက်တစ်ခွက် သောက်ချင်လာသည်။

ထိုလူက လှမ်းကြည့်လိုက်ပြီး...

"မင်းက အရက်သောက်ချင်သေးတယ် မဟုတ်လား"

ဟု မေးလေသည်။

ချင်းကိုး ခေါင်းညိတ်ပြလိုက်သည်။

BURMESE CLASSIC

ထိုလူက...

"လာခဲ့..."

လှက်ယပ် ခေါ်လိုက်၏။

ရုတ်တရက်မို့ သွားလျှင်ကောင်းမည်လော မသွားဘဲ နေရမည်လော ဝေခွဲမရ ဖြစ်သွားသည်။

ထိုလူက...

"လာလေဗျာ"

ထပ်ပြီး ခေါ်လေသည်။

ချင်းကိုး မနေနိုင်တော့ဘဲ ထိုလူထံသို့ လှမ်းသွားလိုက်မိလေသည်။

ထိုလူက...

"ထိုင်..."

ထိုင်ခုံတစ်လုံးကို ညွှန်ပြလိုက်သည်။

ချင်းကိုး ထိုင်ချလိုက်သည်။

ထိုလူက အရက်ငှဲ့ပေးပြီး စိတ်ပါလက်ပါ ပြောသည်။



"သောက်...မင်းကြိုက်သလောက်သောက်"

ချင်းကိုးသည် ထိုလူကို ကြည့်လိုက်မိသည်။

ထိုလူက သူ့အား ပြုံးပြနေသည်။

"ဘာမှ အားနာစရာ မလိုတော့ဘူး သောက်ပါကွ"

"ဟုတ်...ဟုတ်ကဲ့"

ချင်းကိုးသည် ထိုလူထပ်ငှဲ့ပေးသည့် အရက်ကို သောက်ချလိုက်လေတော့၏။

အရက်သုံးလေးခွက်မျှ ဆက်တိုက်သောက်လိုက်ခြင်း ဖြစ်သည်။

ထိုလူသည် စောင့်ကြည့်နေပြီးမှ မေးသည်။

"မင်းက အရက်သောက်ရမယ်ဆိုရင် ဘာမဆို လုပ်နိုင်တယ် မဟုတ်လား"

ချင်းကိုး ခေါင်းညိတ်လိုက်သည်။

"လုပ်နိုင်ပါတယ်ဗျာ"

ထိုလူက...

"ကောင်းတယ်...ကျုပ်နဲ့လိုက်ခဲ့၊ မင်းအရက်ကို ကြိုက်သလောက် သောက်ရမယ်"

"ကျုပ်...ကျုပ်က"

"မင်းကို အလုပ်ပေးမယ်လေ"

ချင်းကိုး ဝမ်းသာသွားသည်။

ဓာတ်မြှုပ်နေထိုင်စရာ တစ်နေရာရပြီဟုလည်း ယုံကြည်လိုက်မိသည်။

ထို့ကြောင့်...

"ကောင်းပါပြီဗျာ"

သူက သဘောတူလိုက်သည်။

ထိုလူက...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...လာ သွားကြမယ်"

ပြောပြောဆိုဆို ထိုင်ရာမှထကာ ထွက်သွားလေသည်။

ချင်းကိုးသည် တွေးတောစဉ်းစား မနေတော့ဘဲ ထိုလူနောက်သို့ လိုက်သွားလေတော့သည်။

ထိုလူသည် မြို့စွန်ရှိ အိမ်ပျက်ကြီးတစ်လုံးဆီသို့ ခေါ်ဆောင်သွားခြင်း ဖြစ်သည်။

ချင်းကိုးသည် လိုက်ပါသွားပြီး အိမ်ပျက်ကြီးဆီသို့ ရောက်သွားသောအခါ သူတို့ထက်အရင် လူသုံးယောက် ရောက်ရှိနေသည်ကို တွေ့ရသည်။

ထိုလူများသည် ဓားကိုယ်စီ ခါးချိတ်ထားကြပြီး ခက်ထန်ကြမ်းတမ်းသော ပုံသဏ္ဌာန် ရှိကြသည်။

အိမ်ပျက်ကြီးထဲ ရောက်သည်နှင့်...

"ချင်းကိုး ပါလာပြီဟေ့"

ခေါ်လာသူက ပြောလိုက်သည်။

ချင်းကိုး အံ့ဩသွားသည်။

ထိုလူကို ကြည့်လိုက်ပြီး မေးသည်။

"ခင်ဗျားက ကျုပ်ရဲ့နာမည်ကို ဘယ်လိုလုပ် သိနေတာလဲ"

ထိုလူက...

"သိဆို ကျုပ်က မင်းနောက်ကို တိတ်တဆိတ် နောက်ယောင်ခံပြီး တကောက်ကောက် လိုက်နေခဲ့တာကိုးကွ"

"နောက်ယောင်ခံလိုက်တာ"

"ဟုတ်တယ်လေ"

"ကျုပ်နဲ့ ဘယ်လိုမှ ပတ်သက်စရာအကြောင်း မရှိဘူး ထင်ပါတယ်ဗျာ"

ထိုလူက...



"ငါတို့နဲ့ ပတ်သက်စရာ အကြောင်းမရှိဘူး၊ ဒါပေမယ့် သူခွေး
တော်နဲ့တော့ ပတ်သက်နေတာပဲ မဟုတ်လားကွ"

"ဘာဗျ"

ချင်းကိုး၏အသံ ကျယ်လောင်စွာ ထွက်လာသည်။

သူခွေးကတော် ဆိုသည်က သူ့အား ခြောက်လှန့်နေသည်
ဟုတ်ပါလား။

"သူခွေးကတော် ဟုတ်လား"

"ဟုတ်တယ်၊ မေ့ဗုဒ်ကိုတောင် မင်းမေ့ သွားပြီလား"

"ကျုပ်...ကျုပ်"

ထိုလူက ပြုံးစေ့စေ့ဖြင့်...

"မင်းက ပေးဗုဒ်ရဲ့ အလှအပကို လက်တွေ့ခံစားရသေးတယ်
ဟုတ်လားကွ၊ ဟား...ဟား...ဟား"

"ကျုပ်...ကျုပ်"

ချင်းကိုး၏ မျက်နှာကြီး နီမြန်းလာသည်။

ကပျာကယာ ခေါင်းငုံ့လိုက်မိလေ၏။

ထိုလူက...

"မင်းက ကတိဖျက်လို့ မင်းကို ဆုံးခဖို့ ပေ့ဗုဒ်က ငါတို့ကို
်လိုက်တာပဲ"

ချင်းကိုးက...

"ကျုပ်က မြို့မှာဆက်နေလို့မှ မဖြစ်တော့တာ၊ ဒါကြောင့်
်လာခဲ့တာပါ"

"ဘာပဲဖြစ်ဖြစ် ကတိဖျက်တဲ့အတွက် ဆုံးမခံရလိမ့်မယ်"

ထိုလူက ခေါက်လိုက်သည်။

ချင်းကိုး ပင့်သက်ရှိုက်လိုက်သည်။

"ကောင်းပြီလေ...မင်းတို့ သဘောပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက...

"အဲ...သူတို့ ဆုံးမလိုက်ရအောင်"

အကဲခတ်ကြည့်နေသူ သုံးယောက်ကို ပြောလိုက်၏။

ထိုလူသုံးယောက် ချက်ချင်းပင် ရှေ့တိုးလာကြလေတော့၏။

"ဖုန်း..."

"ခွပ်..."

"အား..."

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ထိုလူလေးယောက်သည် ချင်းကိုးအား ဝိုင်းရံကာ ထိုးကြိတ် ကန်ကျောက်ကြ၏။

ချင်းကိုးသည် လုံးဝ ပြန်လည် ခုခံခြင်း မပြုဘဲ ခေါင်းငုံ့ နေလိုက်သည်။

တစ်ခဏအတွင်းပင်...

သူ၏ နှုတ်ခမ်းများ ပေါက်ပြဲသွားကာ နှာခေါင်းမှလည်း သွေးများ ယိုစီးကျလာသည်။

မျက်နှာတစ်ခုလုံး အညိုအမည်းဆွဲသွား လေတော့သည်။

ထိုလူလေးယောက်သည် စိတ်တိုင်းကျ နှိပ်စက်လိုက်ပြီးမှ...

"ဒီကောင့်ကို ကြိုးနဲ့တုတ်ပြီး ထုတ်တန်းပေါ်မှာ ချိတ်ထား လိုက်ကြရအောင်"

တစ်ယောက်ကပြောလျှင် ကျန်လူများ သဘောတူလိုက်ကြ လေသည်။

"ကောင်းတယ်...လုပ်ကွာ"

ချက်ချင်းပင် ချင်းကိုးအား ကြိုးတစ်ချောင်းဖြင့် တုတ်နှောင် လိုက်ပြီး အိမ်ပျက်ကြီး၏ ထုတ်တန်းတွင် တွဲလောင်းချိတ်ဆွဲထား လိုက်သည်။



ချင်းကိုးမှာ ခံစားနေရသော ဝေဒနာကြောင့် သတိလွတ်ကင်း တတ် ဖြစ်နေသည်။

ထိုလူလေးယောက်သည် ချင်းကိုးအား အာရုံမစိုက်တော့ဘဲ ဝိုင်းဖွဲ့ကာ စကားပြောနေလိုက်ကြသည်။

တစ်ယောက်က ညည်းတွားလိုက်သည်။

"ဒီကောင်က ဘာမှ မလုပ်နိုင်တော့ဘူး၊ သူဌေးလေးက ဘာ ကြောင့် အမိန့်မပေး သေးတာလဲဆိုတာ စဉ်းစားလို့ မရဘူး"

ချင်းကိုးကို ခေါ်လာသူက...

"အကြောင်းရှိလို့ ဖြစ်မှာပေါ့"

"ဘာအကြောင်းလဲ..."

"သူဌေးလေးက သိုင်းပညာ သွားပြိုင်ဘယ်လေကွာ၊ ပြိုင်ပွဲ မှာ ဘယ်လို အခြေအနေ ရှိသလဲဆိုတာ စောင့်ကြည့်ရဦးမှာပေါ့၊ အကယ်လို့ ပထမရ ဗိုလ်စွဲပြီဆိုရင် ဘာမှ ပြောစရာ မလိုတော့ ဘူး"

"ဒီကောင့်ကို သုတ်သင်ပစ်လိုက်ရုံပေါ့ ဟုတ်လား"

"ဒါပေါ့ကွ"

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက်...

"ဟား...ဟား...ဟား"

"ဟား...ဟား...ဟား"

ဟားတိုက်ရယ်မော လိုက်ကြလေသည်။

ချင်းကိုးသည် သူတို့ပြောနေကြသည့် စကားများကို မကြား တစ်ချက် ကြားတစ်ချက် ဖြစ်နေသည်။

ထိုစဉ်...

"အလှူခံပါတယ်...အလှူခံပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်...

ကျယ်လောင်သော အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ထိုလူလေးယောက် ရယ်မောခြင်းများ ရုပ်တန့်သွားသည်။ အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ...

လူထူးဆန်းကြီးသည် အိမ်ဖျက်ထဲ ဝင်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူလေးယောက်သည် ချက်ချင်း ထိုင်ရာမှ ထရပ်လိုက်လေ၏။

လူထူးဆန်းကို ပိုင်းရံထားလိုက်ကြခြင်း ဖြစ်သည်။

လူထူးဆန်းကြီးမှာ တခြားလူ မဟုတ်ပါ။

ချင်းကိုးအား တစ်ကြိမ်ကယ်တင်ခဲ့ဖူးသည့် လူထူးကျင်းတီပင် ဖြစ်လေတော့သည်။

လူထူးဆန်း ကျင်းတီက...

"အလှူခံပါတယ်ကွယ်"

ထိုလူလေးယောက်အနက် တစ်ယောက်က ခက်ထန်စွာ မေး လေ၏။

"ခင်ဗျား ဒီနေရာမှာ အလှူခံလို့ ဘာရမှာလဲ"

လူထူးဆန်း ကျင်းတီက...

"ကျုပ်က သူ့ကို အလှူခံမလို့ပါ"

ထုတ်ချိတ်ခန်းတွင် ကြီးတန်းလန်း ဖြစ်နေသော ချင်းကို ညွှန်ပြကာ ပြောလိုက်သည်။

"ဘာပြောတယ်"

ထိုလူလေးယောက် မကျေမနပ် ဖြစ်သွားကြသည်။



တစ်ယောက်က...

ခင်ဗျားက တမင်သက်သက် လာနှောင့်ယှက်တာပဲ သေချင်ပြီ ထင်တယ်"

ပြောရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

လူထူးဆန်း ကျင်းတီက ပြောလိုက်သည်။

"မိတ်ဆွေလေးတော်၊ မင်းတို့ သိုင်းလောကမှာ ပျောက်နေတာကြာပြီ၊ ခုလိုပြန်ပြီး ခြေချလာတာ အထက်လမ်း သိုင်းသမားတွေရဲ့ ဆုံးမခံရမှုကို မကြောက်ဘူးလား"

ထိုလူလေးယောက် ကြောင်အမ်းအမ်း ဖြစ်သွားကြလေရာ တစ်ယောက်က မျက်လုံးပြူးကာ ကြည့်ပြီး မေးလိုက်လေ၏။

"ဘာပြောတယ်၊ ခင်ဗျားက ကျုပ်တို့ကို သိနေတယ် ဟုတ်လား"

ကျင်းတီက...

"မင်းတို့လို လူဆိုး လူယုတ်မာတွေကို ဘယ်သူကမှ မေ့ထားကြမှာ မဟုတ်ဘူးကွ၊ သိုင်းလောကမှာ မင်းတို့ ကျင်လည်ကျက်စားခဲ့ကြတုန်းက ဆိုးသွမ်းသောင်းကျန်းခဲ့ကြတာတွေကို မေ့ပစ်လိုက်ဖို့ လွယ်လွယ်နဲ့ ရမလားကွ"

အဘိုးအိုက အေးစက်သော လေသံဖြင့် ပြောလိုက်၏။

ထိုလူလေးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ကျင်းတီက မေးလိုက်လေ၏။

"အခုတော့ မင်းတို့ ဘာတွေ မကောင်းမှုလုပ်ဖို့ ပေါ်လာခဲ့ကြတာလဲ"

ထိုလူလေးယောက် တစ်ယောက်ကိုတစ်ယောက် မျက်စိမှိတ်ပြ လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းတီသည် သူတို့အား နှောင့်ယှက်ဒုက္ခပေးမည့်သူ ဖြစ်နေသည် မဟုတ်ပါလား။ ဒုက္ခပေးမည့်သူကို ကြိုတင်ရှင်းပစ်ရမည်။

"ခြွမ်း..."

"ခြွမ်း..."

ချက်ချင်းပင် ဓားများ ဆွဲထုတ်လိုက်ကြသည်။

ထို့နောက်...

"သေဖို့သာ ပြင်ပေတော့"

"ယား..."

ညာသံကိုယ်စီပေးကာ ကျင်းတီထံ ဝင်ရောက်တိုက်ခိုက်လိုက်ကြလေတော့သည်။

မိစ္ဆာလေးဖော်...

မိစ္ဆာလေးဖော်သည် ဆိုးသွမ်းသောင်းကျန်းသော အောက်လမ်းသိုင်းသမားဆိုးများ ဖြစ်ကြသည်။

သူတို့ သိုင်းလောကမှ ပျောက်ကွယ်သွားသည်မှာ ကြာပေပြီ

ယခု...

မိစ္ဆာလေးဖော်သည် အထက်လမ်း သိုင်းသမား ကျင်းတီနှင့် ရင်ဆိုင်တွေ့မိပြီ ဖြစ်သည်။

မိစ္ဆာလေးဖော်က ဓားကိုယ်စီဖြင့် ကျင်းတီထံ ပြေးဝင်တိုက်ခိုက်လိုက်ကြ၏။

သူတို့၏ တိုက်ခိုက်မှုသည် ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေပါသည်။

ကျင်းတီ ချက်ချင်းပင် လဲကျသေဆုံး သွားရတော့မည်ဟု ထင်မှတ်ရသည်။

သို့သော်...

ကျင်းတီက ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သောအခါ...



"ခြွမ်း..."

"ခြွမ်း..."

ဓားချင်း ပြင်းထန်စွာ ထိတွေ့မိသောအသံ ထွက်ပေါ်လာသည်။

မိစ္ဆာလေးဖော်သည် တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက်မိလိုက်ကြသည်။

ကျင်းတီသည် သူတို့၏ မြင်ကွင်းမှ ကွယ်ပျောက်သွားသည်။

"ဟင်..."

"ဟာ..."

မိစ္ဆာလေးဖော် တအံ့တသြ ဖြစ်သွားကြ၏။

ချက်ချင်းပင် နောက်ဆုတ်လိုက်ကြ၏။

ထို့နောက်...

ကျင်းတီကို ရှာဖွေကြည့်လိုက်သည်။

ထိုအခါ...

ကျင်းတီသည် ထုတ်တန်းပေါ်မှ ချင်းကိုးအား ကြိုးဖြေပေးနေသည်ကို တွေ့ရလေသည်။

မိစ္ဆာလေးဖော် မျက်လုံးပြူးသွားသည်။

ချက်ချင်းပင် ငေါက်ငမ်းကြလေ၏။

"ခင်ဗျား ဘာလုပ်တာလဲ"

"ရပ်လိုက်စမ်း"

တစ်ဆက်တည်းပင်...

လက်နက်ပုန်းများဖြင့် ပစ်ခတ်တိုက်ခိုက် လိုက်ကြသည်။

ကျင်းတီက...

"မင်းတို့ ဘာတတ်နိုင်မှာမို့လဲ"

ပြောရင်း အင်္ကျီလက်အိုးကို ဝှေ့ယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ…

လက်နက်ပုန်းများ ရုတ်ခြည်း ကွယ်ပျောက်သွားလေတော့သည်။

"ဟင်…"

"ဟာ…"

မိန္ဓာလေးဖော် ထိတ်လန့်သွားကြသည်။

ထိပ်သီးသိုင်းသမား တစ်ယောက်နှင့် ရင်ဆိုင်နေရပြီ ဖြစ်ကြောင်းလည်း သဘောပေါက်လိုက်ကြသည်။

ထို့ကြောင့်…

"သွားကြမယ်ဟေ့"

တစ်ယောက်က အော်ပြောလိုက်ပြီး နောက်သို့ ချက်ချင်းခုန်ဆုတ်လိုက်၏။

ထိုအခါ…

ကျန်လူများကလည်း နောက်သို့ ပြိုင်တူဆုတ်လိုက်ကြ၏။

ထို့နောက် အဆောက်အအုံပျက်ထဲမှ လျှင်မြန်စွာပင် ပြေးထွက်သွားကြလေတော့သည်။

ကျင်းတီ သက်ပြင်းချလိုက်၏။

ထို့နောက် ချင်းကိုးကို ကြိုးဖြည်ပေးလိုက်သည်။

မျက်နှာတစ်ခုလုံး အညိုအမည်း စွဲနေသည်ကို ကြည့်ကာ…

"ဖြစ်မှဖြစ်ရလေကွာ၊ မင်းဘာကြောင့် ဒီလောက်တောင်မိုက်မဲချင်ရတာလဲ"

ကရုဏာဒေါသဖြင့် ပြောသည်။

ချင်းကိုး ကောင်းစွာ သတိရလာပြီ ဖြစ်သည်။

ကျင်းတီက သူ့အား ကယ်တင်လိုက်မှန်းသိလျှင် ဘာမှ မပြောဘဲ နေလိုက်မိသည်။



ကျင်းတီ မျက်မှောင်ကြုတ်သွား၏။

ချင်းကိုးအား ကြည့်ကာ မေးလိုက်၏။

"ငါပြောတာ ကြားရဲ့လား"

ချင်းကို ဘာမှ မပြောပါ။

မလှုပ်မယှက်ဖြင့် ငြိမ်နေ၏။

ကျင်းတီ ပင့်သက်ရှိုက်လိုက်သည်။

တစ်ဖန် ဦးခေါင်းတွင်တွင် ခါယမ်းပြီး မေးလိုက်မိသည်။

"ချင်းကိုး မင်းဟာ လူတကာလေးစားရတဲ့ သိုင်းသမားတစ်ယောက်ပါ၊ ဘာကြောင့် အခုလို ပျက်ဆီးနေရတာလဲ၊ မင်းမှာ ဂုဏ်သိက္ခာ မရှိတော့ဘူးလား၊ ငါ့ကိုပြောစမ်းပါဦးကွ"

ချင်းကိုးက ပြန်လည်မေးခွန်း ထုတ်လိုက်၏။

"ခင်ဗျား ဘာတွေပြောနေတာလဲ၊ ခင်ဗျား ပြောတဲ့ ဂုဏ်သိက္ခာ ဆိုတာ ဘာလဲဗျ"

"ဟော…"

သူ၏စကားကြောင့် ကျင်းတီပါးစပ်အဟောင်းသား ဖြစ်သွားသည်။

တစ်ဆက်တည်းပင်…

ချင်းကိုးအား မျက်လုံးပြူး၍ ကြည့်ကာ…

"ငါဘာတွေ ပြောနေတာလဲ ဟုတ်လား"

ချင်းကိုး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ကျင်းတီ ဒေါပွလာ၏။

အံ့မလို အားမရလည်း ဖြစ်လာသည်။

"ငါက မင်းအတွက် ပြောနေတာလေ၊ မင်းဟာ လူအများလေးစားရတဲ့ သိုင်းသမားတစ်ယောက်ပဲ၊ မင်းဒီလိုနေလို့ ဖြစ်မလား"

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုး ပြုံးလိုက်သည်။

ထို့နောက်...

ကျင်းတီအား စေ့စေ့ကြည့်ကာ...

"ခင်ဗျား လူမှားနေပြီထင်တယ်"

"ဘာ..."

ကျင်းတီ အသံဟိန်းထွက်လာ၏။

ချင်းကိုးအား ကြည့်ကာ မေးလိုက်သည်။

"ငါက လူမှားတယ် ဟုတ်လား"

ချင်းကိုးက...

"ဟုတ်ပါတယ်ဗျာ"

"မင်း...မင်း..."

ကျင်းတီ မည်သို့ပြောရမှန်းမသိ ဖြစ်သွားသည်။

ချင်းကိုးက ပြောလာသည်။

"ကျုပ်က ချင်းကိုး မဟုတ်ပါဘူးဗျာ"

ကျင်းတီ နှာခေါင်းရှုံ့လိုက်၏။

ချင်းကိုးအား စေ့စေ့ကြည့်ကာ...

"မင်းက ဘယ်သူလဲ ပြောစမ်းပါဦး"

ချင်းကိုးက...

"ကျုပ်က အရှက်မရှိတဲ့လူပါ၊ အရက်သမား တစ်ယောက်ပါ၊ ခင်ဗျား လူမှားနေတာပါ"

ကျင်းတီ မျက်မှောင်ကုတ်သွား၏။

သူက အမှန်တကယ် လူမှားနေခြင်း လေလော။

ကျင်းတီ ဇဝေဇဝါ ဖြစ်သွားလေတော့သည်။

ချင်းကိုးက ပြောသည်။

"ကျုပ်ကြောင့် ခင်ဗျားပါ ဒုက္ခရောက်ရမှာကို မလိုလားပါဘူး ဗျာ၊ ကျုပ်က သူများကို ဒုက္ခပေးခဲ့မိတဲ့ အရက်သမားတစ်ယောက်ပါ၊ ကျုပ်ရဲ့အပြစ်ကြောင့် သူတို့က ကျုပ်ကို နှိပ်စက်နေကြတာပါဗျာ"



ကျင်းတီက...

"မင်းဟာ ချင်းကိုး မဟုတ်ဘူးနော်"

"မဟုတ်ပါဘူးဗျာ"

"မင်းသေချာတယ်နော်"

"သေချာပါတယ်"

ကျင်းတီ သက်ပြင်းချလိုက်သည်။

"ကောင်းပြီ...မင်းဟာ ချင်းကိုး မဟုတ်ဘူးဆိုရင် မင်းကို ဘာမှ ကူညီနေစရာ မလိုဘူး၊ မင်းထိုက်နဲ့ မင်းကံပဲ ခံပေတော့"

စကားဆုံးလျှင် ချင်းကိုးအား လျစ်လျူရှုကာ ထွက်သွားလေတော့သည်။

ချင်းကိုး ငေးငိုင်ပြီး ထိုင်နေ၏။

သူ၏ မျက်နှာပေါ်တွင် အလွန်စိတ်ထိခိုက်သည့် လက္ခဏာများ အထင်းသား ပေါ်လွင်လာလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃၂)

# အညာကိုင်တတ်သူ

ကျန်းနန်နယ်မှ...

အလွန်သာယာလှပသည့် ကျန်းနန်နယ်တွင် သိုင်းပြိုင်ပွဲကို နှစ်စဉ် ကျင်းပလေ့ရှိသည်။

သိုင်းလောက၌ အလားအလာရှိသော လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်လေ့ ရှိကြသည်။

ကျန်းနန်သိုင်းပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲလျှင် လူရိုသေ ရှင်ရိုသေ သိုင်းသမားဘဝသို့ အလိုလိုရောက်ရှိသွားသည့် အစဉ်အလာ ရှိသည်။

သိုင်းလောကတွင် အလိုအလျောက် နာမည် ကျော်ကြားလာခြင်းတည်း။

ကျန်းနန် သိုင်းပြိုင်ပွဲမှနေပြီး သိုင်းလောက၌ နေရာရလာနိုင်သည် ဖြစ်လေရာ သိုင်းလောက လူငယ် လူရွယ်များ ကြိုးစားယှဉ်ပြိုင်ကြသည်မှာ သဘာဝကျလှသည်။

ယခုနှစ်...

သိုင်းပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲနိုင်မည်ဟု ပရိသတ်များ၏ ထင်ကြေးပေး ခံရသူလေးယောက် ထွက်ပေါ်လာခဲ့သည်။



ထိုလူလေးယောက်မှာ...

ဓားသမားထုကျိ၊ လှံနီကြူးစိန်၊ သံမဏိသန်းဖုံးနှင့် စီးမင်ချူး တို့ ဖြစ်ကြသည်။

သိုင်းပြိုင်ပွဲ...

သိုင်းပြိုင်ပွဲကျင်းပသည့် နေ့ရက်များ တစ်ရက်ပြီးတစ်ရက် နီးကပ်လာသည်နှင့်အမျှ ပွဲရှိန်မှိုပြင်းလာပြီး ပြိုင်ပွဲဝင်များမှာ မိမိ ပြိုင်ဘက်ကို အနိုင်ရရေးအတွက် ခက်ခက်ခဲခဲ ယှဉ်ပြိုင်လာကြရ တော့သည်။

မိမိတို့၏ ပညာများကို အစွမ်းကုန် ထုတ်ဖော်ကာ ယှဉ်ပြိုင် လာကြရသည်။

ပရိသတ်များ ထင်ကြေး ပေးကြသည့်အတိုင်းပင် ပြိုင်ပွဲ နောက်ဆုံးနေ့ရက်များအထိ ဓားသမား ထုကျိ၊ လှံနီကြူးစိန်၊ သံမဏိ သန်းဖုံးနှင့် စီးမင်ချူးတို့သည် ပြိုင်ဘက်များကို အနိုင်ယူ ယှဉ်ပြိုင် နိုင်ခဲ့ကြသည်။

နောက်ဆုံး သူတို့လေးယောက်မှ တစ်ယောက်ယောက် ဗိုလ်စွဲ သည့် အခြေအနေသို့ပင် ရောက်ရှိလာလေတော့သည်။

❖ ❖ ❖

တည်းခိုခန်း အပေါ်ထပ်မှ အခန်းတစ်ခန်းသည် ပြတင်းတံခါး ဖွင့်ထားသည်။

ထိုပြတင်းတံခါးကို မှီကာ လူတစ်ယောက်ရပ်နေ၏။

စီးမင်ချူးပင် ဖြစ်သည်။

စီးမင်ချူးသည် အပြင်ဘက်သို့ ငေးကြည့်နေ၏။

အပေါ်ထပ်မှ ကြည့်လျှင် မင်းလမ်းမကြီးကို အတိုင်းသား တွေ့မြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဓာတာတက်လာသည်ဟု ဆိုရမည် ဖြစ်သည်။

သူ၏ သိုင်းပညာ တိုးတက်ဖို့ အခြေအနေ ပေးလာသည်။

သူက အစွမ်းကုန် ကြိုးစားလိုက်သောအခါ ယခုလို အခြေ အနေ ရောက်ရှိလာခြင်း ဖြစ်သည်။

စီးမင်ချူးသည် လက်ဆန့်တန်းကာ လေထဲ ဖမ်းဆုပ်လိုက်၏။

"ပထမဆုပဟာ ငါ့လက်ထဲ ရောက်လာရမှာပေါ့၊ ဘယ်ပြေး မလဲ ပြောစမ်း"

ကြုံးဝါးလိုက်သည်။

ထိုစဉ်...

"ခေါက်...ခေါက်..."

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

စီးမင်ချူး မျက်မှောင်ကုတ်သွားသည်။

အနောက်သို့ လှည့်ကြည့်ပြီး မေးလိုက်သည်။

"ဘယ်သူလဲ ..."

အပြင်ဘက်မှ...

"ကျွန်တော် မြခွေးပါ"

စီးမင်ချူး၏မျက်နှာ ပြုံးယောင်သန်းသွား၏။

ချက်ချင်းပင်...

"တံခါးစေ့ထားတယ် ဝင်ခဲ့ပါ"

သူ၏စကားဆုံးလျှင်...

"ကျွီ..."

တံခါးပွင့်သွားပြီး ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိသူ တစ်ယောက် အခန်းတွင်းသို့ ဝင်လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူမှာ မြခွေး ဖြစ်သည်။

စီးမင်ချူးက မေးလိုက်၏။



"မြခွေးက လက်နှစ်ဖက်ထုတ်ကာ ဦးညွတ်အရိုအသေ ပြုလိုက်ပြီးလျှင် အစီရင်ခံသည်။

"သားကောင် လွတ်သွားပါပြီ"

"ဘာကွ ..."

စီးမင်ချူး၏အသံ ဟိန်းထွက်လာသည်။

သူက မြခွေးအား ကြည့်လိုက်ပြီး မေးလိုက်လေ၏။

"သားကောင် လွတ်သွားပြီ ဟုတ်လား"

မြခွေးက...

"ဟုတ်ပါတယ် ခင်ဗျာ"

စီးမင်ချူးက...

"ဘယ်လိုလုပ်ပြီး လွတ်သွားတာလဲ"

မြခွေးက...

"သူ့ဘာသာ ထွက်သွားတာပါ"

စီးမင်ချူး အံ့အားသင့်သွား၏။

"သူ့သဘောနဲ့သူ ထွက်သွားတာ ဟုတ်လား"

မြခွေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ထို..."

စီးမင်ချူးသည် ကြမ်းပြင်ပေါ် ခြေဆောင့်ကာ တံတွေးထွေး လိုက်သည်။

မြခွေးက ငြိမ်နေလိုက်ရလေသည်။ ထပ်ပြောလျှင် အပြစ် ဒဏ်ခံရမည်။

စီးမင်ချူးက မေးလိုက်သည်။

"သူထွက်သွားတာတောင် မင်းတို့ မသိကြဘူးလား၊ မတားဆီး ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးက ရှင်းပြသည်။

"သူလွတ်သွားပြီဆိုတာ သိရတာနဲ့ သခင်မလေးကို သွားပြီး အကြောင်းကြားပါတယ်၊ ဒါပေမယ့် သခင်မက ဘာမှမပြောတော့ ကျွန်တော်တို့ ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်ခဲ့ကြပါတယ် ဒါကြောင့် သခင်လေးဆီ လိုက်လာပြီး သတင်းပို့တာပါ"

စီးမင်ချူးက...

"မင်တို့တွေ တစ်ယောက်မှ သူ့နောက်ကို မလိုက်သွားကြ ဘူးလား"

မြေခွေးက...

"သခင်မက အမိန့်မပေးပေမယ့် အခြေအနေသိရအောင် မိစ္ဆာ လေးဖော် လိုက်သွားကြပါတယ်"

စီးမင်ချူးက ပြောလိုက်၏။

"ကောင်းတယ် သူဘာယ်ရောက်နေတယ်၊ ဘာတွေ ဖြစ်နေ တယ်ဆိုတာ ငါသိချင်တယ်၊ ပြိုင်ပွဲက ပြီးသေးတာမဟုတ်ဘူး၊ ငါက အနိုင်ရဖို့လိစ္စပြီဆိုရင် သူဘာပဲဖြစ်ဖြစ် အရေးမကြီးတော့ဘူး အေး တစ်စုံတစ်ရာ ဖြစ်ခဲ့ပြီဆိုရင် သူနဲ့ငါ စာရင်းရှင်းရဦးမယ်၊ သူ့ကို ချမ်းသာမပေးနိုင်တော့ဘူး"

မြေခွေးက...

"စိတ်ချပါ သခင်လေး၊ မိစ္ဆာလေးဖော်ဟာ သူ့ကို မျက်ခြည် မပြတ် စောင့်ကြည့်နေကြမှာပါ"

စီးမင်ချူးက...

"အေး...မင်းရောက်တုန်းရောက်ခိုက် အတော်ပဲ၊ မင်း ခိုင်းစရာ ရှိသေးတယ်"

မြေခွေးက...

"အမိန့်ရှိပါ သခင်လေး"



စီးမင်ချူးက မေးလိုက်၏။

"ငါ့မှာ အစိတ္တဖြိုင်ဘက် သုံးယောက်ရှိတယ်ဆိုတာ မင်း သိထားတယ် မဟုတ်လား"

မြေခွေး ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့...သိပါတယ်"

စီးမင်ချူးက...

"သူတို့အကြောင်းနဲ့ သူတို့ရဲ့ သိုင်းပညာကို ငါသိချင်တယ်၊ ဒါ မင်းစုံစမ်းပေးရမယ်၊ အတိအကျနော်"

မြေခွေး ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ သခင်လေး၊ ဒါ မခက်ခဲပါဘူး ခင်ဗျာ"

"စုံစမ်းပြီးရင် ငါ့ဆီကို အမြန်ဆုံး သတင်းပို့ရမယ်"

"စိတ်ချပါ သခင်လေး"

စီးမင်ချူး လက်ဝှေ့ယမ်း လိုက််၏။

"မင်းသွားတော့"

"ဟုတ်ကဲ့"

မြေခွေးသည် စီးမင်ချူးကို ဦးညွှတ်ပြီး အခန်းတွင်းမှ ထွက် သွားလေတော့သည်။

အကြာမီအချိန်အတွင်း...

မြေခွေးသည် စီးမင်ချူးထံသို့ ပြန်လည်ရောက်ရှိလာသည်။

စီးမင်ချူးက...

"အခြေအနေ ဘယ်လိုရှိသလဲ"

ဆီးကြို့မေးမြန်းလိုက်သည်။

မြေခွေးက...

"ကျွန်တော် စုံစမ်းသိရှိသမျှ တင်ပြပါ့မယ် သခင်လေး"

"အေး...ပြောစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဓားသမား ထုကျိုဟာ ဓားဝိဇ္ဇာဂိုဏ်းက အားထားရတဲ့ ကိုယ်ရံတော် သိုင်းသမားတစ်ယောက်ပါ၊ သူရဲ့ပညာကတော့ ဓားပညာပါပဲ"

စီးမင်ချူး ငေါက်လိုက်သည်။

"ငါက အရေးကြီးတဲ့ အချက်တွေကိုပဲ သိချင်တာကွ"

မြေခွေးက ...

"ဟုတ်ကဲ့ ... ဓားသမား ထုကျိုဟာ ငါးနှစ်အတွင်း ကျင်းပခဲ့တဲ့ ဓားဝိဇ္ဇာဂိုဏ်းက ပွဲတွေမှာ အနိုင်ရဖိုလ်စွဲမှ ကျန်းနန်ပြိုင်ပွဲကို ဝင်လာခဲ့တာပါ၊ သူ့ကို အနီးကပ် သင်ကြားပေးသူကတော့ သူ့ဆရာ ဓားဝိဇ္ဇာဂိုဏ်းချုပ်ပါ"

"နောက်ကော ..."

"ဓားဝိဇ္ဇာဂိုဏ်းချုပ် ကိုယ်တိုင် ထုကျိုကို အားထားပေမယ့် တစ်နေ့မှာ ဂိုဏ်းချုပ်ရာထူးကို လွှဲပြောင်းပေးမှာ မဟုတ်ဘူးလို့ သိရပါတယ်"

စီးမင်ချူး မျက်မှောင်ကုတ်သွား၏။

မြေခွေးကိုကြည့်ကာ မေးလိုက်၏။

"ဘာဖြစ်လို့လဲ"

မြေခွေးက ...

"ကျွန်တော်စုံစမ်းကြည့်တဲ့အခါ ဓားသမား ထုကျိုဟာ ဓားဝိဇ္ဇာဂိုဏ်းက စည်းကမ်းတစ်ခုကို ဖျက်မိခဲ့တယ်လို့ ပြောပါတယ်"

စီးမင်ချူး စိတ်ဝင်စားသွား၏။

သူက မေးလိုက်သည်။

"ဘယ်လို စည်းကမ်းဖောက်ဖျက်တာလဲ"

မြေခွေးက ...

"ဒါတော့ စုံစမ်းလို့ မရပါဘူး"



စီးမင်ချူးက ...

"နောက်ကော"

"ဒါပါပဲ သခင်လေး"

စီးမင်ချူး သက်ပြင်းချလိုက်၏။

"အင်းလေ ဒီလောက်ဆိုရင်ပဲ ကျေနပ်စရာ ကောင်းလှပါပြီ၊ မနက်ဖြန် သူနဲ့ငါ ယှဉ်ပြိုင်ရမှာ၊ အင်း ... သူ့ကို ငါအနိုင်ယူနိုင်ပြီပေါ့"

ဟု ပြောပြီး လက်သီးကို ဆန့်ထုတ်လိုက်သည်။

ထို့နောက် ...

"ကျန်တဲ့လူတွေကော ..."

မြေခွေးက ...

"လုံနီကြူးစိန်ကို သံမဏိ သန်းဖုံးက အနိုင်ရလိမ့်မယ်လို့ လူတိုင်း ပြောနေကြပါတယ်"

စီးမင်ချူး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သံမဏိသန်းဖုံးပဲ နိုင်မှာ သေချာတယ်၊ သူ့ကို ငါ အနိုင်ယူမှ ဖြစ်မယ်"

မြေခွေးက ...

"သခင်လေးပဲ အနိုင်ရမှာပါ"

စီးမင်ချူး ပြုံးလိုက်၏။

သူက ကျေနပ်သော လေသံဖြင့် ပြောလေ၏။

"မင်းက ငါနဲ့ အဆက်အသွယ် မပြတ်စေနဲ့"

မြေခွေးက ...

"စိတ်ချပါ သခင်လေး"

"မင်းသွားတော့"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးသည် စီးမင်းချူးအား နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

❖ ❖ ❖

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်သည်။

နေခြည်ထွက်ပေါ်လာသည်နှင့် သိုင်းပြိုင်ပွဲကျင်းပရာ မြေကွက်လပ်တွင် လူစည်ကားလာသည်။

ယနေ့...

ယနေ့သည် သိုင်းပြိုင်ပွဲ၏ နောက်ဆုံးနေ့ မဟုတ်ပါလား။

နောက်ဆုံးနေ့ ပြိုင်ပွဲတွင် စီးမင်းချူးနှင့် ဓားသမား ထုကျိုက တစ်ပွဲ။

လုံနီကြူးစိန်နှင့် သံမဏိသန်းမုံးတို့က တစ်တွဲ ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ထိုအတွဲနှစ်တွဲမှ အနိုင်ရသူချင်း ထပ်မံယှဉ်ပြိုင်ကြလိမ့်မည် ဖြစ်သည်။

ထို့ကြောင့် သိုင်းပြိုင်ပွဲကြည့်မည့် ပရိသတ်များ ကြက်ပျံမကျ စည်ကား သိုက်မြိုက်နေပါတော့သည်။

မြေကွက်လပ်၏ ဝဲဘက်တွင် ဝင်းဝိုင်းတစ်ဝိုင်း၊ ယာဘက်တွင် စည်းဝိုင်း တစ်ဝိုင်း ပြုလုပ်ထားသည်။

ဝဲဘက်စည်းဝိုင်းတွင် စီးမင်းချူးနှင့် ဓားသမားထုကျိုတို့ ရှိနေ၍ ယာဘက်စည်းဝိုင်းတွင် သံမဏိသန်းမုံးနှင့် လုံနီကြူးစိန်တို့ နေရာယူထားကြသည်။

သူတို့သည် ပရိသတ်ကို ဂါရဝ ပြုလိုက်ကြသည်။

ပြိုင်ပွဲကို တာဝန်ယူထားသည့် သိုင်းအဖွဲ့အစည်းကြီးမှ သခင်လူကြီးများကို ဦးညွှတ်ဂါရဝ ပြုလိုက်သည်။



တစ်ဖန် အချင်းချင်း ဂါရဝ ပြုလိုက်ကြသည်။

ထိုစဉ်...

"ဒေါင်..."

အချက်ပေးမောင်းသံ ထွက်ပေါ်လာသည်။

မောင်းသံနှင့် မရှေးမနှောင်းမှာပင်...

"ယား..."

ပြိုင်ပွဲဝင်များ ညာသံပေးရင်း စတင်ယှဉ်ပြိုင်လိုက်ကြလေတော့သည်။

စီးမင်းချူး စိတ်လှုပ်ရှားနေသည်။

ဓားသမားထုကျိုအား အနိုင်ရဖို့ အရေးကြီးနေသည် မဟုတ်ပါလား။

ထုကျိုအား အနိုင်ရမည်ဟု ယုံကြည်ထားသော်လည်း သတိထား နေရလေသည်။

အကယ်၍...

ခြေချော်လက်ချော်ဖြစ်ကာ ရှုံးနိမ့်သွားမည်ဆိုပါလျှင် ရှက်ဖွယ်ကောင်းလှသလို ဖြစ်ပေလိမ့်မည်။

စီးမင်းချူး သတိကြီးစွာ ထားနေစဉ်မှာပင် ထုကျိုကစတင် တိုက်ခိုက်လာလေသည်။

"ဝိုး...ဝိုး..."

ထုကျိုက ဓားဝှေ့ယမ်းလိုက်သောအခါ လေပြင်းတိုက်ခတ်သံ များကဲ့သို့ ရူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ထုကျို၏ ဓားသည် စီးမင်းချူးထံသို့ တစ်ဟုန်ထိုး ထိုးဝင်လာလေသည်။

စီးမင်းချူးက ရတနာစီချယ်ထားသော ဓားတစ်လက်ဖြင့် ကာဆီးထားလေသည်။

www.burmeseclassic.com



ရတနာဓားကို ဇေ့ယမ်းကာ ချက်ချင်းပြန်လည် တိုက်ခိုက်လိုက်သည်။

"ခြွမ်း...ခြွမ်း"

ဓားချင်း ထိတွေ့မိသောအသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

စီးမင်းချူးကော ထုကျိုပါ နောက်သို့ ပြိုင်တူဆုတ်လိုက်ကြရသည်။

စီးမင်ချူး မျက်မှောင်ကုတ်သွား၏။

"သူ့ရဲ့အတွင်းအားက မခေပါလား"

သူ၏စိတ်ထဲ တွေးလိုက်မိသည်။

ထုကျိုသည် အတွင်းအားသာမက ဓားပညာလည်း အလွန်ကျွမ်းကျင်သူဖြစ်ကြောင်း ထင်ရှားနေသည်။

အနိုင်ရနိုင်ပါမည်လားဟု သံသယစိတ် တဖြည်းဖြည်းဝင်လာလေတော့သည်။ ဤသည်မှာ မကောင်းပေ။ သံသယသည် ရှုံးနိမ့်ခြင်း၏ နိဒါန်းဖြစ်သည်။

စီးမင်ချူးသည် သိုင်းလောကသားတစ်ယောက် ဖြစ်ခဲ့သော်လည်း နာမည်ကျော်သူ မဟုတ်လေရာ အတွေ့အကြုံ ကြွယ်ဝခြင်း မရှိဟု ဆိုရမည်။

ယခု...ဓားပညာကို အပြင်းအထန် လေ့ကျင့်ပြီး ပြိုင်ပွဲဝင်ရောက်လာခြင်း ဖြစ်သည်။

သူ လေ့ကျင့်ခဲ့သော ဓားပညာသည် ပြိုင်ဘက်ကင်း ဓားပညာရပ်မျိုး ဖြစ်နေ၍ အနိုင်ရဖို့လ်စွဲမည်ဟု ယုံကြည်ခဲ့သည်။

လက်တွေ့တွင် ဓားပညာသာမက အတွေ့အကြုံ ရင့်ကျက်မှုနှင့် အတွင်းအားလည်း အဓိကကျသေးကြောင်း သိလိုက်ရခြင်း ဖြစ်သည်။



ထုကျိုသည် ချက်ချင်းပင် ရှေ့တိုးလာပြီး အော်ပေါက်လေသည်။

"ဓားလွှတ်ချလိုက်စမ်း"

ဓားကို ဇေ့ယမ်းကာ ခုတ်ချလာသည်။

သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေသည်။

စီးမင်ချူး ရင်ထိတ်သွား၏။

သူက တွေဝေငေးငိုင်နေသဖြင့် ရုတ်တရက် ပြန်လည်ခုခံနိုင်စွမ်း မရှိအောင် ဖြစ်သွားလေသည်။

ထုကျို၏ တိုက်ခိုက်မှုကြောင့် ဒုက္ခရောက်တော့မည် ဖြစ်သည်။

စီးမင်ချူး ကပျာကယာ နောက်ဆုတ်ရန် ကြိုးစားရင်း ပြောလိုက်၏။

"ဓားပါရွာကိုဏ်းရဲ့ စည်းကမ်းချက်ကို ဖောက်ဖျက်ထားမိခဲ့တာ မင်းမေ့သွားပြီလား"

ဤတွင်...

"ဟင်..."

ထုကျို တအံ့တသြ ဖြစ်သွားသည်။

ခန္ဓာကိုယ် ဆတ်ခနဲ ဖြစ်သွားကာ သူ၏ တိုက်ခိုက်မှု ရုတ်ခြည်း ရပ်တန့်သွားသည်။

စီးမင်ချူးကို မျက်လုံးပြူး၍ ကြည့်ရင်း...

"မင်း...မင်း ဘယ်လိုလုပ်ပြီး သိတာလဲ"

စီးမင်ချူး အားတက်သွား၏။

ထုကျိုတွင် မည်သို့သော အပြစ်ရှိနေမှန်း မသိပါ။

သို့သော် ဓားပိရွာဂိုဏ်းမှ စည်းကမ်းတစ်ခုခုကို ချိုးဖောက်ထားခဲ့မိသော အပြစ်ကြောင့် ထုကျိုသည် မလုံမလဲထိတ်လန့်အေးမှန်း ရိပ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်...

"ငါဘယ်လိုလုပ် သိတယ်ဆိုတာ အရေးမကြီးဘူး၊ လူသိ မခံချင်ရင် အရှုံးပေးလိုက်ပါ"

သူက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်သည်။

တစ်ဆက်တည်းပင်...

ဓားရှေ့ယမ်းကာ တိုက်ခိုက်လိုက်သည်။

ထုကျိုသည် သူ၏အပြစ်ကို ဖော်ထုတ်မည်ကို ကြောက်ရွံ့ကာ ပြန်လည်တိုက်ခိုက်ခြင်း မပြုချေ။

"ခွမ်း...ခွမ်း..."

ဓားဓားချင်း ထိတွေ့သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထုကျိုသည် ရင်ဆိုင်ဖို့ မကြိုးစားဘဲ ဓားအား လွှတ်ချလိုက်လေတော့သည်။

ထုကျို၏ လက်ထဲမှဓား လွတ်ကျသွားသည်နှင့်...

"ဒို..."

မောင်းထုသံ ထွက်ပေါ်လာလေတော့၏။

ပြိုင်ပွဲအရှုံးအနိုင်ပေါ်ကာ ပြီးဆုံးသွားပြီဖြစ်ကြောင်း အချက်ပေးလိုက်ခြင်း ဖြစ်ပါ၏။

"စီးမင်ချူး အနိုင်ရပြီကွ"

စီးမင်ချူးအား သဘောကျအားပေးနေသူများက ဝမ်းသာအားရ အော်ဟစ်လိုက်ကြလေသည်။

ထုကျိုသည် ခေါင်းငိုက်စိုက်ချ၍ စည်းဝိုင်းအတွင်းမှ ထွက်ခွာသွားလေသည်။

စီးမင်ချူးမှာ မျက်နှာ တပြုံးပြုံးဖြင့် အောင်ပွဲခံနေလေတော့၏။

❖ ❖ ❖



သိုင်းပြိုင်ပွဲကို တာဝန်ယူ ကြီးကြပ်ရသည့် ထိပ်သီးသိုင်းသမားကြီးများတွင် ဝူတန်ဂိုဏ်းချုပ်နှင့် ကျင်းလိမ်မြို့စားသည် အဓိကကျလှသည်။

သူတို့သည် သိုင်းလောက၌ ဝါအရင့်ဆုံး သိုင်းသမားကြီးများ ဖြစ်ကြသည် မဟုတ်ပါလား။

စီးမင်ချူးနှင့် ဓားသမားထုကျိုတို့၏ ယှဉ်ပြိုင်ပွဲတွင် စီးမင်ချူး အနိုင်ရခဲ့သည်။

လုံနီကြူးစိန်နှင့် သံမဏိသန်းဖုန်းတို့၏ ယှဉ်ပြိုင်ပွဲတွင် အများမျှော်လင့်ထားသည့်အတိုင်း သံမဏိသန်းဖုံး အနိုင်ရခဲ့သည်။

နောက်ဆုံးပြိုင်ပွဲအဖြစ် စီးမင်ချူးနှင့် သံမဏိသန်းဖုံးတို့ ယှဉ်ပြိုင်ကြရလိမ့်မည် ဖြစ်သည်။

နောက်ဆုံးပြိုင်ပွဲ မစမီ ခေတ္တ အနားပေးထားသော အချိန်၌ သမာဓိ လူကြီးများဖြစ်ကြသော ဝူတန်ဂိုဏ်းချုပ်နှင့် ကျင်းလိမ်မြို့စားတို့ စကားပြောဖြစ်ကြသည်။

ကျင်းလိမ်မြို့စားက မေးသည်။

"ပြိုင်ပွဲအခြေအနေကို ဘယ်လို သဘောရလဲ မိတ်ဆွေ"

ဝူတန်ဂိုဏ်းချုပ်က...

ပြိုင်ပွဲတစ်လျှောက် ကျေနပ်အားရစရာ ကောင်းပါတယ်၊ လူငယ် လူရွယ်တွေဟာ အတော်ကို ကြိုးစားခဲ့ကြတာပဲ၊ သိုင်းလောကအတွက် အားရှိစရာပေါ့ဗျာ"

ကျင်းလိမ်မြို့စားက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ ဒီနှစ်မှာ ကျုပ်ကတော့ လူငယ် လူရွယ်လေးယောက်ကို မျက်စိထဲ မြင်မိတယ်"

ဝူတန်ဂိုဏ်းချုပ် ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ...စီးမင်းချူး၊ ဓားသမားထုကျို၊ သံမဏိသန်းဖုံးနဲ့ လုံနီကြူးစိန်တို့ မဟုတ်လား"

ဟု မေးလိုက်၏။

ကျင်းလိမ်မြို့စား ခေါင်းညိတ်လိုက်ပြန်သည်။

"ဟုတ်ပါတယ်၊ သူတို့လေးယောက်ဟာ အလားအလာရှိတဲ့ လူငယ်တွေလို့ ပြောရမှာထက်တောင် ပိုပါသေးတယ်၊ ထိပ်သီး သိုင်းသမားတွေရဲ့ နေရာကိုလုမယ့် လူငယ်တွေဗျ"

ဂူတာန် ဂိုဏ်းချုပ်က...

"သိုင်းလောကရဲ့ မျိုးဆက်သစ်တွေပေါ့"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ရုတ်တရက် သူတို့၏မျက်နှာမှာ တည်ကြည်လေးနက် သွားလေတော့သည်။

ကျင်းလိမ်မြို့စားက လေးနက်စွာ ပြောသည်။

"ဒါပေမယ့် ဒီပြိုင်ပွဲမှာ ပြောစရာလေးတစ်ခု ရှိနေတယ်လို့ ကျုပ်ထင်တယ်၊ မိတ်ဆွေကော ဘယ်လိုသဘောရသလဲ"

ဂူတာန် ဂိုဏ်းချုပ်က...

"ဟုတ်တယ်၊ ကျုပ်က ကိစ္စတစ်ခုကို ဘဝင်မကျ ဖြစ်မိတယ်ဗျ..."

ကျင်းလိမ်မြို့စားက...

"ဓားသမား တုရှောင်နဲ့ စီးမင်းချူးတို့ ယှဉ်ပြိုင်ပွဲကိစ္စ မဟုတ်လား"

ဂူတာန် ဂိုဏ်းချုပ်က...

"ဟုတ်တယ်"

ကျင်းလိမ်မြို့စားက ...



"အင်း...မိတ်ဆွေနဲ့ကျုပ် အမြင်ချင်း တူနေပြီ ထင်ပါရဲ့"

ဂူတာန် ဂိုဏ်းချုပ်က မေးသည်။

"မြို့စားကြီးက ဘယ်လိုအမြင်မျိုး ရှိနေလို့လဲဆိုတာ ပြောစမ်းပါဦး"

ကျင်းလိမ်မြို့စား သက်ပြင်းချလိုက်၏။

ထို့နောက် တည်ငြိမ်သောလေသံဖြင့်...

"ဒီလိုပါ ထုကျိုနဲ့ စီးမင်းချူးတို့ ယှဉ်ပြိုင်နေကြတဲ့အခါမှာ တုရှောင်ဟာ သိုင်းတစ်ကွက် အသာစီးသွားတာ တွေ့လိုက်ရတယ်၊ မိတ်ဆွေကော ဘယ်လို သဘောရသလဲဗျ"

ဂူတာန် ဂိုဏ်းချုပ်က...

"ဟုတ်တယ် ကျုပ် သေသေချာချာ သတိထားလိုက်မိတယ်၊ ထုကျိုဟာ ဆက်ပြီး တိုက်ခိုက်လိုက်မယ်ဆိုရင် အနိုင်ရသွားမှာ သေချာတယ်"

ကျင်းလိမ်မြို့စားက...

"သူက ဘာကြောင့်ဆက်ပြီး မတိုက်ခိုက်သလဲဆိုတာ ကျုပ် စဉ်းစားလို့ မရဘူး"

ဂူတာန် ဂိုဏ်းချုပ်က...

"ဟုတ်တယ်၊ သူက ဆက်ပြီး တိုက်ခိုက်လိုက်တာနဲ့ အနိုင်ရသွားမှာ သေချာတယ်၊ သူက ဘာကြောင့် ဆက်ပြီး မတိုက်ခိုက်ရတာလဲ၊ ဘာကြောင့် ရပ်လိုက်ရတာလဲ၊ စဉ်းစားမရစရာ ဖြစ်နေပြီ"

ကျင်းလိမ်မြို့စားက...

"ပိုပြီး နားမလည်နိုင်စရာ ကောင်းတာက နိုင်ကွက်ပေါ်နေပါလျက်နဲ့ ရပ်လိုက်ပြီး စီးမင်းချူးက တိုက်ခိုက်လိုက်တဲ့အခါ မခုခံဘဲ အရှုံးပေးလိုက်တာပဲဗျ"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝူတာန် ဂိုဏ်းချုပ် မျက်မှောင်ကုတ်သွား၏။

"တမင်အရှုံးပေးလိုက်တဲ့သဘော သက်ရောက်နေတယ်လို့ မြို့စားကြီး ပြောချင်တာလား"

ကျင်းလိမ်မြို့စားက...

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်စိတ်ထဲမှာ ဆက်ပြီး တိုက်ခိုက်ရင် အနိုင်ရမယ်ဆိုတာ သိပါလျက်နဲ့ မတိုက်ဘဲ တမင်အရှုံးပေးလိုက်တာပဲ ဖြစ်မယ်လို့ ယုံကြည်နေတယ်"

ဝူတာန်ဂိုဏ်းချုပ် ခေါင်းညိတ်လိုက်၏။

"ကျုပ်လဲ ဒီလိုပဲ ယူဆပါတယ်ဗျာ"

ယခု...

သူတို့နှစ်ယောက်သည် စီးမင်ချူးနှင့် ထုကျိုတို့၏ ယှဉ်ပြိုင်မှု အကြောင်း ဝေဖန်သုံးသပ်ရင်း ထုကျိုက စီးမင်ချူးအား တမင် အရှုံးပေးလိုက်ခြင်း ဖြစ်ကြောင်း ဖော်ထုတ်နိုင်လိုက်ကြပြီ ဖြစ်ပါသည်။

ဝူတာန်ဂိုဏ်းချုပ်က မေးသည်။

"ထုကျို ဘာကြောင့် အရှုံးပေးလိုက်ရတာလဲ"

ကျင်းလိမ်မြို့စားက မေးလိုက်၏။

"ကျုပ်က သေသေချာချာ ကြည့်နေတာပဲ၊ စီးမင်ချူးက ထုကျိုကို တစ်ခုခု လှမ်းပြောလိုက်တာမျိုး တွေ့ရတယ်"

ဝူတာန်ဂိုဏ်းချုပ်က...

"ဖြစ်နိုင်တယ်၊ သူတို့နှစ်ယောက် တိုက်ခိုက်ရင်း မျက်တောင် တစ်ခတ်စာလောက် တုံ့ခနဲ ရပ်သွားကြတာပဲ"

ကျင်းလိမ်မြို့စားက...

"ထုကျိုဟာ စီးမင်ချူးကို အနိုင်ရအောင် ကြိုးစားခဲ့တာ အားလုံးတွေ့မြင်ခဲ့ကြတာပဲ၊ ဒါကြောင့် တမင်အရှုံးပေးလိုက်[illegible]တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ စီးမင်ချူးကို အနိုင်ယူနိုင်မယ့် အ[illegible]နေ



ရောက်တဲ့အခါမှ တစ်ခုခု လှမ်းပြောလိုက်တာကြောင့် ဆက်မတိုက်ဘဲ အရှုံးပေးလိုက်တာလို့ ကောက်ချက်ချနိုင်တာပေါ့ဗျာ"

သူတို့သည် အတွေ့အကြုံ ကြွယ်ဝသော ဝါရင့် သိုင်းသမားကြီး များ ဖြစ်ကြသည်နှင့်အညီ အဖြစ်မှန်ကို ဝေဖန်သုံးသပ်ကာ အနီးစပ် ဆုံး တွေးတောနိုင်ခဲ့ကြသည်။

ထိုစဉ်...

"မိတ်ဆွေတို့ ဘာတွေ စကားကောင်းနေကြတာလဲဗျ"

စကားသံနှင့်အတူ သူတို့အနီးသို့ လူတစ်ယောက် ရောက်ရှိလာသည်။

ဝူတာန်ဂိုဏ်းချုပ်နှင့် ကျင်းလိမ်မြို့စားတို့ လှမ်းကြည့်လိုက်ကြလေ၏။

ထိုအခါ...

မှိုးခိုးရောင် ဝတ်ဆင်ထားသော အသိုးအိုတစ်ယောက် ရောက်လာသည်ကို တွေ့လိုက်ရ၏။

ကျင်းလိမ်မြို့စားက ရေရွတ်လိုက်သည်။

"သြော်...လူထူးဆန်း ကျင်းတီပါလား"

ဝူတာန်ဂိုဏ်းချုပ်က ပြောလိုက်၏။

"ကျင်းတီ...ခင်ဗျား ဘယ်ပျောက်နေတာလဲ၊ ပြိုင်ပွဲကျင်းပတဲ့နေ့ကတည်းကစပြီး အခုအချိန်မှပဲ တွေ့ရတော့တယ်"

ကျင်းတီက...

"ကျုပ်က ပြိုင်ပွဲကိုလာခဲ့တာပဲ၊ ဒါပေမယ့် အရေးကြီးတဲ့ အကြောင်းကိစ္စတစ်ခု ပေါ်ပေါက်လာလို့ အခုမှပဲ ရောက်လာခဲ့ရတာပါ"

ကျင်းလိမ်မြို့စားက မေးသည်။

"ဘယ်လို အရေးကြီးတဲ့ ကိစ္စတွေများ ပေါ်ပေါက်နေလို့လဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းတီက...

"ခင်ဗျားတို့ အရိပ်မဲ့ဓား ချင်းကိုးကို သိကြတယ်မဟုတ်လား"

"သိတာပေါ့"

"ဘယ်သူက မသိဘဲ နေမှာလဲ"

ကျင်းလိမ်မြို့စားနှင့် ဝူတန်ဂိုဏ်းချုပ်တို့ ပြိုင်တူပြောလိုက်ကြသည်။

ကျင်းတီက...

"ကျုပ်က ချင်းကိုးကို တွေ့ခဲ့ရလို့ပါ"

"ဟင်..."

"ဟာ..."

ကျင်းလိမ်မြို့စားနှင့် ဝူတန်ဂိုဏ်းချုပ်တို့က တအံ့တဩ ဖြစ်သွားကြသည်။

ကျင်းတီကို မျက်လုံးပြူး၍ ကြည့်လိုက်မိကြ၏။

ကျင်းတီက စိတ်မောတ်ကျစွာ ပြောသည်။

"ချင်းကိုးဟာ အရက်သမား တစ်ယောက်လုံးလုံးအဖြစ် ကိုယ့်ကိုယ်ကို ဖျက်ဆီးပစ်လိုက်ပြီဗျ"

ကျင်းလိမ်မြို့စားနှင့် ဝူတန်ဂိုဏ်းချုပ်တို့ နားမလည်နိုင်အောင် ဖြစ်သွားကြသည်။

ကျင်းလိမ်မြို့စားက...

"ဘယ်လို ဖြစ်သွားတာလဲ၊ သူ သိုင်းလောကကနေ ပျောက်ဆုံးသွားတာ အတော်ကြာနေပြီ မဟုတ်လား"

ကျင်းတီက...

"ဘယ်လို ဖြစ်ရတယ်ဆိုတာတော့ ကျုပ်လဲ မသိဘူး၊ ကျုပ်တွေ့ရတာတော့ ပျက်စီးနေတဲ့ ချင်းကိုးပဲဗျ"

သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်သည်။



ကျင်းလိမ်မြို့စားနှင့် ဝူတန်ဂိုဏ်းချုပ်တို့ငြိမ်၍ နားထောင်နေလိုက်ကြသည်။

ကျင်းတီ၏ စကားဆုံးသွားတော့မှ ညည်းတွားလိုက်မိကြသည်။

"အတော့်ကို ထူးဆန်းတာပဲ၊ ချင်းကိုး ဒီလို ဖြစ်သွားမယ်လို့ ကျုပ်တို့ ဘယ်လိုမှ မထင်မိခဲ့ကြဘူးဗျာ"

ကျင်းလိမ်မြို့စားက...

"ချင်းကိုးနဲ့ ပတ်သက်ပြီး သတင်းဆိုးတစ်ခု ထွက်ပေါ်လာခဲ့တာ မှန်နေပြီ ထင်တယ်"

ကျင်းတီက...

"ဘာလဲ... ခင်ဗျား ယုံကြည်လို့လား"

"ဟာ... ကျုပ် မယုံပါဘူးဗျာ"

ကျင်းလိမ်မြို့စားက ချက်ချင်း ငြင်းလိုက်သည်။

ဝူတန်ဂိုဏ်းချုပ်က...

"ကျုပ်လဲ မယုံဘူး"

ကျင်းတီ သက်ပြင်းချလိုက်သည်။

"ဟုတ်တယ် ချင်းကိုးဟာ မလွတ်လပ်တဲ့ အိမ်ထောင်ရှင်မကလေးတစ်ယောက်ကို ဖော်ကားခဲ့တယ်လို့ သတင်းဖြစ်ပေါ်ခဲ့တယ်၊ ဒါပေမယ့် သိုင်းလောကမှာ တာဝန်ရှိတဲ့ သိုင်းသမားကြီးတွေကတော့ မယုံကြည်ခဲ့ကြပါဘူး"

"ကျုပ် မယုံပါဘူးဗျာ"

"ဟုတ်တယ်"

ဝူတန်ဂိုဏ်းချုပ်နှင့် ကျင်းလိမ်မြို့စားတို့သည် ငြင်းလိုက်ကြသည်။

ကျင်းတီက ပြောသည်။

"ချင်းကိုးကို တစ်ယောက်ယောက်က ဒုက္ခပေးနေတယ်လို့

www.burmeseclassic.com



ကျုပ်ထင်တယ်၊ ဒါပေမယ့် သူကိုယ်တိုင်က အကူအညီပေးတာကို လက်မခံဘူး၊ ဒါကြောင့် ကျုပ်လည်း စိတ်ပျက်ပြီး ထွက်လာခဲ့တာပဲ"

ကျင်းလိမ်မြို့စားနှင့် ဝူတန်ဂိုဏ်းချုပ်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

အတန်ကြာမှ...

"အခု သူဘယ်မှာလဲ"

ကျင်းလိမ်မြို့စားက ကျင်းတီဘက်လှည့်ကာ မေးလိုက်၏။

ကျင်းတီက စိတ်ပျက်စွာ ပြောသည်။

"ကျုပ်တော့ ထားပစ်ခဲ့တာပဲ၊ သူလဲ ခြေဦးတည့်ရာ လျှောက်သွားနေမှာပေါ့"

ကျင်းလိမ်မြို့စားက...

"ကျုပ်တို့ ဒီအတိုင်း လက်ပိုက်ကြည့်မနေ သင့်ဘူးလို့ထင်တယ်"

ကျင်းတီက ပြန်မေးသည်။

"ခင်ဗျား ဘာလုပ်ချင်လို့လဲ"

ကျင်းလိမ်မြို့စားက...

"သူ့ကို အကူအညီပေးရမှာပေါ့"

သိုင်းလောကမှ ထိပ်သီးသိုင်းသမားကြီးများသည် အရိုပ်မဲ့ချင်းကိုးအပေါ် သံယောဇဉ် ရှိကြသည်။

ချင်းကိုးသည် သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့စဉ် အများအကျိုး၊ သိုင်းလောကအကျိုး ဆောင်ရွက်ခဲ့သည်။ ဒုက္ခရောက်သူများကို ကူညီခဲ့သည်။

သို့ဖြစ်၍...

သိုင်းသမားကြီးများက သူ့အား သံယောဇဉ် ရှိကြခြင်း ဖြစ်သည်။



အရိုပ်မဲ့ဓားနှင့် ပတ်သက်၍ မကောင်းသတင်း ဖြစ်ပေါ်ခဲ့သည်ကို မည်သူမျှ မယုံကြည်ကြချေ။

အရိုပ်မဲ့ဓား သိုင်းလောကမှ ပျောက်ဆုံးသွားခြင်းကြောင့် တွေ့လိုစိတ်များ ဖြစ်ပေါ်နေကြသည်။

ယခု...

အရိုပ်မဲ့ဓား၏ သတင်းကို ကြားလိုက်ရပြီ ဖြစ်သည်။

သို့သော်...

အရိုပ်မဲ့ဓား ချင်းကိုးနှင့် ပတ်သက်၍ ကျင်းတီသည်ပင် အလွန်စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ရကြောင်းလည်း သိလိုက်ကြရသည်။

ကျင်းလိမ်မြို့စားနှင့် ဝူတန်ဂိုဏ်းချုပ်တို့သည် ကျင်းတီအား အရိုပ်မဲ့ဓားအကြောင်း ထပ်မေးရန် ဟန်ပြင်နေကြစဉ်မှာပင်...

"ဒူ..."

မောင်းသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းလိမ်မြို့စားက ပြောလိုက်သည်။

"ပြိုင်ပွဲ စတော့မယ်"

သူတို့ ဆက်မမေးဖြစ်တော့ပါ။

ပြိုင်ပွဲဆီသို့ အာရုံရောက်သွား ကြလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃၃)

# ပြိုင်ပွဲ၏ အထွတ်အထိပ်

နောက်ဆုံးပြိုင်ပွဲ စတော့မည် ဖြစ်သည်။

မြေကွက်လပ်ရှိ စည်းဝိုင်းထဲသို့ စိးမင်ချူးနှင့် သံမဏိသန်းဖိုး တို့ ဝင်ရောက်လာကြသည်။

"ဟေး...စီးမင်ချူးကွ"

"အနိုင်ရအောင် ကြိုးစားထား"

"စီးမင်ချူး နိုင်ပါစေ"

စီးမင်ချူးအား သဘောကျနေသူများက အော်ဟစ်အားပေး လိုက်ကြသည်။

ထို့အတူ...

"သံမဏိ သန်းဖိုးကွ"

"ပထမဆုရှင်ဟေ့"

"သံမဏိသန်းဖိုးအား သဘောကျသူများလည်း အော်ဟစ် အားပေးလိုက်ကြသည်။

မြေကွက်လပ်တွင် ဩဘာပေးသံများဖြင့် ကျွတ်ကျွတ်ညံနေ သည်။

အသံပေါင်းစုံ ဘဝက်ညံနေသည်။



သမာဓိ လူကြီးများဖြစ်သော ဗုတန်ဂိုဏ်းချုပ်တို့လည်း နေရာ ယူလိုက်ကြပြီဖြစ်သည်။

ကျင်းတီသည် ကျင်းလိမ်ဖြို့စားနှင့်အတူ နေရာယူထားသည်။

စီးမင်ချူးနှင့် သန်းဖိုးတို့သည် ပရိသတ်များကို ဦးညွတ်ဂါရဝ ပြုလိုက်သည်။

တစ်ဖန် သမာဓိလူကြီးများကို ဂါရဝ ပြုလိုက်ကြ၏။

ဩဘာပေးသံများ တဖြည်းဖြည်း တိတ်ဆိတ်သွားသည်။

မကြာမီ ပြိုင်ပွဲစတော့မည်ဖြစ်ရာ ပရိသတ်များသည် ပြိုင်ပွဲကို စိတ်ဝင်တစားဖြင့် စောင့်ကြည့်နေကြလေတော့သည်။

"ဒူ..."

ပြိုင်ပွဲစနိုင်ပြီဖြစ်ကြောင်း အချက်ပေးမောင်းသံ ထွက်ပေါ် လာသည်။

စီးမင်ချူးနှင့် သန်းဖိုးတို့ တစ်ယောက်ကိုတစ်ယောက် ဦးညွတ် လိုက်ကြ၏။

ထို့နောက်...

တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်လိုက်ကြ၏။

ကြောင်က ကြွက်ကိုချောင်းသလို တစ်ယောက်အလစ်ကို တစ်ယောက်က ချောင်းနေကြ၏။

နှစ်ယောက်သား အသင့်ပြင်ရင်း အတန်ကြာ အခြေအနေကို အကဲခတ်ကြည့်လိုက်ကြသည်။

"ယား..."

ပြိုင်တူညာသံပေးကာ စတင်ယှဉ်ပြိုင် တိုက်ခိုက်လိုက်ကြလေ တော့သည်။

သံမဏိသန်းဖိုးသည် ခန္ဓာကိုယ် ထွားကျိုင်းသန်မာသူ တစ် ယောက်ဖြစ်ပြီး လက်နှစ်ဖက်တွင် သံမဏိလက်အိတ် စွပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ လက်သီးထိုးချက် ခံလိုက်ရပါက ကျွဲတစ်ကောင်ပင် ဘုန်းဘုန်းလဲကျ သွားနိုင်လောက်သည်ဟု ဆိုကြသည်။

သန်းဖုံးက လက်သီးနှစ်ဖက် အသုံးပြုကာ တိုက်ခိုက်နေသလို စီးမင်းချူးကလည်း သူ၏ ရတနာဓားကို အသုံးပြုကာ တိုက်ခိုက်နေ၏။

ရုတ်တရက်ကြည့်လျှင်...

စီးမင်းချူးက ဓားရှည်တစ်လက် ကိုင်ဆောင်ထားခြင်းကြောင့် အသာစီး ရနေသည်ဟု ထင်ရသည်။

သို့သော်...

တကယ်တမ်း ရင်ဆိုင်လိုက်ကြသောအခါ သန်းဖုံးက လှုချင်း အတင်းလိုက်၍ ပူးကပ်ကာ တိုက်ခိုက်နေသဖြင့် စီးမင်းချူးမှာ ဓားရှည်ကို ထိထိရောက်ရောက် အသုံးပြု၍ မရနိုင်အောင် ဖြစ်နေတော့သည်။

သမာဓိ လူကြီးများအတွက် သတ်မှတ်ထားသော နေရာတွင် နေရာယူကာ ကြည့်နေကြသည့် ကျင်းလိမ်မြို့စား ငွတန်ဂိုဏ်းချုပ်နှင့် ကျင်းတိတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

ကျင်းလိမ်မြို့စားက ဝေဖန်လိုက်သည်။

"အင်း...ထင်တဲ့အတိုင်းပဲ နောက်ဆုံး သန်းဖုံးက အနိုင်ရ ဗိုလ်စွဲသွားမှာ သေချာတယ်"

ငွတန်ဂိုဏ်းချုပ်က ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ ပြိုင်ပွဲက သိပ်ကြာမယ် မထင်ဘူး၊ သန်းဖုံးဟာ အတော်ကြီးစားတဲ့ လူငယ်တစ်ယောက်ပဲ"

သူက ချီးကျူးလိုက်သည်။

ကျင်းတိက...

"သူ့ရဲ့သိုင်းကွက်တွေက ဟာကွက်မရှိဘူး၊ ဒါပေမယ့် စီးမင်းချူးက ထိပ်တန်းဓားပညာ တတ်မြောက်ထားမယ်ဆိုရင် သန်းဖုံး အနိုင်မရပေမယ့်အပြင် အရှုံးနဲ့တောင် ရင်ဆိုင်သွားရလိမ့်မယ်"



မှတ်ချက်ပေးသည်။

"ဟင်..."

"ခင်ဗျား ဘာဃ်လိုပြောလိုက်တာလဲ"

ကျင်းလိမ်မြို့စားနှင့် ငွတန်ဂိုဏ်းချုပ်တို့ တအံ့တဩ ဖြစ်သွားကြလေသည်။

သူတို့၏ ယူဆချက်နှင့် ကျင်းတိ၏ ယူဆချက် ကွဲပြားခြားနားနေသည် မဟုတ်ပါလား။

ကျင်းလိမ်မြို့စားက မေးလိုက်၏။

"ခင်ဗျားက စီးမင်းချူး အနိုင်ရမယ်လို့ ယူဆတာလား"

ငွတန်ဂိုဏ်းချုပ်က ဆောဒက တက်လိုက်သည်။

"သေသေချာချာလဲ ကြည့်ပါဦး၊ စီးမင်းချူး နိုင်မယ့်လမ်းကို ကျုပ်တော့ လုံးလုံး မမြင်မိဘူး"

သူတို့သည် စီးမင်းချူး ရှုံးနိမ့်သွားပြီး သန်းဖုံး အနိုင်ရလိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်ထားကြလေသည်။

ကျင်းတိ(က) တည်ကြည်သော မျက်နှာထားဖြင့် ရှင်းပြသည်။

"ကျုပ်က စီးမင်းချူးဟာ ထိပ်တန်း ဓားပညာ တတ်မြောက်ထားရင် အနိုင်ရလိမ့်မယ်လို့ ပြောတာပါ"

ကျင်းလိမ်မြို့စားက...

"အခု သူအသုံးပြုနေတဲ့ ဓားပညာကတော့ ထိပ်တန်းဓားပညာ မဟုတ်ဘူးလား"

ကျင်းတိ ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလိမ်မြို့စား ပို၍ နားမလည်နိုင်အောင် ဖြစ်သွားသည်။

ကျင်းတီက...

"သူ့ရဲ့ ဓားကွက်တွေဟာ တစ်ဖက်လူကို မြူဆွယ်တဲ့ ထောင်ချောက် ဓားကွက်တွေ ဖြစ်ရင်ဖြစ်၊ ဒီလိုမှ မဟုတ်ရင်တော့ ဘိပ်တန်းဓားကွက်လို့ ထင်ရပေမယ့် အတော့်ကို အသုံးမကျတဲ့ ဓားကွက်တွေလို့ ဆိုရမှာပဲ"

ကျင်းလိမ်မြို့စားက ဝူတန်ဂိုဏ်းချုပ်ကို ကြည့်လိုက်သည်။

ဝူတန်ဂိုဏ်းချုပ်က ဘာမှမပြောဘဲ မျက်မှောင်ကုတ်ကာ နားထောင်နေသည်။

ကျင်းတီက ဆက်ပြောသည်။

"သူက ဒီအတိုင်းဆက်ပြီး ယှဉ်ပြိုင်နေမယ်ဆိုရင် ရှုံးသွားမှာပဲ၊ ဒါပေမယ့် ထိပ်တန်းဓားပညာတတ်ထားပြီး ပရိယာယ်ဆင်ထားတဲ့ ဓားကွက်တွေကို သုံးနေမယ်ဆိုရင် သန်းဖုံး မကြာခင်ရှုံးသွားလိမ့်မယ်"

ကျင်းလိမ်မြို့စားက မေးလိုက်၏။

"ဒီထက်ပိုပြီး တိတိကျကျ ရှင်းမပြနိုင်ဘူးလား"

ကျင်းတီက...

"ဒါကတော့ ကျုပ် ရှင်းပြတာထက် စောင့်ကြည့်တာက ပိုကောင်းပါတယ်၊ သန်းဖုံးရဲ့ တိုက်ကွက်တွေကြောင့် စီးမင်ချူးဟာ ဒေါသကျပ်နဲ့ကျပ် ပိုပြီး ဖြစ်လာလိမ့်မယ်၊ ဒီတော့မှ သူ့လျှို့ဝှက်ထားတဲ့ ဓားကွက်တွေကို ထုတ်မသုံးဘူးဆိုရင် သူဟာ ဒုတိယတန်းစားအဆင့်ပဲ ရှိသေးတဲ့ ဓားသမားတစ်ယောက်လို့ ပြောရမှာပဲ"

ကျင်းလိမ်မြို့စား သက်ပြင်း ချလိုက်သည်။

"ခင်ဗျား ပြောမှပဲ ရှင်းမလိုလိုနဲ့ ပိုပြီး ရှုပ်သွားတော့တယ်"

ကျင်းလိမ်မြို့စားက ပြောလိုက်ရာ ဝူတန်ဂိုဏ်းချုပ် ရယ်မောလိုက်လေတော့သည်။



ကျင်းတီက မရယ်ပါ။

တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"ကျုပ်ပြောတာ အကြောင်းရှိပါတယ်၊ ပြိုင်ဘက်ကို လှည့်စားပြီး အနိုင်ယူတတ်တဲ့ ဓားပညာပရိယာယ် ကြွယ်ဝတဲ့နေရာမှာ ဘယ်သူမှ မမီတဲ့ အရိုပ်မဲ့ဓားရဲ့ ဓားကွက်တွေနဲ့ စီးမင်ချူးရဲ့ ဓားကွက်တွေဟာ အတော်ဆင်တယ်လို့ ကျုပ် ထင်မိလို့ပါ"

ထိုစကား ကြားလိုက်ရသောအခါ...

ဝူတန်ဂိုဏ်းချုပ်၏ ရယ်သံ ချက်ချင်း ရပ်သွား၏။

ကျင်းလိမ်မြို့စားလည်း ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

စီးမင်ချူးနှင့် သန်းဖုံးတို့ အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်နေကြဆဲ ဖြစ်သည်။

သို့သော်...

"ကျုပ် အရိပ်မဲ့ဓား ချင်းကိုးနဲ့ အရင်းနှီးဆုံးဆိုတာ အားလုံးသိကြပါတယ်ဗျာ"

အရိပ်မဲ့ဓားသည် သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့စဉ် မကောင်းသူပယ် ကောင်းသူကယ် အမှန်တရားဘက်မှ ရပ်တည်သူ ဖြစ်သည့်အလျောက် လူချစ်လူခင် ပေါများခဲ့သည်။

မိတ်ဆွေသင်္ဂဟ များခဲ့သည်။

အရိပ်မဲ့ဓားသည် များပြားလှသောမိတ်ဆွေများအနက် ကျင်းတီနှင့် ပိုပြီး ရင်းနှီးခဲ့သည်။

သူတို့နှစ်ယောက်အား မကြာခဏဆိုသလို တတွဲတွဲ တွေ့မြင်နိုင်ခဲ့သည်။

အရိပ်မဲ့ဓားအကြောင်း ကျင်းတီထက် မည်သူမျှပိုပြီး သိနိုင်မည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းတီက...

"ချင်းကိုးကို အရိုင်မဲ့စားလို့ ခေါ်ကြတာ သူ့ရဲ့ ထူးခြားတဲ့ စားကွက်တွေကြောင့်ပဲ၊ သူ့ရဲ့စားကွက်တွေဟာ မုန်တိုင်းလို ပြင်းထန်တယ်၊ လျှပ်ပြက်သလို မြန်ဆန်လှတယ်၊ တစ်ခါတလေလဲ အထင်သေးစရာ ကောင်းလောက်အောင် ပျော့ညံ့နေတယ်၊ ဒါပေမယ့် အထင်သေးမိရင် ဘယ်သူမဆို ရှုံးသွားမှာပဲ၊ စားပညာ ပီရယာယ် ကြွယ်ဝတဲ့နေရာမှာ အရိုင်မဲ့စားကို မီတဲ့လူ တစ်ယောက်မှ မရှိသေးဘူးလို့ ကျုပ် ပြောရဲတယ်"

ကျင်းလီမ်မြို့စား သက်ပြင်းချလိုက်သည်။

"ခင်ဗျားပြောတာ ကျုပ် လက်ခံပါတယ်ဗျာ၊ ဒါပေမယ့် စီးမင်ချူးရဲ့ စားကွက်တွေဟာ အရိုင်မဲ့စားရဲ့ စားကွက်တွေနဲ့ ဆင်နေတယ်လို့ ပြောတာကိုတော့ ကျုပ် သိပ်ဘဝင်မကျလှဘူး"

ကျင်းတီက...

"စောင့်ကြည့်ပါဦးဗျာ၊ ကတယ်လို့ စီးမင်ချူးဟာ ပရိယာယ်ဆင်နေတာ မဟုတ်ဘူးဆိုရင် ..."

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

အားလုံးသည် တိုက်ပွဲဆီသို့ ပြန်လည်အကြည့်ရောက်သွားကြသည်။

ထိုအခါ စီးမင်ချူးသည် သံမဏိသန်းဖုံး၏ တိုက်ခိုက်မှုကြောင့် လုံးဝ ရှုံးနိမ့်လုဆဲဆဲ အခြေအနေသို့ ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

တိုက်ပွဲမှာ အပြင်းထန်ဆုံး အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

သန်းဖုံး၏ လက်သီးချက်များသည် စီးမင်ချူးထံသို့ မိုးသီးမိုးပေါက်ပမာ တိုးဝင်သွားသည်။



စီးမင်ချူး၏ တစ်ကိုယ်လုံး သံလက်သီးအရိပ်များ လွှမ်းခြုံနေသည်ဟု ဆိုရမည် ဖြစ်သည်။

အချိန်မရွေး ထိခိုက်မိသွားနိုင်သည့် သဘောရှိသည်။

လက်သီးချက်မိသွားလျှင် စီးမင်ချူး သက်သာလိမ့်မည်မဟုတ်ချေ။

ဗရိသတ်ကြီးမှာ အပ်ကျသံကြားရလောက်ပင် တိတ်ဆိတ်ငြိမ်သက်နေသည်။

တိုက်ပွဲအရှိန် အမြင့်မားဆုံး ရောက်နေပြီဖြစ်ကြောင်း သဘောပေါက်ထားကြပုံ ရလေသည်။

ကျင်းလီမ်မြို့စား၊ ဝူတန်ဂိုဏ်းချုပ်နှင့် ကျင်းတီတို့က စောင့်ကြည့်နေကြလေသည်။

ထိပ်သီး သိုင်းသမားကြီးများပီပီ အခြေအနေ အရပ်ရပ် ပြောင်းလဲလာတော့မည်ဟု သဘောပေါက်လာကြသည်။

သန်းဖုံးက အသာစီးရလိုက်သည်နှင့် ပွဲသိမ်းတိုက်ကွက် ဖော်ထုတ်လိုက်၏။

သူ၏ ခန္ဓာကိုယ်သည် ရုတ်တရက် တုံ့ခနဲ ရပ်သွား၏။

ရှေ့သို့ အနည်းငယ် ငိုက်လိုက်ပြီး လက်သီးအစုံဖြင့် စီးမင်ချူး၏ ရင်ဝသို့ ထိုးသွင်းလိုက်သည်။

"ဟေား..."

သန်းဖုံးအား သဘောကျနေသော ပရိသတ်ကြီးက သန်းဖုံး၏ လက်သီးအစုံကြောင့် စီးမင်ချူး လဲကျသွားတော့မည်ဟု ထင်မှတ်ကာ ဝမ်းသာအားရ အော်ဟစ်လိုက်ကြသည်။

ငြိမ်သက်နေသော ဝရိသတ်ကြီးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်ဟု ဆိုရပေမည်။

အခြေအနေကား ပြောင်းလဲသွားပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သန်းဖုံးက နောက်ဆုံးပွဲသိမ်း တိုက်ကွက် ဖော်ထုတ်လိုက်သည်နှင့် စီးမင်းချူး၏ အနေအထားလည်း ပြောင်းလဲသွားတော့သည်။

သူ၏ ခန္ဓာကိုယ်သည် ခါးကိုကွေးကာ အပေါ်ပိုင်းကို နောက်သို့ လှန်ချလိုက်၏။

လက်ထဲကိုင်ထားသော ဓားကို မြေပေါ်ထောက်လိုက်သည်။

တစ်ဆက်တည်းပင်...

ခြေနှစ်ချောင်းမြှောက်ကာ ခုန်ထွက်လိုက်၏။

ရုတ်တရက် ကြည့်လျှင် အဝေးသို့ ခုန်ထွက်ရှောင်တိမ်းသွားသည်ဟု ထင်မှတ်ရ၏။

သို့သော် သူက အဝေးသို့ ရှောင်တိမ်းသွားခြင်း မဟုတ်ပါ။

ခန္ဓာကိုယ်အပေါ်ပိုင်းကို နောက်သို့ လှန်ချကာ စုံထိုးသွင်းလိုက်သော သန်းဖုံး၏ လက်သီးကို ရှောင်ပြီးသည်နှင့် ချက်ချင်း ရှေ့သို့ ပြန်လည်တိုးလာသည်။

သန်းဖုံးက သူ၏ တိုက်ကွက် မအောင်မြင်သည်နှင့်...

"ယား..."

ညာသံပေးကာ နောက်ထပ် လက်သီးတစ်စုံ ပစ်သွင်းလိုက်ပြန်လေသည်။

နောက်မဆုတ်ဘဲ ရှေ့တိုးပြီး ထိုးသွင်းလိုက်ခြင်း ဖြစ်သည်။

စီးမင်းချူး လဲကျမသွားမချင်း ဆက်တိုက် လက်သီးအတွဲလိုက် အတွဲလိုက် ထိုးသွင်းနေတော့မည့် သဘောရှိသည်။

သူ၏ နောက်ဆုံးတိုက်ကွက်သည် ကြောက်မက်ဖွယ်ကောင်းအောင် အရှိန်အဟုန် ပြင်းထန်နေပြီး သူသေကိုယ်သေ တိုက်ခိုက်ပုံမျိုး ဖြစ်နေပါတော့သည်။

စီးမင်းချူးက ရှေ့တိုးလာခြင်းကြောင့် သန်းဖုံး၏ လက်သီးကို ဝင်တိုးလိုက်သကဲ့သို့ ရှိနေ၏။



စီးမင်းချူး လဲကျသွားတော့မည်ဟု ကျင်းလိမ်မြို့စားပင် ထင်မှတ်လိုက်မိသည်။

သို့သော် သူထင်မှတ်သလို ဖြစ်မလာချေ။

စီးမင်းချူး၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ လှည့်လိုက်၏။

သူ့ကိုယ် တစ်ပတ် လှည့်လိုက်သည်နှင့် အရှိန်ရသွားပြီး လေပွေတစ်ခု လှည့်ပတ်နေသည့်ပမာ လှစ်ခနဲ လှည့်ပတ်လိုက်သည်။

သန်းဖုံး၏ လက်သီးသည် လှရိုပ်ပင် မသဲမကွဲတော့ဘဲ တရစပ် လှည့်ပတ်နေသော စီးမင်းချူးထံသို့ တိုးဝင်သွားလေသည်။

ဤတွင်...

"အား..."

စူးရှသော အော်ဟစ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဝင်းလက်သော ဓားရောင်တစ်ချက် ထွက်ပေါ်လာပြီး သန်းဖုံး၏ လက်သီးတစ်စုံသည် ခန္ဓာကိုယ်မှ ခွဲခွာသွားသည်။

"ဝုန်း..."

သန်းဖုံးသည် မြေပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားလေတော့သည်။

"အရိုပ်မဲ့ဓား..."

ကျင်းတိ တီးတိုးရေရွတ်လိုက်သည်။

သူ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပနေပြီး အံ့ဩသည့် အရိပ်အရောင်များ ထွက်ပေါ်နေ၏။

ကျင်းလိမ်မြို့စားနှင့် ဝူတန်ဂိုဏ်းချုပ်တို့လည်း...

"ဟင်..."

"ဟာ..."

လွှတ်ခနဲ အော်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ မျှော်လင့်ထားသလို ဖြစ်မလာဘဲ သန်းဖုံး အရေးနိမ့်သွားပြီ မဟုတ်ပါလား။

စီးမင်းချူး အနိုင်ရသွားမည်ဟု သူတို့ လုံးဝ မထင်ခဲ့ကြချေ။

ယခု...

ကျင်းတီ၏ စကား မှန်ကန်နေကြောင်း လက်ခံသွားကြလေတော့သည်။

ထို့အပြင် ကျင်းတီ၏ လွှတ်ခနဲ ရေရွတ်လိုက်သံကြောင့် ထိုင်ရာမှ ထရပ်မိတော့မလို ဖြစ်သွားကြ၏။

ကျင်းလိမ်မြို့စားက အရေးတကြီး အံ့သြစွာ မေးလိုက်သည်။

"ခင်ဗျား ဘယ်လို ပြောလိုက်တာလဲ"

ကျင်းတီက ပြောသည်။

"စီးမင်းချူး အသုံးပြုလိုက်တာ အရိုင်မဲ့ သိုင်းကွက်ပဲ"

ကျင်းလိမ်မြို့စားက...

"ဒါဆို စီးမင်းချူးဟာ အရိုပ်မဲ့ဓား ချင်းကိုးနဲ့ ပတ်သက်နေတယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား"

ကျင်းတီ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ အရိပ်မဲ့ဓားဟာ ချင်းကိုးရဲ့ မူပိုင် သိုင်းကွက်ပဲ၊ ဘာကြောင့် စီးမင်းချူးက တတ်မြောက်နေရတာလဲ"

ငွတန်ဂိုဏ်းချုပ်ပါ စိတ်ဝင်စားသွားလေတော့သည်။

"စီးမင်းချူးက အရိပ်မဲ့ဓားနဲ့ ပတ်သက်နေတယ် ဟုတ်လား"

ကျင်းတီက...

"ဟုတ်တယ်၊ သူတို့ တစ်နည်းတစ်ဖုံ ပတ်သက်နေလိမ့်မယ်၊ ဒါပေမယ့်..."

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်လိုက်ပြီး တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေ၏။



"ကောင်းတဲ့ ပတ်သက်ခြင်းမျိုးတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဗျ"

ကျင်းလိမ်မြို့စားနှင့် ဝူတန်ဂိုဏ်းချုပ်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

ထူးခြားသော ကိစ္စတစ်ရပ်နှင့် ကြုံတွေ့နေရပြီဖြစ်ကြောင်း တွေးမိလိုက်ကြ၏။

ကျင်းလိမ်မြို့စားက မေးလိုက်သော်၏။

"စီးမင်းချူးနဲ့ ချင်းကိုးတို့အကြောင်း ခင်ဗျား ဘာတွေများ တွေးမိထားသလဲ ပြောပြပါဦးဗျာ"

ကျင်းတီ လက်ကာပြလိုက်သည်။

"ကျုပ်စိတ်ထဲမှာ သင်္ကာမကင်း ဖြစ်မိတာပဲရှိသေးတယ်၊ ဘာကြောင့် ပတ်သက်ခဲ့ကြသလဲဆိုတာ မပြောနိုင်သေးဘူး ဒါကြောင့် တိတိကျကျ စုံစမ်းပြီးမှ ပြောပါရစေဗျာ"

ကျင်းတီက တောင်းပန်လိုက်သည်။

ဝူတန်ဂိုဏ်းချုပ်က ထပ်မံမေးသည်။

"သင်္ကာမကင်းစရာ ရှိသေးတယ် ဟုတ်လား"

ကျင်းတီက...

"အဲဒီလိုလဲ မဟုတ်ဘူး၊ အရိပ်မဲ့ဓားသိုင်းဟာ ချင်းကိုးရဲ့ မူပိုင်ဓားသိုင်းပဲ၊ ဒါကြောင့် စီးမင်းချူးက ရလာတယ်ဆိုရင် ချင်းကိုးဆီက ရလာတာပဲ ဖြစ်မယ်"

ဝူတန်ဂိုဏ်းချုပ်က...

"စီးမင်းချူးဟာ ချင်းကိုးရဲ့ တပည့်တစ်ယောက်တော့ မဖြစ်နိုင်ဘူး"

"ဟုတ်တယ်၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"

ကျင်းလိမ်မြို့စားက ထောက်ခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းတီက…

"ကျုပ်ကလဲ တပည့်လို့ မပြောပါဘူး၊ သူတို့နှစ်ယောက်ဟာ အရွယ်ချင်း ကွာလှတာမို့ မဟုတ်တာ၊ ပြီးတော့ စီးမင်ချူး အသုံးပြုခဲ့တာ ချင်းကိုးရဲ့ အရိပ်မဲ့ဓားပညာ ဖြစ်ပေမယ့် အသုံးပြုတဲ့အခါ ချင်းကိုးကို မမီပြန်ဘူး၊ ဘာပဲဖြစ်ဖြစ် ချင်းကိုးဆီက ဓားပညာရခဲ့တာပဲ"

ဝူတာန်ဂိုဏ်းချုပ်က…

"အင်း… ချင်းကိုး ကိုယ်တိုင်က သင်ပေးထားတာ ဖြစ်ချင်လဲ ဖြစ်မှာပေါ့"

ကျင်းတီ ခေါင်းတွင်တွင် ခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး"

"ဘာကြောင့်လဲ"

ဝူတာန်ဂိုဏ်းချုပ် အံ့ဩသွားသည်။

ကျင်းတီက ပြောလိုက်သည်။

"ဒီကိစ္စဟာ ရှုပ်ထွေးတဲ့ကိစ္စတစ်ခု ဖြစ်နေပါတယ်၊ ဒါကြောင့် ကျုပ်က အဖြစ်မှန်ပေါ်လာအောင် စုံစမ်းလိုက်ပါဦးမယ်၊ ခင်ဗျားတို့ကို အားလုံး ဆက်စပ်လို့ ရတော့မှာပဲ ရှင်းပြတော့မယ်ဗျာ"

ကျင်းလိမ်မြို့စားက အရေးကြီးကြောင်း သိသဖြင့်မေးလိုက်၏။

"ကျုပ်တို့ ဘာကူညီရဦးမလဲ"

ကျင်းတီက ပြောလိုက်၏။

"ကိစ္စမရှိပါဘူး၊ ကျုပ်ဘာသာ ဖြေရှင်းလိုက်ပါ့မယ်၊ အခုလောလောဆယ်တော့ ပြိုင်ပွဲမှာ စီးမင်ချူး အနိုင်ရဗိုလ်စွဲသွားတယ်ဆိုတာ ကြေညာလိုက်ပါဦးဗျာ"

ယခုမှ ကျင်းလိမ်မြို့စားတို့သည် လက်ရှိအခြေအနေကို ပြန်လည် သတိရလာကြသည်။



ဝူတာန်ဂိုဏ်းချုပ်က…

"ဟုတ်သားပဲ"

သူတို့လှမ်းကြည့် လိုက်ကြသောအခါ ပရိသတ်များသည် စီးမင်ချူးကို သောင်းသောင်းဖျဖျ အားပေးနေကြပြီး တာဝန်ရှိသူတို့က သန်းဖုံးအား သယ်ထုတ်သွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝူတာန်ဂိုဏ်းချုပ်သည် စီးမင်ချူး အနိုင်ရဗိုလ်စွဲသွားကြောင်း ကြေညာရန် ရှေ့သို့ လှမ်းထွက်လိုက်လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၄)

# ရမ္မက်၏သားကောင်

သုံးရက်။

ကျန်းနန်သိုင်းပြိုင်ပွဲ ပြီးဆုံးသွားသည်မှာ သုံးရက်ရှိခဲ့ပြီ ဖြ
ေသည်။

သုံးရက်အတွင်း...

စီးမင်ချူးသည် သူ့အား ဝုဏ်ပြုကျင်းပသည့် ညစာပွဲများ
တက်ရောက်နေသဖြင့် မအားမလပ်နိုင်အောင် ဖြစ်နေခဲ့ပါသည်။

သုံးရက်လွန်မြောက်ပြီးမှ အိမ်ပြန်ဖို့ အခွင့်အရေး ရခဲ့တော့၏။

သို့သော် အကြောင်းတစ်ရပ်က သူ့အား အိမ်မပြန်နိုင်အော
စေ့ဆော်နေသေး၏။

"ခေါက်...ခေါက်..."

တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။

စီးမင်ချူးက...

"ဘယ်သူလဲ"

အသံမာမာဖြင့် မေးလိုက်၏။

ဝုဏ်ပြုညစာခံဖို့ သူ့အား လာရောက်ဖိတ်ခေါ်သူဆိုလျ
အကြောင်းပြကာ ငြင်းပယ်လိုက်ရန် စိတ်ကူးထားသည်။



"မြေခွေးပါ သခင်လေး"

အပြင်ဘက်မှ မြေခွေး၏အသံ ထွက်ပေါ်လာသည်။

စီးမင်ချူး ဝမ်းသာသွားသည်။

သူက မြေခွေးကို မျှော်နေမိသည် မဟုတ်ပါလား။

"တံခါးတွန်းဖွင့်ပြီး ဝင်လာခဲ့"

သူက ချက်ချင်း ပြောလိုက်၏။

မရှေးမနှောင်းမှာပင်...

"ကျွီ..."

တံခါးပွင့်သွားပြီး အခန်းတွင်းသို့ မြေခွေး ဝင်ရောက်လာ၏။

မြေခွေးသည် ရောက်လျှင်ရောက်ချင်း ဦးညွှတ် အရိုအသေ ပြုလိုက်သည်။

စီးမင်ချူးက...

"ငါက မင်းကို တွေ့ချင်နေတာ၊ မင်း ဘယ်ရောက်နေတာလဲ"

တွေ့တွေ့ချင်း အပြစ်တင်လိုက်သည်။

မြေခွေးက ရှင်းပြသည်။

"သခင်လေးခင်ဗျာ၊ ဒီရက်ပိုင်းအတွင်း သခင်လေးအနားမှာ လူတွေ ဝိုင်းဝိုင်းလည်နေတာနဲ့ ကျုပ်လာတွေ့ဖို့ အခွင့်အရေး မသာခဲ့လို့ပါ"

စီးမင်ချူး သက်ပြင်းချလိုက်သည်။

မြေခွေး ပြောလည်း ပြောစရာ ဖြစ်လေသည်။

ကျန်းနန်သိုင်းပြိုင်ပွဲတွင် ပထမရလိုက်သည်နှင့် သူ့အား မိတ်ဖွဲ့လိုသူများနှင့် သိကျွမ်းလိုသူများ ချက်ချင်းပေါ်များလာသည်။

ထို့အပြင်...

သိုင်းလောက၌ နေ့ချင်းညချင်း ထင်ပေါ်ကျော်ကြားသွားသည် ဟုလည်း ဆိုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



စီးမင်ချူးက…

"ထားပါတော့လေ၊ မင်းရောက်လာရင် ပြီးတာပဲ"

"ဟုတ်ကဲ့ သခင်လေး"

စီးမင်ချူးက မေးလိုက်၏။

"တို့ရဲ့သားကောင် ဘယ်ရောက်နေပြီဆိုတာ ငါသိချင်တယ်"

မြေခွေးက…

"မိစ္ဆာလေးဖော်က မျက်ခြည်မပြတ် စောင့်ကြည့်နေတာမို့ သူတို့သိကြပါလိမ့်မယ် သခင်လေး"

"အေး…မင်းက သူတို့ဆီကိုသွားပြီး ငါက တွေ့ချင်တယ်လို့ ပြောလိုက်ပါ"

"ကောင်းပါပြီ သခင်လေး"

မြေခွေးသည် ချက်ချင်းပင် ထွက်သွားရန် ဟန်ပြင်လိုက်သည်။

စီးမင်ချူးက ဟန့်တားလိုက်သည်။

"နေဦး"

မြေခွေးက…

"အမိန့်ရှိပါ သခင်လေး"

စီးမင်ချူး ပြောလိုက်၏။

"မိစ္ဆာလေးဖော် ဘယ်မှာ ရှိနေသလဲဆိုတာ မင်းသိသလား"

မြေခွေးက…

"သိပါတယ် သခင်လေး၊ အခု သူတို့ ခိုင်ဖုံးမြို့မှာ ရှိနေကြပါတယ်"

စီးမင်ချူး တွေဝေသွားသည်။

အတန်ကြာ စဉ်းစားပြီး ပြောလိုက်၏။

"ကောင်းပြီ၊ မင်း မသွားနဲ့တော့"

"ဗျာ…"



မြေခွေး ကြောင်သွားသည်။ ခုပဲ သွား၊ ခုပဲ မသွားနဲ့ဟု စီးမင်ချူး ပြောနေသည် မဟုတ်ပါလော။

စီးမင်ချူးက…

"ငါကိုယ်တိုင် သူတို့နဲ့ သွားတွေ့လိုက်မယ်"

မြေခွေးက…

"ကောင်းပါပြီ သခင်လေး"

စီးမင်ချူးက မေးလိုက်သည်။

"ပေ့ဖာ အခြေအနေ ဘယ်လိုရှိသလဲ"

သူ၏ မေးမြန်းသံမှာ ဖေးသည်ပင် ဖြစ်လင့်ကစား သူစိမ်းဆန်လှသည်။

"သူ ဘယ်ကိုသွားသေးလဲ"

"ဘယ်မှ မသွားပါဘူး"

"ကောင်းတယ်၊ မင်းက သူ့ဆီသွားပြီး ငါ မကြာခင် ပြန်လာမယ်ဆိုတာ ပြောပြလိုက်ပါ"

"ဟုတ်ကဲ့"

မြေခွေး ထွက်သွားရန် ပြင်လိုက်၏။

"နေဦး"

စီးမင်ချူးက ဟန့်တားလိုက်ပြန်သည်။

မြေခွေးက…

"အမိန့်ရှိပါ သခင်လေး"

စီးမင်ချူးက စိုက်ကြည့်ပြီး အမိန့်ပေးသည်။

"မင်းက သူ့ကို သေသေချာချာ ကြည့်ထားရမယ်"

ပြောင်းလဲသွားသော စီးမင်ချူး၏ မျက်နှာထားနှင့် လေသံကြောင့် မြေခွေး ကျောရိုးတစ်လျှောက် အေးစိမ့်သွားသည်ဟု ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးမင်းချူးက…

"မင်း သွားတော့"

မြေခွေးသည်လည်း ချက်ချင်းပင် အပြေးတစ်ပိုင်း ထွက်သွားလေတော့သည်။

❖ ❖ ❖

ဒေါင်းမင်းကျေးရွာ။

ဒေါင်းမင်းကျေးရွာသည် နိုင်ဖုံးမြို့သို့သွားရာ လမ်းမကြီးပေါ်တွင် တည်ရှိသော ရွာကြီးတစ်ရွာဖြစ်သည်။

ရွာဟု ဆိုသော်လည်း အိမ်ခြေတစ်ထောင်ခန့် ရှိလေရာ မြို့တစ်မြို့နှင့်မခြား စည်ကားသိုက်မြိုက်နေသည်။

လင်းလင်းနှင့် ပိရှဲတို့ ခရီးနှင်လာခဲ့ကြရာ ဒေါင်းမင်းကျေးရွာသို့ ရောက်ရှိလာခဲ့ကြသည်။

သူတို့သည် ပြည်မသို့ ရောက်လာခဲ့သည်မှာ အတော်ကြာပြီဖြစ်သော်လည်း တောင်ပိုင်းဒေသသို့ မပြန်နိုင်ကြသေးပါ။

အရိုးမဲ့ဓား ချင်းကိုးနှင့် ပတ်သက်၍ အမှန်အတိုင်း စုံစမ်းသိရှိနိုင်ရန် ခရီးထွက်လာခဲ့ကြခြင်း ဖြစ်ပါသည်။

ဒေါင်းမင်းကျေးရွာသို့ ရောက်လာကြသောအခါ ခရီးပမ်းလာကြသည်ဖြစ်၍ အနားယူရန် ဆုံးဖြတ်လိုက်ကြသည်။

ရွာအလယ်ပိုင်း၌ စားသောက်ဆိုင်များ၊ တည်းခိုခန်းများ စုရုံးတည်ရှိနေပါသည်။

လင်းလင်းတို့သည် စားသောက်ဆိုင်နှင့် တည်းခိုခန်း တွဲဖက်ဖွင့်လှစ်သော ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်ကြသည်။

ကံကောင်းထောက်မစွာဖြင့် ထိုဆိုင်သည် ဒေါင်းမင်းကျေးရွာတွင် အကောင်းဆုံးဆိုင် ဖြစ်နေသည်။



နှစ်ယောက်သား ဆိုင်ထဲဝင်ကာ ပြတင်းပေါက်နှင့်ကပ်လျက်ရှိသော စားပွဲတစ်လုံးတွင် နေရာယူကာ စားသောက်ဖွယ်ရာများမှာကြား စားသောက်လိုက်ကြသည်။

ဆိုင်ထဲ၌ စားသောက်နေသူအချို့ ရှိပါသည်။

ထိုလူများအနက် ချောင်ကျကျ စားပွဲတစ်လုံး၌ ထိုင်နေသောလူရွယ်တစ်ယောက်က လင်းလင်းတို့အား သေသေချာချာ အကဲခတ်ကြည့်နေပါသည်။

ထိုလူရွယ်၏ မျက်လုံးသည် လင်းလင်းထံမှ မခွာတော့ပါချေ။

ထိုလူရွယ်မှာ အခြားသူ မဟုတ်ပါ။

ကျန်းနန်သိုင်းပြိုင်ပွဲတွင် ပထမရ ဗိုလ်စွဲခဲ့သည့် စီးမင်းချူးပင် ဖြစ်ပါတော့သည်။

စီးမင်းချူးသည် အကြောင်းကိစ္စတစ်ခုဖြင့် နိုင်ဖုံးမြို့သို့ ခရီးထွက်လာရင်း ဒေါင်းမင်းကျေးရွာတွင် ခေတ္တဝင်ရောက် အနားယူနေခြင်း ဖြစ်သည်။

စီးမင်းချူးသည် လင်းလင်း တို့ဆိုင်ထဲ ဝင်လာကတည်းက စောင့်ကြည့်နေခဲ့သည်။

လင်းလင်းကို တွေ့လျှင် တွေ့ချင်း သူ၏ စိတ်ထဲ လှုပ်ရှားလာလေသည်။

"အတော့်ကို ချောတဲ့ မိန်းကလေးပါလား"

လင်းလင်းကို စိတ်ဝင်စားလာသည်။ လင်းလင်းထက် ချောသော မွေတ္တကို သူမေ့သွားလေပြီ။ သူက တစ်ခုခုကို လိုချင်ပြီဆိုလျှင် ရရအောင် ယူတတ်သည့် သဘော ရှိပါသည်။ သိုင်းပညာကိုလည်း ထိုနည်းအတိုင်း ယူငင်ခဲ့သည် မဟုတ်ပါလော။

ယခု…

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းကို လိုချင်စိတ် ဖြစ်ပေါ်လာသောအခါ မရရအောင်ယူရန် ဆုံးဖြတ်လိုက်သည်။

စီးမင်းချူးသည် ထိုင်ရာမှ ထလိုက်လေ၏။

ထို့နောက်...

လင်းလင်းတို့ အနီးသို့ လှမ်းသွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်...

"ညီမလေးတို့ နှစ်ယောက်တည်းလား"

စကားသံနှင့်အတူ လူသုံးယောက်သည် လင်းလင်းတို့ အနီးသို့ ရောက်လာကြသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူသုံးယောက်သည် ခန္ဓာကိုယ် ယိမ်းထိုးအောင် မူးယစ်နေကြသူများ ဖြစ်ကြသည်။

စီးမင်းချူး မျက်မှောင်ကုတ်သွားသည်။

"အရက်မူးသမားတွေ နှောင့်ယှက်ကြတော့မှာပါလား"

သူသည် စိတ်ထဲမှ ရေရွတ်မိလိုက်သည်။

လင်းလင်းတို့ထံ မသွားတော့ဘဲ အခြေအနေ အကဲခတ်ကြည့်နေလိုက်၏။

လင်းလင်းနှင့် ပိရှဲတို့သည်လည်း အနီးသို့ ရောက်လာသည့် အရက်မူးသမား သုံးယောက်သည် လင်းလင်းတို့အား မသိမသာဝိုင်းရံထားလိုက်ပြီး တစ်ယောက်က ပြောလာလေ၏။

"ညီမလေးတို့ဟာ ခရီးသည်တွေ မဟုတ်လား၊ ဘယ်ကိုသွားကြမလို့လဲ၊ အဖော်မရှိရင် အစ်ကိုတို့ လိုက်ပို့ပေးမယ်လေ"

အခြားတစ်ယောက်က...

"ဟဲ...ဟဲ...ဟုတ်တယ်၊ အစ်ကိုတို့ အဖော်လုပ်ပေးမယ်လေ"

ဟု ပြောပြန်သည်။

အခြားတစ်ယောက်က...



"ကဲ...တို့လဲ ညီမလေးတို့နဲ့ အတူဝင်ပြီး စားကြသောက်ကြတာပေါ့"

"ဟေး..."

သုံးယောက်သား တဟေးဟေး တဟားဟား ရယ်မောလိုက်ကြပြီး လင်းလင်းတို့နှင့်အတူ ဝင်ရောက်ရောနှောထိုင်ချရန် ဟန်ပြင်လိုက်ကြသည်။

"ဒါ ဘာလုပ်တာလဲ"

ပိရှဲက အော်ငေါက်လိုက်သည်။

"ဟဲ...ဟဲ...ညီမလေးတို့ အဖော်ရအောင်လေ"

"ရှင်တို့ မနှောင့်ယှက်နဲ့၊ အခုချက်ချင်း ထွက်သွားပါ"

"ဩော်...ညီမလေးရယ်၊ ဒေါသကြီးလှချည်လား၊ အစ်ကိုတို့က ကူညီချင်လို့ပါ"

"မလိုချင်ဘူး၊ ရှင်တို့ အခုချက်ချင်း ထွက်သွားပါ"

"ဟဲ...ဟဲ...မသွားဘူးဆိုရင်ကော"

"ဘာ..."

"မသွားဘူးလေ၊ ညီမလေးတို့နဲ့ပဲ အတူတူ နေပါတော့မယ်လို့ ဆုံးဖြတ်ထားတယ်"

"ဟဲ...ဟဲ...ဟဲ"

"ဟား...ဟား...ဟား"

ထိုလူသုံးယောက် သဘောကျစွာ ရယ်မောလိုက်ကြသည်။

ပိရှဲဒေါသထွက်သွားသည်။

"ရှင်တို့ ဘယ်လောက်တောင် နှောင့်ယှက်နိုင်မလဲ ကြည့်ကြသေးတာပေါ့"

ဟု ငေါက်ကာ အနီးဆုံးရှိသူအား ရိုက်ချလိုက်လေသည်။

ပိရှဲ ထိုသို့ပြုလုပ်လာမည်ဟု ထိုလူ မထင်မှတ်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်...

ပိရှဲ၏ ရိုက်ချက်ကို မရှောင်နိုင်ဘဲ ရိုက်ခံလိုက်ရလေတော့သည်။

"အား..."

ထိုလူ လွှတ်ခနဲ အော်လိုက်မိ၏။

ပိရှဲက ဝေါက်ဝမ်းလိုက်၏။ ပိရှဲသည် ဇတ်ဇတ်ကြိမကလေးတည်း။

"ဒါ ပမာဏပဲ ရှိသေးတယ်၊ ရှင်တို့ ထွက်မသွားသေးဘဲ ဆက်ပြီး နှောင့်ယှက်နေမယ်ဆိုရင် ဒီထက်နာလိမ့်မယ်"

ထိုလူ ခေါသခြောင်းခြောင်း ထွက်သွားလေတော့သည်။

"ဩော်... နင်က သတ္တိတော်တော်ကောင်းနေတယ်ပေါ့လေ၊ သိကြသေးတာပေါ့"

ပြောပြောဆိုဆို ထိုင်ရာမှ ဝုန်းခနဲထကာ ပိရှဲအား လက်ပြန်ရိုက်ချလိုက်လေသည်။

သူတို့သည် လင်းလင်းနှင့် ပိရှဲတို့အား အထင်သေးထားကြပါသည်။

နိုင်ထက်စီးနင်းပြုလုပ်၍ ရလိမ့်မည်ဟုလည်း ယုံကြည်ထားကြသည်။

လင်းလင်းနှင့် ပိရှဲတို့သည် ထိပ်တန်းသိုင်းပညာများ တတ်မြောက်ထားသူများ ဖြစ်ကြောင်း မသိကြချေ။

ပိရှဲက ခေါင်းငုံ့မခံပါ။

ချက်ချင်းပင် ပြန်လည် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

လင်းလင်းလည်း မနေနိုင်တော့ဘဲ လှုပ်ရှားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်...



"ရပ်လိုက်"

ဟန့်တားသံ ပေါ်လာ၏။

လူရိပ်တစ်ခုသည် ရိပ်ခနဲ ရောက်ရှိလာပြီး ပိရှဲအား တိုက်ခိုက်ရန် ဟန်ပြင်နေသူအား လည်ကုတ်မှဆွဲကာ အဝေးသို့ ပစ်လွှင့်လိုက်၏။

"ဝုန်း..."

ထိုလူသည် လေထဲ မြောက်တက်သွားပြီး ခြေကားရား လက်ကားရားဖြင့် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

အဖြစ်အပျက်က လျှင်မြန်လွန်းလှသည်။

အရက်သမားသုံးယောက်အနက် တစ်ယောက်မှာ အဝေးသို့ လွင့်စဉ်သွားပြီး ကြမ်းပြင်ပေါ် ဝုန်းခနဲ ပြုတ်ကျသွားလေ၏။

ထို့နောက်...

စန့်စန့်ကြီးလဲကျကာ သတိလစ် မေ့မျောသွားတော့သည်။

"ဟင်..."

"ဟာ..."

အရက်သမားနှစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း သူတို့၏ အဖော်မှာ မရှုမလှ ခံလိုက်ရပြီ မဟုတ်လား။

သူတို့သည် အနီးသို့ရောက်လာသူအား မျက်လုံးပြူးကာ ကြည့်လိုက်ကြသည်။

အနီးသို့ ရောက်လာသူမှာ စီးမင်းချူး ဖြစ်ပါသည်။

စီးမင်းချူးက လေအေးလေးဖြင့် ပြောလိုက်၏။

"ခင်ဗျားတို့ အေးအေး ဆေးဆေး ထွက်သွားကြတာ ကောင်းပါလိမ့်မယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှစ်ယောက် ဒေါသထွက်သွားကြသည်။

သူတို့က ဝေါက် လိုက်ကြ၏။

"သြော်...မင်းက ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်ချင်တာကိုး"

"သေချင်ပြီ ထင်တယ်"

တစ်ဆက်တည်းပင်...

ခါးကြား၌ဝှက်ထားသော ဓားမြှောင်ကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

သူတို့သည် ဆိုးသွမ်းမိုက်မဲသူများ ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတော့သည်။

ပိရှဲက...

"သတိထား"

စီးမင်ချူးအတွက် စိတ်ပူသွားပြီး ကပျာကယာ လှမ်း၍ သတိပေးလိုက်လေသည်။

စီးမင်ချူး ရယ်မောလိုက်သည်။

"ကျုပ်အတွက် စိတ်မပူပါနဲ့၊ သူတို့ဟာ မပြောပလောက်တဲ့လူတွေပါ"

ထိုလူနှစ်ယောက် ဒေါသမထိန်းနိုင်တော့ချေ။

"သေဖို့သာ ပြင်ထား"

"ယား..."

ညာသံပေးကာ ဓားမြှောင်ကိုယ်စီဖြင့် စီးမင်ချူးထံ ခုန်ဝင်တိုက်ခိုက်လိုက်ကြသည်။

ဝဲယာတစ်ဖက်တစ်ချက်မှ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်ခြင်းဖြစ်၍ တော်ရုံတန်ရုံလူဆိုလျှင် ဒုက္ခရောက်သွားမည်မှာ သေချာလှသည်။

သို့သော်...



စီးမင်ချူးမှာကား ခေသူတစ်ယောက် မဟုတ်ချေ။

"မင်းတို့ ဘာတတ်နိုင်မှာမို့လဲ"

ပြောပြီး လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်။

ထိုအခါ...

"ဝုန်း..."

"အား..."

ထိုလူနှစ်ယောက်မှာ တစ်စုံတစ်ခုဖြင့် ရိုက်ထုတ်ခြင်း ခံလိုက်ရသည့်အလား အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

"ဟင်..."

ပိရှဲ အံ့သြသွားသည်။

စီးမင်ချူးက အနိုင်ယူလိုက်နိုင်ခြင်းကြောင့် ချက်ချင်းပင် လက်ခုပ်လက်ဝါးတီးကာ သြဘာပေးလိုက်လေသည်။

"ကောင်းတယ်...ရမ်းကားတဲ့လူတွေကို မှတ်လောက် သားလောက်အောင် ဆုံးမရမှာပဲ"

လင်းလင်းက စီးမင်ချူးကို မသိမသာ အကဲခတ် ကြည့်လိုက်မိလေသည်။

စီးမင်ချူးသည် ယောကျ်ားပီသစွာ ချောမောခန့်ညားသော လူငယ်တစ်ယောက် ဖြစ်သည်။

သိုင်းပညာတော်ပြီး သဘောမနော ကောင်းပုံရသည်ဟု တွေးတောမိသည်။

အရက်သမားနှစ်ယောက်သည် လူဆိုးများ ဖြစ်ကြသော်လည်း အခြေအနေကို နားလည်သဘောပေါက် လွယ်ကြသူများ ဖြစ်ကြပါသည်။

သူတို့သည် စီးမင်ချူးအား မည်သည့်နည်းနှင့်မျှ မယှဉ်နိုင်မှန်း သိလိုက်ကြလျှင် ကြမ်းပြင်ပေါ်လဲကျကာ သတိလစ်နေသော သူတို့၏

www.burmeseclassic.com

www.burmeseclassic.com



အဖော်ကို ဆွဲထုကာ စားသောက်ဆိုင်ထဲမှ အပြေးတစ်ပိုင်း ထွက်သွားကြလေသည်။

အရက်သမားသုံးယောက် ထွက်ပြေးသွားကြပြီဖြစ်၍ လင်းလင်းတို့ ကျေနပ်သွားကြ၏။

လင်းလင်းက ပြောလိုက်၏။

သူမသည် ယဉ်ကျေးသိမ်မွေ့သူ မဟုတ်ပါလား။

"ကျွန်မတို့ကို အခုလိုကူညီတဲ့အတွက်ကျေးဇူးတင်ပါတယ်ရှင်"

စီးမင်းချူး ပြုံးလိုက်သည်။

"ရပါတယ်၊ ကျုပ်က ခရီးသွားဟန်လွဲ ကူညီတာပါ၊ ဘာမှ အပန်းမကြီးပါဘူး၊ ထိုင်မယ်နော်"

ပြောရင်း ထိုင်ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်၏။

လင်းလင်းနှင့် ပိရှဲတို့လည်း မငြင်းသာတော့ပေ။

"ထိုင်ပါရှင် ... ထိုင်ပါ"

စီးမင်းချူးသည် အရက်သမားသုံးယောက်ကြောင့် လင်းလင်းတို့နှင့် ရင်းနှီးမှုရလိုက်ခြင်းဟုပင် ဆိုနိုင်ပါသည်။

စီးမင်းချူးသည် လွန်စွာ လူရည်လည်သူ ဖြစ်၏။

သူ့စကားပြောပုံကို ကြည့်ပါ။

"ရမ်းကားတတ်တဲ့ လူတွေဟာ နေရာတကာမှာ ရှိနေတတ်ကြတယ်၊ ညီမတို့နှစ်ယောက်ဟာ ခရီးသည်တွေ ထင်ပါရဲ့၊ ဂရုစိုက်ဖို့ လိုမယ်ထင်တယ်၊ ကျုပ် အခုလို စေတနာနဲ့ သတိပေးတာ စိတ်မဆိုးနဲ့နော်"

ပိရှဲက ...

"အို ... ကိစ္စမရှိပါဘူးရှင်၊ ကျွန်မတို့အတွက် စေတနာနဲ့ သတိပေးတာပဲ စိတ်ဆိုးစရာ အကြောင်းမရှိပါဘူး၊ ဟုတ်တယ် မဟုတ်လား သခင်မလေး"



လင်းလင်းဘက်သို့လှည့်ကာ သဘောတူညီမှု ရယူလိုက်သည်။

စီးမင်းချူးမှာ သူတို့အား ကူညီခဲ့သူဖြစ်၍ လင်းလင်းကလည်း အလိုက်အထိုက် ပြောလိုက်ရသည်။

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်"

စီးမင်းချူး ကျေနပ်သွားသည်။

"ကျုပ်က ကူညီလက်စနဲ့ ဆက်ပြီး ကူညီပါရစေဗျာ"

"ရှင် ..."

"ညီမတို့ရဲ့ စားသောက်ခ ကျသင့်ငွေကို ကျုပ်ကပဲ ရှင်းလိုက်ပါမယ်"

"ဟာ ... မဟုတ်တာရှင်"

လင်းလင်း လက်မခံနိုင်ဘဲ ဖြစ်သွား၏။

စီးမင်းချူးက အကုန်အကျခံမည်ဆိုလျှင် အားနာစရာကောင်းလှသည် မဟုတ်ပါလား။

ပိရှဲကလည်း ပြောသည်။

"ကျွန်မတို့အတွက် ကိုယ်ထိုင်ပဲ ရှင်းလိုက်ပါမယ်၊ အပန်းမကြီးပါဘူးရှင်"

စီးမင်းချူးက ...

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်ရဲ့စေတနာကို လေးစားတယ်ဆိုရင် လက်ခံကြပါဗျာ၊ ကျုပ်တို့ မိတ်ဆွေဖြစ်ကြတဲ့ အထိမ်းအမှတ်နဲ့ ကျုပ်ရှင်းပေးပါရစေ လက်ခံပါဗျာ"

လင်းလင်းနှင့် ပိရှဲတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

စီးမင်းချူးက ပြုံးလိုက်၏။

သူက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည် စီးမင်းချူးပါ၊ ညီမတို့နာမည် ဘယ်လိုခေါ်သလဲ ဆိုတာ သိပါရစေဗျာ"

သူ၏ မျက်လုံးများသည် လှပချောမောသော လင်းလင်းထံ၌ တရစ်ဝဲဝဲ ရှိနေ၏။

မျက်လုံးချင်း ဆုံမိသောအခါ လင်းလင်းအဖို့ ရင်ဖိုသွားရသည်။

သူမက ဘာမှမပြောသဖြင့် ပိရှဲ အားတုံ့အားနာ ဖြစ်သွားသည်။

"ကျွန်မက ပိရှဲပါ၊ သခင်မလေးကတော့ လင်းလင်းကို ခေါ်ပါတယ်၊ တောင်ပိုင်းဒေသက လာခဲ့ကြတာပါရှင်"

စီးမင်းချူး အံ့သြသွားသည်။

"တောင်ပိုင်းဒေသက လာခဲ့တာ ဟုတ်လား"

"ဟုတ်ပါတယ် ရှင်"

စီးမင်းချူးက မေးလိုက်ပြန်၏။ သူသည် သတင်းအစအန မချွန် သိလိုသူလည်း ဖြစ်သည်။

"ခရီးဝေးက လာခဲ့ကြတာဆိုတော့ အကြောင်းကိစ္စ ရှိလို့လား၊ အလည်သက်သက်ပဲလား"

ပိရှဲက လင်းလင်းကို ကြည့်လိုက်၏။

လင်းလင်းက သူတို့လာရင်းကိစ္စကို ယခုမှ သိရသော လူတစ်ယောက်အား ပြောသင့်မပြောသင့် ရုတ်တရက် ဝေခွဲမရ ဖြစ်သွားသည်။

သူတို့နှစ်ယောက် ရုတ်တရက် ဘာမှပြန်မပြောဘဲ နေလိုက်ကြသောအခါ စီးမင်းချူးက အလိုက်သိစွာ ပြောကြားလိုက်သည်။

"ပြောပြဖို့ အခက်အခဲ ရှိနေရင် မပြောပါနဲ့တော့ဗျာ၊ ကျုပ် မေးလိုက်မိတာကိုလဲ ခွင့်လွှတ်ပါ"

သူက တောင်းပန်လိုက်လေသည်။



လင်းလင်း အားတုံ့အားနာ ဖြစ်သွားပြန်သည်။

"ကျွန်မတို့က အကြောင်းကိစ္စတစ်ခုရှိလို့ လာခဲ့ကြတာပါရှင်"

စီးမင်းချူးက ...

"ကျုပ်က သိုင်းလောကသားတစ်ယောက်ပါ၊ သိုင်းလောကနဲ့ ပတ်သက်တဲ့ ကိစ္စဆိုရင် ကျုပ်ကူညီနိုင်ကောင်း ကူညီနိုင်ပါလိမ့်မယ်"

သဘောမနော‌ကောင်းပြီး သူတစ်ပါးအား အကူအညီပေးဖို့ ဝန်မလေးတတ်သူ တစ်ယောက်ကဲ့သို့ သူက ပြောကြားလိုက်သည်။

စီးမင်းချူးသည် သိုင်းလောကသားတစ်ယောက် ဖြစ်ကြောင်း လင်းလင်းတို့ သိလာကြသည်။

အမှန်တော့ ...

သိုင်းလောကသားတစ်ယောက်နှင့် ခင်မင်ရင်းနှီးရသည်မှာ ဝမ်းသာစရာ ဖြစ်သည်။

သူတို့သည် သိုင်းလောကထဲ ခြေဆန့်ကာ အရိုပ်မဲ့ဓားအား လိုက်ရှာရမည် မဟုတ်ပါလား။

အရိပ်မဲ့ဓားအား ရှာဖွေရာတွင် စီးမင်းချူး၏ အကူအညီ ရကောင်း ရနိုင်သည်ဟု ယုံကြည်မိကြသည်။

ထို့ကြောင့် ...

"အခုလို သိကျွမ်းခင်မင်ရတာ ဝမ်းသာပါတယ်ရှင်"

လင်းလင်းက ပြောလိုက်၏။

စီးမင်းချူး သဘောကျစွာ ပြုံးလိုက်သည်။

မိန်းမချောလေး၏ ခင်မင်ရင်းနှီးမှုရအောင် ဖန်တီးလိုက်နိုင် လေပြီ။

"မကြာခင် မင်းဟာ ငါ့လက်ထဲ ရောက်လာရတော့မှာပါကွာ"

ဟု စိတ်ထဲမှ ကြုံးဝါးလိုက်သည်။

လင်းလင်းကို ပြုံးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ မိတ်ဆွေဖြစ်ကြတဲ့ **အထိမ်းအမှတ်နဲ့ ...**"

သူ၏ စကားဆုံးအောင် မပြောလိုက်ရပါ။

"ဟား ... ဟား ... ဟား"

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

အားလုံး လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ ...

လူတစ်စု ဆိုင်ထဲသို့ ဝင်ရောက်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုလူစုအား ဦးဆောင်လာသူမှာ လူသန်ကြီးတစ်ယောက် ဖြစ်သည်။

ထိုလူသန်ကြီးနှင့်အတူ အရက်သမားသုံးယောက်လည်း လိုက်လာကြသည်။

ထိုလူစုကို မြင်သောအခါ ပိရှဲက ပြောလိုက်၏။

"အရက်သမားသုံးယောက်က မကျေနပ်လို့ အဖော်ခေါ်ပြီး ပြန်လာကြတာပဲ"

စီးမင်ချူးက ပြောသည်။

"မပူပါနဲ့ဗျာ၊ သူတို့မှတ်လောက်အောင် ကျုပ် ဆုံးမလိုက်ပါ့မယ်"

ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်။

လင်းလင်းက ဘာမှမပြောဘဲ နေလိုက်၏။

သူမတို့အဖွဲ့ ဤသို့ပင် နေသင့်သည် မဟုတ်ပါလား။

စီးမင်ချူးသည် ဆိုင်ထဲဝင်လာသည့် လူစုနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

သူက မေးလိုက်၏။



"မင်းတို့က မကျေနပ်လို့ ပြန်လာကြတယ်ထင်တယ်"

အရက်သမားသုံးယောက်သည် လူသန်ကြီးအားကိုးဖြင့် ရှေ့သို့ လှမ်းထွက်လာပြီး ...

"ဟုတ်တယ်"

"မင်းကို ဆုံးမဖို့ ပြန်လာခဲ့ကြတာပဲ"

"မင်း သေဖို့သာ ပြင်ထား"

သူတို့က တစ်ယောက်တစ်ပေါက် ပြောလိုက်ကြသည်။

စီးမင်ချူး ပြုံးလိုက်သည်။

"ကျုပ်ကို ဘယ်သူက ဆုံးမမှာလဲ၊ သူလား"

လူသန်ကြီးကို ညွှန်ပြကာ မေးလိုက်လေသည်။

လူသန်ကြီးက ရင်ကော့ပြီး ပြောသည်။

"ဟုတ်တယ် ကျုပ်က မင်းကို ဆုံးမမှာပါ"

စီးမင်ချူး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ဆိုင်ထဲမှာကျဉ်းတယ်၊ အပြင်ဘက် သွားကြတာပေါ့၊ ဘယ်လိုလဲ"

"စိန်လိုက်လေ"

လူသန်ကြီးက လက်ခံလိုက်သည်။

သူတို့သည် ချက်ချင်းပင် ဆိုင်အပြင်ဘက်သို့ ထွက်သွားကြလေသည်။

စီးမင်ချူးက ...

"ကဲ ... ညီမတို့ ခဏနေခဲ့ကြပါဦး၊ ကျုပ် သွားလိုက်ဦးမယ်"

ပြောပြောဆိုဆို ဆိုင်ထဲမှ ထွက်သွားသည်။

လင်းလင်းနှင့် ပိရှဲတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ပိရှဲက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ကြောင့် ဖြစ်ခဲ့ရတဲ့ကိစ္စပဲ၊ ကျွန်မတို့ လက်ပိုက်ကြည့်မနေသင့်ဘူး ထင်ပါတယ်"

လင်းလင်း ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ သွားကြတာပေါ့"

သူတို့နှစ်ယောက်သည် ထိုင်ရာမှ ထလိုက်ကြသည်။

ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် ဆိုင်အပြင်ဘက်သို့ လှမ်းထွက်လိုက်ကြလေတော့သည်။

ဆိုင်အပြင်ဘက်တွင် မြေကွက်လပ်တစ်ခုရှိသည်။

အရက်သမားသုံးယောက် ခေါ်လာသော လူသန်ကြီးတို့လူစုသည် မြေကွက်လပ်တစ်ဖက်တွင် စုရုံးရပ်နေကြ၏။

စီးမင်းချူးက မြေကွက်လပ်အလယ်သို့ လှမ်းထွက်လိုက်ပြီး ...

"ကဲ ... ကျုပ်ကို ဆုံးမချင်တယ်ဆိုရင် လာခဲ့ကြပါဗျာ"

ဟု စိန်ခေါ်လိုက်သည်။

အရက်သမား သုံးယောက်က ...

"ဒီကောင့်ကို ဆုံးမလိုက်စမ်းပါဗျာ"

"အသေသာ သတ်ပစ်လိုက်"

လူသန်ကြီးကို မြှောက်ပင့်ပေးလိုက်သည်။

"စိတ်ချ ..."

လူသန်ကြီးက ရင်ကော့ပြီး ရှေ့သို့လှမ်းထွက်ကာ စီးမင်းချူးနှင့် ရင်ဆိုင်လိုက်လေသည်။

စီးမင်းချူးက မေးလိုက်၏။

"မင်းက စမလား၊ ကျုပ်က စရမလားပြောပါ"

လူသန်ကြီးက သူ့ကိုယ်သူ အတော်ယုံကြည်ဟန်ရှိ၏။

"ကျုပ်က မင်းကို အခွင့်အရေးပေးရမှာပေါ့၊ ကဲ ... မင်းပဲ စပါ"



"ကောင်းပြီ"

စီးမင်းချူးသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ချက်ချင်းတိုက်ခိုက်လိုက်လေသည်။

သူ၏ လှုပ်ရှားမှုမှာ လျှပ်ပြက်သလို လျင်မြန်လှသည်။

လူသန်ကြီးအနီးသို့ ရုတ်ခြင်းရောက်ရှိသွားပြီး လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

လူသန်ကြီးက ...

"ဒီလိုနဲ့ ရမလား"

ဟု ပြောကာ ခန္ဓာကိုယ်ယိမ်းနွဲ့ပြီး ပွတ်ကာသီကာ ရှောင်တိမ်းရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင် ...

"ခင်ဗျားက ရှောင်နိုင်မှာမို့လား"

ဟု အော်ငေါက်ကာ ခြေထောက်ဖြင့် ကန်ကျောက်လိုက်သည်။

လူသန်ကြီး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

လက်သီးထိုးချက်ကို ရှောင်တိမ်းဖို့ ဟန်ပြင်နေစဉ် ခြေထောက်ကန်ချက် ရောက်လာသဖြင့် ရုတ်တရက် မည်သို့ရှောင်ရမှန်း မသိတော့ချေ။

အခြေအနေ မဟန်မှန်း သိသွားသည်။

"သတိထား"

အရက်သမားသုံးယောက်က အော်ဟစ် သတိပေးလိုက်ကြ၏။

လူသန်ကြီး သတိဝင်လာသည်။

သူက ကပျာကယာ နောက်ဆုတ်ကာ ရှောင်တိမ်းရန် ကြိုးစားလိုက်လေသည်။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျသွားပြီ ဖြစ်ပါသည်။

စီးမင်းချူး၏ ခြေထောက်ကန်ချက်သည် တည့်တည့်မတ်မတ် တိုးဝင်သွားသည်ဖြစ်ရာ ...

"ဝုန်း ..."

"အား"

စူးရှကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

လူသန်ကြီးမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"ဟင် ..."

"ဟာ ..."

အရက်သမားသုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

သူတို့အားကိုး အားထားပြုကာ ခေါ်လာခဲ့သည့် လူသန်ကြီးသည် စီးမင်းချူးအား မယှဉ်နိုင်ဘဲ မရှုမလှ အရေးနိမ့်သွားပြီ မဟုတ်ပါလား။

ခြေထောက်ကန်ချက် မိသွားသော လူသန်ကြီးသည် မြေပေါ် စန့်စန့်ကြီးလဲကာ သတိလစ် မေ့မြောနေသည်။

သူ၏ လူအချို့က သူ့အား ချက်ချင်းသယ်ထုတ် သွားကြလေသည်။

အချို့က ...

"ခြွမ်း ..."

"ခြွမ်း ..."

အသင့်ဆောင်ထားသော ဓားများ ဆွဲထုတ်လိုက်ကြလေသည်။

ထို့နောက် ...

"မလွတ်စေနဲ့"

"တိုက်ကြဟေ့"



ညာသံပေးကာ စီးမင်းချူးထံ ပြေးဝင်တိုက်ခိုက်ကြလေသည်။

စီးမင်းချူး မဲ့ပြုံးပြုံးလိုက်၏။

"မင်းတို့ ဘာတတ်နိုင်မှာလဲ"

စကားဆုံးလျှင် ပြန်လည်တိုက်ခိုက်လိုက်၏။

ပြင်းထန်သောတိုက်ပွဲမှာ ရုတ်ခြည်း ဖြစ်ပေါ်လာသည်။

လင်းလင်းနှင့် ပိရှဲတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

ပိရှဲက ...

"သခင်မလေး ... ကျွန်မတို့ ဝင်ကူရင်ကောင်းမယ် ထင်မယ်"

ဟု ပြောလိုက်၏။

လင်းလင်းက ...

"ခဏလောက် စောင့်ကြည့်တာ ကောင်းမယ်"

"ရှင် ..."

"သူ့အခြေအနေ မဟန်မှ ဝင်ကူကြတာပေါ့၊ အခုပုံအတိုင်းဆိုရင် သူက မှုစရာမလိုတဲ့သဘော ရှိနေတယ်"

ပိရှဲက တိုက်ပွဲဆီသို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ ...

"ဝုန်း ..."

"အား ..."

"အမယ်လေး ..."

စူးရှကျယ်လောင်သော အသံများ တစ်ခဲနက်ထွက်ပေါ်လာ၏။

စီးမင်းချူးအား ဝိုင်းဝန်းတိုက်ခိုက်နေကြသူများသည် တစ်ခဏအတွင်း အရေးနိမ့်ကာ ဖရိုဖရဲ ဖြစ်သွားကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

"ဟာ ..."

www.burmeseclassic.com

www.burmeseclassic.com



အရက်သမားသုံးယောက် ထိတ်လန့်သွားကြ၏။

စီးမင်းချူးအား မည်သို့ မယှဉ်နိုင်မှန်း ရိပ်မိလိုက်ကြလျှင် ချက်ချင်းထွက်ပြေးသွားကြလေတော့သည်။

အရက်သမားသုံးယောက် ထွက်ပြေးသွားသည်နှင့် လူသန်ကြီးတို့ လူစုမှာလည်း ဆက်၍ မနေရဲတော့ဘဲ ဒရောသောပါး ထွက်ပြေးကုန်၏။

တိုက်ပွဲမှာ တစ်ခဏအတွင်းပင် ပြီးဆုံးသွားလေတော့သည်။

❖ ❖ ❖

အခန်း(၃၅)

# ပေါ်လုနီးနီး အဖြေ

ဝီရှဲ သက်ပြင်းချလိုက်၏။

"ဟင်း ... တော်ပါသေးရဲ့၊ တိုက်ပွဲမှာ သူနိုင်လိုက်ပေလို့"

လင်းလင်းက ချိန်ချိန်ဆဆ ပြောသည်။

"သူဟာ သိုင်းပညာရှင် တစ်ယောက်ဆိုတာ သေချာတာပဲ၊ သူနဲ့ မိတ်ဖွဲ့ပြီး အရိပ်မဲ့ဓားအကြောင်း မေးမြန်းစုံစမ်းကြည့်ရင် ကောင်းမယ်"

"သူဟာ သိုင်းလောကသား တစ်ယောက်ဆိုတော့ သိမှာ သေချာပါတယ်၊ သခင်မလေး မေးကြည့်ပါလား"

လင်းလင်း ခေါင်းညိတ်လိုက်သည်။

"အေး ... အခွင့်ကြုံတာနဲ့ ငါမေးလိုက်မယ်"

သူမတို့သည် ပြည်မသို့လာခဲ့ရသည့် အဓိကကိစ္စကို မမေ့မလျော့ ရှိနေကြ၏။

ထိုစဉ် ...

"ဪ ... ညီမတို့ ဆိုင်ထဲက ထွက်လာကြတာကိုး"

စကားသံနှင့်အတူ စီးမင်းချူးသည် သူမတို့ထံ လှမ်းလာနေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိရှဲက …

"အစ်ကိုရဲ့ သိုင်းပညာကို ချီးကျူးပါတယ်ရှင်"

ဟု ပြောလိုက်၏။

လင်းလင်းက ထောက်ခံလိုက်၏။

"ဟုတ်ပါတယ်၊ လူရမ်းကားတွေ ချက်ချင်း ထွက်ပြေးသွားကြတာပဲ"

ဟု ထောက်ခံလိုက်သည်။

စီးမင်ချူး သဘောကျသွားလေသည်။

မိန်းမချောလေးများရှေ့တွင် သူက ပညာပြလိုက်နိုင်သည် မဟုတ်ပါလား။

ထိုစဉ် …

"ကျန်နန်းသိုင်းပြိုင်ပွဲမှာ ပထမဆုကို လောလောလတ်လတ် ရထားတဲ့ လူတစ်ယောက်ဟာ ဒီလောက်လေးမှ မတတ်နိုင်ရင် ဘာများ အသုံးကျဦးမှာလဲ"

အသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

စီးမင်ချူး လင်းလင်းနှင့် ပိရှဲတို့ လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ သူတို့ထံသို့ လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသည် အသက်သုံးဆယ်ခန့်ရှိပြီး အနီရောင်အဝတ်အစားများ ဝတ်ဆင်ထား၏။

သူ၏ခါး၌ ဓားတစ်လက်ချိတ်ဆွဲထားပြီး မျက်နှာမှာ တင်းမာခက်ထန်နေ၏။

စီးမင်ချူး မျက်မှောင်ကုတ်သွားပြီး မေးလိုက်၏။

"မိတ်ဆွေက ဘယ်သူလဲ၊ ဘယ်လိုသဘောနဲ့ ပြောလိုက်တာလဲ"



ထိုလူ မဲ့ပြုံး ပြုံးလိုက်သည်။

"သိုင်းပြိုင်ပွဲမှာ မင်းကို အရေးနိမ့်သွားတဲ့ ဓားသမား ထုကျိုကို မင်း မေ့မသွားဘူးထင်ပါတယ်၊ ဟုတ်တယ်နော်"

"ဘာ …"

စီးမင်ချူး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ထိုလူအား ကြည့်ပြီး မေးလိုက်၏။

"ခင်ဗျား ဘယ်သူလဲ"

ထိုလူက ပြောသည်။

ထိုလူသည် ထုကျိုအတွက် ခံပြင်းနေပုံရသည်။

"ကျုပ်ဟာ ထုကျိုရဲ့ အရင်းနှီးဆုံး သွေးသောက်မိတ်ဆွေပဲ၊ ကျုပ်က ပူစီးဂိုဏ်းက ဓားသမား စွမ်းဖုံးပဲ"

ပူစီးဂိုဏ်းမှာ သိုင်းလောကမှာ ထင်ရှားသော သိုင်းဂိုဏ်းကြီး တစ်ခု ဖြစ်သည်။

စွမ်းဖုံသည်လည်း ကျော်ကြားသော ဓားသမားတစ်ယောက် ဖြစ်သည်။

စီးမင်ချူးမျက်နှာ တည်သွား၏။ သူက ရည်မွန်စွာ ပြော၏။ ဤသည်ကပဲ သူ့အစွမ်းပင် ဖြစ်သည်။

"လက်စသတ်တော့ မိတ်ဆွေဟာ ပူစီးဂိုဏ်းက ဓားသမား စွမ်းဖုံးကိုး၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

စွမ်းဖုံး ခေါင်းခါယမ်းပြီး ခပ်ပြတ်ပြတ် ပြောသည်။

"ကျုပ်ကတော့ ဝမ်းမသာဘူး"

သူတို့နှစ်ယောက်၏ အခြေအနေကြောင့် လင်းလင်းနှင့် ပိရှဲတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

စွမ်းဖုံးသည် စီးမင်ချူးအား ရန်မူဖို့ ရောက်လာသူဖြစ်ကြောင်းလည်း ရိပ်မိလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စီးမင်ချူးက မေးလိုက်၏။

"မိတ်ဆွေက ဘာကိစ္စနဲ့ ကျုပ်ဆီကို လာတွေ့တယ်ဆိုတာ ပြောပါဦးဗျာ"

စွမ်းဖုံးက သွားကြားထဲမှ လေသံဖြင့် ပြောသည်။

"ကျွန်းနန်သိုင်းပြိုင်ပွဲမှာ မင်းက မတရားအနိုင်ယူသွားတဲ့ ကိစ္စကို ဖြေရှင်းဖို့ လာခဲ့တာပဲ"

စီးမင်ချူး ရင်ထိတ်သွား၏။

"ဘာပြောတယ်ဗျ"

စွမ်းဖုံးက ...

"ရှင်းပါတယ်၊ ပြိုင်ပွဲမှာ စွမ်းဖုံးကသာ ဆက်ပြီး တိုက်ခိုက်လိုက်မယ်ဆိုရင် မင်းရှုံးသွားမယ်ဆိုတာ လူတိုင်းသိကြတယ်၊ ဒါပေမယ့် ထုကျိုက အကြောင်းတစ်ခုခုကြောင့် မင်းကို အရှုံးပေးလိုက်တယ်ဆိုတာလဲ ငါသိပါတယ်"

စီးမင်ချူးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

ပတ်ဝန်းကျင်တွင် လင်းလင်းမှလွဲပြီး လူသူကင်းရှင်းနေပါသည်။

"မဖြစ်ဘူး၊ သူဟာ ငါ့အကြောင်း ရိပ်မိထားပုံရတယ်၊ သူ့ကို ရှင်းပစ်မှာပဲ"

ထိုသို့ တွေးတောစဉ်းစားလိုက်ပြီး ပြောလိုက်၏။

"သူက ကျုပ်တို့ မယှဉ်နိုင်လို့ ရှုံးသွားတာ ခင်ဗျားမကျေနပ်စရာ အကြောင်းမရှိပါဘူးဗျာ"

စွမ်းဖုံးက ...

"မင်းကို မယှဉ်နိုင်ခဲ့တာ မဟုတ်ဘူး၊ ခင်းက အကြပ်ကိုင်ခဲ့လို့ အရှုံးပေးလိုက်ရတာ"

စီးမင်ချူးက ခပ်တည်တည် မေးလေ၏။



"ကဲ ... ဒါဆိုလဲ ကျုပ်က ဘယ်လို အကျပ်ခဲ့သလဲဆိုတာ ပြောစမ်းပါဦး"

စွမ်းဖုံး မျက်နှာပျက်သွား၏။

သူက မည်သို့ပြောရမှန်းမသိ ဖြစ်သွားသည်။

စီးမင်ချူး အနိုင်ရသူကဲ့သို့ ပြောလိုက်၏။

"အရှုံး အနိုင်ကို လူပုံအလယ်မှာ ဆုံးဖြတ်ခဲ့ပြီးပါပြီဗျာ၊ ဒီကိစ္စအတွက် ဘာမှ ရှေ့ဆက်စရာ မလိုတော့ပါဘူး၊ ခင်ဗျား အေးအေး ဆေးဆေး ပြန်သွားတာ ကောင်းပါလိမ့်မယ်"

စွမ်းဖုံးက ...

"ကောင်းပြီလေ၊ မင်းဟာ ကျွန်းနန်သိုင်းပြိုင်ပွဲမှာ ပထမဆွဲ့ ရခဲ့တယ် မဟုတ်လား၊ ကျုပ်က မင်းကို စိန်ခေါ်တယ်၊ မင်းရဲ့ ဓားပညာဟာ ထုကျိုကို မယှဉ်နိုင်ဘူးဆိုတာ လက်တွေ့ပြမယ်"

စီးမင်ချူး အကြပ်ရိုက်သွား၏။

အခြေအနေအရ စွမ်းဖုံးနှင့် ရင်မဆိုင်၍ မဖြစ်တော့ပါချေ။

ထိုစဉ် ...

"သခင်လေး"

ခေါ်သံနှင့်အတူ လူလေးယောက် ပြေးလွှားလာနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

လူလေးယောက်သည် လျင်မြန်စွာ ပြေးလွှားလာကြပြီး စီးမင်ချူးအနီးသို့ ရောက်ရှိလာကြလေသည်။ ထိုလူလေးယောက်ကို မြင်လျှင် စီးမင်ချူး မျက်နှာပျက်သွားလေသည်။

"မင်းတို့ ဘာလာလုပ်ကြတာလဲ"

သူက ဆီး၍ ငေါက်လိုက်သည်။

ထိုလူလေးယောက်မှာ ခက်ထန်ကြမ်းတမ်းသည့် ရုပ်ရည်များ ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းနှင့် ဝိရှဲတို့သည် ထိုလူလေးယောက်၏ ရုပ်ရည်ကို ကြည့်ကာ သဘောမကျနိုင်အောင် ဖြစ်သွားမိကြသည်။

ပိရှဲက တိုးတိုးပြော၏။

"ဒီလူတွေဟာ ဘယ်နည်းနဲ့မှ လူကောင်းတွေ မဖြစ်နိုင်ဘူး"

လင်းလင်းက ဘာမှမပြောဘဲ နေလိုက်သည်။

ထိုလူလေးယောက်သည် စီးမင်ချူးအား ဦးညွှတ်လိုက်ပြီး အစီရင်ခံသည်။

"သခင်လေး၊ ကျွန်တော်တို့ စောင့်နေတဲ့လူဟာ ဓာတ်မြို့ကို ခြေဦးပြန်လှည့်သွားနေပါပြီ"

စီးမင်ချူး မျက်မှောင်ကုတ်သွားသည်။

"သူဟာ မြို့က ထွက်သွားပြီးမှ မြို့ကို ပြန်လှည့်သွားတာဟုတ်လား"

"ဟုတ်ပါတယ်၊ အဘိုးအိုတစ်ယောက်နဲ့တွေ့ပြီး စိတ်ပြောင်းသွားတဲ့သဘော ရှိပါတယ်"

"ဒါကြောင့် ကျုပ်တို့ ဘာဆက်လုပ်မလဲဆိုတာ သခင်လေးကို လာမေးတာပါ"

စီးမင်ချူးက မေးလိုက်လေ၏။

"နေပါဦး၊ သူဟာ ဘယ်က အဘိုးအိုနဲ့ တွေ့တာလဲ"

ထိုလူလေးယောက်အနက် တစ်ယောက်က ပြောသည်။

"ကျုပ်တို့လဲ မသိပါဘူး၊ ဒါပေမယ့် သေသေချာချာ စုံစမ်းကြည့်လိုက်တော့မှ လူထူးဆန်း ကျင်းတီ ဖြစ်နေတာ သိခဲ့ရပါတယ်"

"ဘာ ..."

စီးမင်ချူး သတိလက်လွတ် လွတ်ခနဲ ညည်းလိုက်မိသည်။

အရိုပ်မဲ့ဓား ဟူသော အမည်ကို ကြားလိုက်ရသောအခါ လင်းလင်းတို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။



သူမတို့သည် အရိပ်မဲ့ဓားကို ရှာဖွေရန် ပြည်မသို့ ရောက်လာခဲ့ကြသည် မဟုတ်ပါလား။

စီးမင်ချူးအား လာရောက်တွေ့ဆုံသူ လေးယောက်အနက် တစ်ယောက်က ...

"အဘိုးအို ကျင်းတီနဲ့ တွေ့ပြီးနောက် ဓာတ်မြို့ကို ပြန်သွားပုံထောက်ရင် သူဟာ သခင်လေး အကြံပက်ကိုင် ထားတာကို လက်မခံဘဲ တွန်းလှန်ပစ်မယ့် သဘောမျိုးဝဲ ခင်ဗျာ"

စီးမင်ချူး မျက်နှာပျက်သွား၏။

သူတွေးလိုက်သည်။

"ဒီလိုဆိုရင် သူ့က ပေ့ဗှာကို အရင်ဆုံး ပစ်မှတ်ထားမှာပဲ၊ ပေ့ဗှာက သိပ်ပြီး စိတ်ချရတာ မဟုတ်ဘူး၊ အားလုံး အလီစ်ပေါ်သွားလိမ့်မယ်"

သူက တစ်စုံတစ်ခု စဉ်းစားဆုံးဖြတ်ချက်ချပြီး ချက်ချင်း အမိန့်ပေးသည်။

"ဒီအချိန်မျိုးရောက်မှ ငါ့ဘဝအပျက်မခံနိုင်ဘူး၊ မင်းတို့လေးယောက်က ဟိုကောင်ကို ရှင်းပစ်လိုက်၊ မြေခွေးကိုလဲ ပေ့ဗှာကို ရှင်းပစ်ဖို့ ပြောလိုက်"

စီးမင်ချူးသည် အရေးကြီးသော အခြေအနေနှင့် ကြုံတွေ့နေရသဖြင့် ပတ်ဝန်းကျင်ကိုပင် မေ့လျော့ပြီး စိတ်လွတ်ကိုယ်လွတ် အမိန့်ပေးနေသည်။

"ဟား ... ဟား ... ဟား"

ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာသည်။

စွမ်းဖုံးက ရယ်မောလိုက်ခြင်း ဖြစ်သည်။

စီးမင်ချူး လှမ်းကြည့်လိုက်သောအခါ စွမ်းဖုံးက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ... မင်းဟာ လူယုတ်မာ တစ်ယောက်ဆိုတာ ငါသိရပြီ၊ မင်း ဘာပြောချင်သေးလဲ"

စီးမင်းချူးက ခက်ထန်စွာ ဝေါက်ငမ်းလိုက်သည်။

"ခင်ဗျား သေချင်ပြီထင်တယ်"

စွမ်းဖုံးက ...

"စီးမင်းချူး ... ကျန်းနန်သိုင်းပြိုင်ပွဲမှာ မင်း အသုံးပြုခဲ့တဲ့ ဓားပညာဟာ ချင်းကိုးရဲ့ အရိပ်မဲ့ဓား ပညာဆိုတာ အတော်များများက ရိပ်မိထားကြတယ်၊ ချင်းကိုး မူပိုင်တီထွင်ထားတဲ့ အရိပ်မဲ့ဓားသိုင်းကို မင်းဘယ်လိုရခဲ့သလဲ၊ ချင်းကိုးကို မကောင်းကြံပြီး ရခဲ့တာ မဟုတ်လား"

စီးမင်းချူး ဒေါသအမျက် ခြောင်းခြောင်း ထွက်သွား၏။

"ခင်ဗျားပါးစပ် ပိတ်ထားလိုက်စမ်း"

သူက အော်ဝေါက်ဟန့်တားလိုက်သည်။

စွမ်းဖုံးက ...

"ချင်းကိုးက သိုင်းလောကကို ကျောခိုင်းသွားခဲ့တာ မင်းကြောင့်ပဲ ဖြစ်မယ်၊ အခုပဲကြည့်၊ မင်းဟာ မိစ္ဆာလေးဖော်ဆိုတဲ့ လူယုတ်မာတွေနဲ့ ပေါင်းသင်းနေပြီ၊ မင်းရဲ့ မကောင်းတဲ့ အကြံအစည်တွေကို ငါဖော်ထုတ်မယ်"

စီးမင်းချူးထံ ရောက်လာသူ လေးယောက်ကို ညွှန်ပြကာ ပြောလိုက်၏။ စီးမင်းချူး မျက်နှာပျက်သွားသည်။

လင်းလင်းတို့အား လှမ်းကြည့်လိုက်သောအခါ လင်းလင်းတို့က သူ့အား သင်္ကာမကင်းသလို ကြည့်နေသည်ကို တွေ့ရသည်။

လင်းလင်းတို့၏ ထိုအကြည့်ကို သူမခံနိုင်ပါ။

လင်းလင်းတို့ ပေဟွာနှင့် တွေ့ခဲ့ပြီး ဖြစ်သည်ကိုလည်း သူ မသိချေ။



လင်းလင်းနှင့် ပိရှဲတို့သည် ပေဟွာနှင့် တွေ့ဆုံကြပြီး ဖြစ်ပါသည်။

စီးမင်းချူးက ပေဟွာအား သုတ်သင်ခိုင်းနေသဖြင့် စဉ်းစား၍ မရဘဲ ဖြစ်နေသည်။

အဘယ်ကြောင့် ပေဟွာကို သတ်ခိုင်းနေသနည်း။

စီးမင်းချူးသည် ပေဟွာ၏ ခင်ပွန်းသည် သူခိုးလေး စီးမင်းချူး ဖြစ်ကြောင်းလည်း ရိပ်မိလာကြပြီ ဖြစ်ပါသည်။

စီးမင်းချူး အံကြိတ်လိုက်ပြီး ...

"မင်းတို့ ထွက်မသွားကြသေးဘူးလား၊ ဘာလုပ်နေကြတာလဲ"

မိစ္ဆာလေးဖော်အား အော်ဝေါက်လိုက်လေသည်။

မိစ္ဆာလေးဖော်သည် ကပျာကယာ ပြေးထွက်သွားကြသည်။

ထိုအခါမှ ...

စီးမင်းချူးသည် လင်းလင်းတို့ကိုပင် ဂရုမစိုက်အားတော့ဘဲ စိန်ခေါ်လိုက်သည်။

"ခင်ဗျားနဲ့ကျုပ် ယှဉ်ပြိုင်ကြရအောင် သတ္တိရှိရင် ကျုပ်နောက် လိုက်ခဲ့ပေတော့"

သူသည် စကားဆုံးသည်နှင့် ထွက်ခွာသွားလေတော့သည်။

"စိတ်ချ ..."

စွမ်းဖုံးကလည်း ပြေးလိုက်သွား၏။

တစ်ခဏအတွင်းမှာပင် နှစ်ယောက်သား မြင်ကွင်းမှ ကွယ်ပျောက်သွားကြ၏။

ဆိုင်ရှေ့မြေကွက်လပ်တွင် ...

လင်းလင်းနှင့် ပိရှဲတို့နှစ်ယောက်သာ စဉ်းစားရင်း ကျန်ရစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးမင်ချူးတို့ နှစ်ယောက်မှာမူ တစ်နေရာရာတွင် သူသေကိုယ်သေ ယှဉ်ပြိုင်ကြမည်မှာ သေချာလှသည်။

မည်သူ အနိုင်ရမည်ဆိုသည်ကိုတော့ မသိနိုင်ပါ။

ပိရှဲက မေးလာ၏။

"ကျွန်မတို့ လိုက်သွားရင် ကောင်းမလား သခင်မလေး"

လင်းလင်းက ရေရွတ်လိုက်၏။

သူ့အား မရိုးမသားအကြည့်များကို သူမ ပြန်တွေးလိုက်မိသည်။

"လက်စသတ်တော့ စီးမင်ချူးဟာ ပေ့ဂှာရဲ့ ခင်မွန်းသည့် သူငွေးလေး ဖြစ်နေတာကိုး"

"ဟုတ်တယ် သခင်မလေး"

လင်းလင်းက တွေးတွေးဆဆဖြင့် ဆက်ပြောသည်။

"ပေ့ဂှာနဲ့ စီးမင်ချူးတို့ဟာ အရိုပ်မဲ့ဓား ချင်းကိုးအပေါ် တစ်စုံတစ်ခု မကောင်းကြံစည်ခဲ့ကြတယ်ဆိုတာ ထင်ရှားနေတယ်၊ တဖြည်းဖြည်းတော့ ရုပ်လုံးပေါ်လာပြီ"

ပိရှဲက ...

"သခင်မလေး ဘယ်လို စဉ်းစားမိလို့လဲ"

လင်းလင်း လက်ကာပြလိုက်၏။

"မကြာခင် သိရမှာပေါ့၊ ကဲ ... တို့သွားကြရအောင်"

ပိရှဲက ...

"ဘယ်ကိုသွားမှာလဲ သခင်မလေးရဲ့"

"မိစ္ဆာလေးဖော်ဆိုတဲ့ လူတွေနောက်ကို လိုက်သွားမယ်လေ ဒါဆိုရင် အရိပ်မဲ့ဓားကို တွေ့ရနိုင်တာပေါ့"

ပိရှဲ သဘောတူလိုက်သည်။

"ကောင်းပါပြီ သခင်မလေး"

"ကဲ ... သွားကြစို့"



"ဟုတ်ကဲ့"

သူတို့နှစ်ယောက်သည် မိစ္ဆာလေးဖော် ထွက်သွားရာဘက်ဆီသို့ ပြေးလွှားလိုက်သွားကြလေတော့သည်။

❖ ❖ ❖

လမ်းဆုံးတွင် ထမင်းဆိုင်လေး တစ်ဆိုင်ရှိသည်။

ထိုဆိုင်လေးသည် ဆိုင်အရှေ့ဘက်တွင် ထမင်းနှင့်ဟင်းလျာ ရည်ရောင်းပြီး ဆိုင်အနောက်ဘက်တွင် အရက်များ ရောင်းချသော ဆိုင်လေးဖြစ်သည်။

ယခု ဆိုင်အနောက်ဘက် အရက်ရောင်းချသည့်နေရာတွင် ချင်းကိုး ရောက်ရှိနေပါသည်။

သူ၏ ပုံပန်းသဏ္ဌာန်မှာ တောင်းရမ်းစားသောက်သူ တစ်ယောက်ပမာ ညစ်ပတ်ပေကျံကာ အဝတ်အစားများလည်း စုတ်ပြဲနေ၏။

ရှုံ့သွပ်နေသူ တစ်ယောက်နှင့်ပင် တူသေးတော့သည်။

သို့သော် သူ့အား ဆိုင်လုလင်များက လေးလေးစားစား ဆက်ဆံကြပြီး အရက်ကို လိုလေသေးမရှိ ချပေးကြသည်။

ချင်းကိုးက အရက်တစ်ခွက်ပြီး တစ်ခွက် သောက်နေမိသည်။

အရက်သုံးအိုးခန့် ဆက်တိုက်သောက်ပြီးမှ သူသတိဝင်လာသည်။

"ငါ့မှာ ပိုက်ဆံတောင် တစ်ပြားတစ်ချပ်မှ မရှိပါလား"

အရက်သောက်ချစ်စိတ် ပြင်းပြနေပြီး အရက်ဖိုး မရှိသည်ကို မေ့နေ၏။

အရက်သောက်၍ ဝတော့မှ အရက်ဖိုး ပေးစရာမရှိသည့် အဖြစ်ကို သတိရလာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ ရောက်လာသော ဆိုင်လုလင်အား လှမ်းပြောလိုက်၏။

"ညီလေး မင်းကို ပြောရာရှိလို့"

"ဟုတ်ကဲ့ ... ပြောပါ အစ်ကိုကြီး"

ချင်းကိုးက ...

"ငါ ... ငါမှာ အရက်ဖိုးရှင်းစရာ ပိုက်ဆံမရှိဘူး၊ ဒါကြောင့် အရက်ဖိုးကျေအောင် ငါ့ကို အလုပ်တစ်ခုခု ခိုင်းပါလားကွာ"

သူက တောင်းတောင်းပန်ပန် ပြောလိုက်၏။

ဆိုင်လုလင်က ...

"ရပါတယ် အစ်ကိုကြီး ဘာမှလုပ်စရာမလိုပါဘူး၊ အရက်ဖိုးလည်း မပေးပါနဲ့"

"ဟော ..."

မမျှော်လင့်သော စကားကြောင့် ချင်းကိုး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဆိုင်လုလင်က ...

"အစ်ကိုဟာ သိုင်းလောကမှာ ထင်ရှားခဲ့တဲ့ အရိပ်မဲ့ဓားဆိုတာ ကျွန်တော်သိပါတယ်၊ လေးစားလွန်းလို့ အရက်ကို အလကား တိုက်တာပါ၊ တစ်ပြားတစ်ချပ်မှ ပေးစရာမလိုပါဘူး၊ အစ်ကို့အတွက် အရက်လိုသေးရင် ပြောပါ"

ဆိုင်လုလင်က လောကဝတ်ပြုနေသော်လည်း ချင်းကိုး မသောက်နိုင်တော့ပါ။

သောက်ပြီးသား အရက်များပင် ပြန်ပြီး ပျို့အန်ထွက်မတတ် ဖြစ်လာသည်။

သူ့အား လူတိုင်းက လေးစားကြသည် မဟုတ်ပါလား။

သူကား ကိုယ့်ကိုယ်ကို တန်ဖိုးထားရကောင်းမှန်း မသိခဲ့ပါ။



အရက်အိုး ကျွမ်းထိုးမှောက်ခဲ့ ကျသလို ကိုယ့်ကိုယ်ကို ဖျက်ဆီးခဲ့သည်။

အဘယ်ကြောင့်နည်း ...။

အရက်ကြောင့်ပင် သူ၏ ဘဝသည် ကံဆိုးမိုးမှောင် ကျခဲ့သည် မဟုတ်ပါလား။

ချင်းကိုးသည် လေးကန်ဖင့်နွဲ့သော ခြေလှမ်းများဖြင့် ဆိုင်ထဲမှ ထွက်လာခဲ့သည်။

လမ်းတစ်လျှောက် တွေ့ရသူအားလုံးက သူ့အား မျက်မှောက်တွင် နှုတ်ဆက်ကြသည်။ ဦးညွှတ်ဂါရဝ ပြုကြသည်။

အခြေအနေ အရပ်ရပ်မှာ အပြောင်းလဲကြီး ပြောင်းလဲနေပြီ ဖြစ်လေသည်။

ချင်းကိုး နားမလည်နိုင်တော့ပါ။

"ဘာတွေ ဖြစ်ကုန်ပြီလဲ"

သူတွေးတောနေစဉ်မှာပင် လူသုံးယောက်သည် သူ့ထံသို့ ပြေးလွှားလာနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ချင်းကိုး ခြေလှမ်းရပ်လိုက်သည်။

အကယ်၍ ရပ်တန့်ခြင်း မပြုလျှင် ထိုလူသုံးယောက် ဝင်တိုက်မိလိမ့်မည် ဖြစ်သည်။

ထိုလူသုံးယောက်မှာ အခြားသူများ မဟုတ်ကြပါ။

မိစ္ဆာလေးဖော်တွင် ပါဝင်သည့် အမှတ်တစ်၊ အမှတ်နှစ်နှင့် အမှတ်လေးတို့ပင် ဖြစ်ကြလေသည်။

အမှတ်သုံးသည် စီးမင်ချူး၏ စေခိုင်းချက်ကြောင့် မြေခွေးထံသို့ သွားနေ၏။

မေ့တာအား သုတ်သင်ပစ်ရန် မြေခွေးကို သတင်းပေးရလိမ့်မည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တစ်တို့သည် ချင်းကိုးအား တွေ့လိုက်ရသဖြင့် ဝမ်းသာသွားကြသည်။ သူတို့သည် ချက်ချင်း ဝိုင်းရံထားလိုက်ကြပြီး ဝေါက်ငန်းကြသည်။

"မင်း ဘယ်ပြေးမလဲ"

ချင်းကိုးက ငေး၍ ကြည့်နေပါသည်။

အမှတ်တစ်နှင့် ဆုံတွေ့လိုက်ရသော်လည်း သူ၏စိတ်ထဲ၌ မည်သို့မျှ မခံစားရချေ။

အမှတ်တစ်က ဝေါက်လိုက်၏။

"ဒီတစ်ခါတော့ မင်းထွက်ပြေးလို့ မရတော့ဘူးဆိုတာ မှတ်ထားပါ"

ချင်းကိုးက အေးဆေးစွာ ပြန်ပြောသည်။

သူ့အရှက်မရှိသူ ဖြစ်သွားကတည်းက အမြဲတမ်း အေးဆေးစွာ ပြန်ပြောခဲ့ပါသည်။

"ကျုပ် ဘယ်တုန်းက ထွက်ပြေးဖူးလို့ဗျာ"

အမှတ်တစ်က ...

"အေး ... မင်းပြေးလို့လဲ မရဘူး၊ သေဖို့သာ ပြင်ထားပေတော့"

ဓားဆွဲထုတ်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ချင်းကိုး မလှုပ်မယှပ် ရပ်နေ၏။

ပြန်လည် တိုက်ခိုက်ရန် လည်းကောင်း၊ ခုခံတိုက်ခိုက်ရန် လည်းကောင်း လုံးဝ မစဉ်းစားသည့် ပုံသဏ္ဌာန်မျိုး ဖြစ်သည်။

အကယ်၍ အမှတ်တစ်က တိုက်ခိုက်လိုက်မည်ဆိုပါလျှင် ချင်းကိုး ချက်ချင်းလဲကျ သေဆုံးသွားတော့မည် ဖြစ်သည်။

မိစ္ဆာလေးဖော်တို့ကလည်း စီးမင်းချူး၏ အမိန့်အတိုင်း ချင်းကိုးအား သုတ်သင်ရှင်းလင်းပစ်ရန် သံနိုင်ဌာန်ချထားကြပြီ ဖြစ်သည်။



ထိုစဉ် ...

"ရပ်လိုက် ..."

ဟန့်တားသံ ထွက်ပေါ်လာ၏။

အမှတ်တစ် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဟန့်တားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ မိန်းကလေးနှစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

လင်းလင်းနှင့် ပိရှဲပင် ဖြစ်ကြသည်။

သူတို့သည် အမှတ်တစ်တို့ နောက်သို့ လိုက်လာရင်း ချင်းကိုးနှင့် ဆိုက်ဆိုက်မြိုက်မြိုက် ဆုံတွေ့လိုက်ရခြင်း ဖြစ်သည်။

အမှတ်တစ် မကျေမနပ် ဖြစ်သွား၏။

သူက ဝေါက်ငန်းလိုက်သည်။

"မင်းတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်ချင်ရတာလဲ"

လင်းလင်းက ခပ်တည်တည် ပြန်ပြောလိုက်၏။ သူ့လေသံက ခြိမ်းခြောက်သံပါသည်။

"ကျွန်မတို့နဲ့ ဆိုင်လို့ပေါ့ရှင်"

အမှတ်တစ်က မောင်းထုတ်လိုက်၏။

မင်းတို့ သေချင်ကြပြီထင်တယ်၊ ဝေးဝေးကို ထွက်သွားကြစမ်း"

ပိရှဲက ဝင်ပြောလိုက်သည်။

"ဝေးဝေးကို ထွက်သွားချင်မှတော့ အခုလို လာခဲ့ပါမလားရှင်"

အမှတ်တစ် ဒေါပွသွားသည်။

သူက အမိန့်ပေးသည်။

"ကြာပါတယ်ကွာ၊ သူတို့ကိုပါ ရှင်းပစ်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အမှတ်နှစ်နှင့် အမှတ်လေးတို့သည် ဓားများ ခြမ်းခနဲ မြည်အောင် ဆွဲထုတ်လိုက်ကြပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။

"နေဦး"

ရုတ်တရက် ...

ချင်းကိုးက ကြားဖြတ်ဟန့်တားလိုက်၏။

အမှတ်တစ်တို့က လှည့်ကြည့်လိုက်ကြသည်။

ချင်းကိုးက ပြောလိုက်သည်။

"ခင်ဗျားတို့က ကျုပ်အတွက် လာခဲ့ကြတာ မဟုတ်လား၊ သူတို့နဲ့ ဘာမှမဆိုင်ပါဘူးဗျာ"

အမှတ်လေးက ဝေါက်လိုက်၏။

"စကားမရှည်နဲ့ မင်းပါးစပ် ပိတ်ထား"

အမှတ်နှစ်က ...

"မိန်းကလေးတွေပြီးရင် မင်းအလှည့်ပဲ"

စကားဆုံးလျှင် ဓားဖွေ့ယမ်းကာ လင်းလင်းတို့ထံသို့ ခုန်ဝင် တိုက်ခိုက်လိုက်သည်။

သူ၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်း ထန်သည်။

လင်းလင်းတို့ ချက်ချင်းလဲကျ သေဆုံးသွားမည်ဟု ထင်ရ သည်။

သို့သော် ...

"ပိရဲ့ နောက်ဆုတ်လိုက်"

လင်းလင်းက သတိပေးလိုက်ပြီး ကိုယ်တိုင် ရှေ့ထွက်ကာ ပြန်လည် တိုက်ခိုက်လိုက်၏။

သူမ လက်နှစ်ဖက် လှုပ်ရှားလိုက်သည်နှင့် ...



"ဝုန်း ..."

"အား ..."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

အမှတ်နှစ်သည် အဝေးသို့ လွင့်စဉ်သွားပြီး မြေပေါ်၌ စန့် စန့်ကြီး ဖြစ်နေလေတော့သည်။

"ဟင် ..."

"ဟာ ..."

အမှတ်တစ်နှင့် အမှတ်လေးတို့ ပါးစပ်အဟောင်းသား ဖြစ် သွားကြသည်။

ရင်ထဲ၌လည်း စိုးရွံ့သွားကြသည်။

လင်းလင်းမှာ သိုင်းပညာမခေသူ ဖြစ်ကြောင်းလည်း ချက်ချင်း သဘောပေါက်သွားကြသည်။

လင်းလင်းက အဝေးသို့ညွှန်ပြပြီး ပြောလိုက်လေ၏။

"ရှင်တို့နှစ်ယောက် အေးအေးဆေးဆေး ထွက်သွားကြရင် ကောင်းမယ်"

အမှတ်တစ် ဒေါသထွက်သွားသည်။

"စိတ်ချ ... ကျုပ်တို့က မင်းကို ဆုံးမပြမယ်"

သူသည် ပြောပြောဆိုဆို ဓားဖွေ့ယမ်းပြီး တိုက်ခိုက်လိုက် သည်။

"သေပေတော့"

အမှတ်လေးကလည်း အော်ဟောက်ကာ ခုန်ဝင်တိုက်ခိုက်လိုက် သည်။

သူတို့က တက်ညီလက်ညီဖြင့် လင်းလင်းအား ညှပ်ပူးညှပ် ပိတ် တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

ချင်းကိုးက လင်းလင်းအတွက် စိတ်ပူသွားပြီး အော်ဟစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး မြန်မြန် နောက်ဆုတ်လိုက်ပါ"

လင်းလင်းက ပြုံးလိုက်၏။

"အခုလို သတိပေးကာ ကျေးဇူးတင်ပါတယ်ရှင် ... ဒါပေမယ့် ..."

သူမသည် လက်ဝါးနှစ်ဖက်ဖြင့်ပင် ပြန်လည်တိုက်ခိုက်လိုက်သည်။

သူမက တိုက်ခိုက်လိုက်သည်နှင့် ...

"ဝုန်း ..."

"အား ..."

အမှတ်တစ်နှင့် အမှတ်လေးတို့ စူးရှစွာ အော်ဟစ်ရင်း အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

❖ ❖ ❖

အခန်း(၃၆)

# ဆင်းရဲခြင်း နိဂုံး၊ ချမ်းသာခြင်း နိဂုံး

တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်သည်။

အမှတ်တစ်၊ အမှတ်နှစ်နှင့် အမှတ်လေးတို့ မြေပေါ်လဲကျနေကြသည်။

ချင်းကိုးသည် လင်းလင်းအား တအံ့တသြ ငေးမောကြည့်ရှုမိသည်။

ပန်းကလေးတစ်ပွင့်နှင့် နုနယ်လှပသော မိန်းကလေး တစ်ယောက်သည် ခက်ထန်ကြမ်းတမ်းလှသည့် လူကြမ်းကြီးသုံးယောက်အား မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အနိုင်ယူလိုက်သည် မဟုတ်ပါလား။

လင်းလင်းက ပြောသည်။

"သူတို့ကသာ ကျွန်မကို ရန်မမူကြဘူးဆိုရင် ကျွန်မ သူတို့ကို အခုလို တိုက်ခိုက်မှာ မဟုတ်ပါဘူး"

ချင်းကိုးက ...

"သူတို့က အင်မတန်ဆိုးသွမ်းတဲ့ မိစ္ဆာလေးဖော်ဆိုတဲ့ လူတွေပဲ"

လင်းလင်း ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကြားပြီးပါပြီရှင်၊ သူတို့ ဘာကြောင့် ရှင့်ကို ဒုက္ခပေးနေကြတယ်ဆိုတာလဲ သိပါတယ်"

"ဟင် ..."

"သူတို့ဟာ သူဌေးလေး စီးမင်းချူးရဲ့ အမိန့်ကြောင့် ရှင့်ကို ရန်ပြုနေကြတာပါရှင်"

ချင်းကိုး မျက်လုံးပြူးသွား၏။

သူက မေးလိုက်သည်။

"မင်း ... မင်း ဘယ်လိုလုပ် သိတာလဲ"

လင်းလင်းက ...

"ဒါတွေ အရေးမကြီးပါရှင်၊ အရေးကြီးတာက ရှင်ဟာ ချင်းကိုး ဟုတ်မဟုတ် ဆိုတာပါပဲ"

ချင်းကိုး ဘာမှမပြောဘဲ နေလိုက်သည်။

လင်းလင်းက ...

"မိစ္ဆာလေးဖော်ဟာ ရန်ရှာနေမှတော့ ရှင်ဟာ ချင်းကိုးဆိုတာ သေချာနေပါပြီ၊ ရှင့်ကို အခုလိုတွေ့ရတာ ကျွန်မ ဝမ်းသာလိုက်တာ"

"ဟင် ..."

ချင်းကိုး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဝမ်းသာတယ် ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဘာဖြစ်လို့ ဝမ်းသာရတာလဲ"

"ရှင့်ကို ကျေးဇူးပြန်ဆပ်နိုင်တော့မှာမို့ပါ"

ချင်းကိုးက ပြောသည်။ သူ အံ့သြနေသည်။

"မိန်းကလေး ဘာတွေလာပြောနေတာလဲ၊ ကျုပ်တော့ နားမလည် နိုင်အောင်ပဲဗျ"

လင်းလင်းက ...



"ရှင်ဟာ တစ်ချိန်က တောင်ပိုင်းဒေသကနေပြီး ပြည်မမှာ သိုင်းပညာပြိုင်ရအောင် လာခဲ့တဲ့ လင်ချန်းစိမ်းကို အမှတ်ရဦးမယ် ထင်ပါတယ်"

"လင်ချန်းစိမ်း ..."

"ဟုတ်ပါတယ်"

ချင်းကိုး သက်ပြင်းချကာ ဝန်ခံလိုက်၏။

"သူဟာ သိုင်းပညာ အင်မတန်တော်တဲ့ လူတစ်ယောက်ဆိုတာ ကျုပ် သိပါတယ်ဗျာ"

လင်းလင်းက ရှင်းပြသည်။

"လင်းချန်းစိမ်း ဒုက္ခရောက်နေချိန်မှာ ရှင်က ကူညီခဲ့တာကို သူက ဘယ်တော့မှ မမေ့နိုင်အောင် ဖြစ်နေတယ်ရှင့်"

ချင်းကိုး မျက်မှောင် ကုတ်သွားသည်။

လင်းလင်းကို စိုက်ကြည့်ရင်း မေးလိုက်သည်။

"မိန်းကလေးက လင်းချန်းစိမ်းနဲ့ ဘယ်လိုများ ပတ်သက်နေသလဲ"

လင်းလင်းက ...

"ကျွန်မဟာ လင်းချန်းစိမ်းရဲ့ သမီးပါရှင်"

"ဪ ..."

"ကျွန်မ အဖေဟာ တောင်ပိုင်းဒေသမှာ နေပေမယ့် ပြည်မက သတင်းတွေကို အမြဲသိနေပါတယ်၊ ရှင် ဒုက္ခရောက်နေတယ်ဆိုတာ ကြားသိရလို့ ရှင့်ကို ကူညီဖို့ ကျွန်မကို လွှတ်လိုက်ပါတယ်"

လင်းလင်းက အမှန်အတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

ချင်းကိုး မျက်နှာပျက်သွားပြီး ပြန်ပြောသည်။

"ကျုပ်က ဘာမှ မဖြစ်ပါဘူးဗျာ"

လင်းလင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"မလိမ်ပါနဲ့ရှင် ... ရှင်ဟာ သူဌေးလေး စီးမင်ချူးကြောင့် ဒုက္ခရောက်နေရတယ်ဆိုတာ ကျွန်မ သိတယ်"

"ကျုပ် ... ကျုပ်"

ချင်းကိုး ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေပြီး ဘာမှ မပြောနိုင်အောင် ဖြစ်နေ၏။

လင်းလင်းက ...

စီးမင်ချူးက ရှင့်ကို အကွက်ချပြီး ဒုက္ခပေးခဲ့တာပဲ"

ချင်းကိုး မျက်လုံးပြူးသွား၏။

"ဘာ ... ဘယ်လို"

"စီးမင်ချူးက ... "

သူမ၏ စကားမဆုံးမီ စကားသံတစ်ခု ဖြတ်ဝင်လာ၏။

"ကျုပ် ဒုက္ခပေးရတယ်ဆိုတာကလည်း သူဟာ လူယုတ်မာ တစ်ယောက် ဖြစ်နေလို့ပါဗျာ"

လင်းလင်း လှမ်းကြည့်လိုက်သောအခါ ပြုံးရွှင်သော မျက်နှာထားဖြင့် လှမ်းလာနေသော စီးမင်ချူးအား တွေ့လိုက်ရလေ၏။

"သူဌေးလေး စီးမင်ချူး ... "

လင်းလင်း လွှတ်ခနဲ ရေရွတ်လိုက်၏။

မှန်ပါသည်။

စီးမင်ချူးသည် သူတို့ထံသို့ တည့်တည့်မတ်မတ် လှမ်းလာနေ၏။

စီးမင်ချူး ရောက်လာသဖြင့် စွမ်းဖုံးတစ်ယောက် အခြေအနေမကောင်းနိုင်တော့ကြောင်း ထင်ရှားနေပါသည်။

ချင်းကိုးမှာ စီးမင်ချူးကို မြင်လျှင် မျက်နှာပျက်သွားပြီး ခေါင်းငုံ့ထားလိုက်သည်။

စီးမင်ချူးက လင်းလင်းကို စိုက်ကြည့်ပြီး မေးလေ၏။



"မိန်းကလေး ချင်းကိုးကို ကူညီမယ်လို့ ပြောနေတာ ကြားတယ်၊ ဒါအမှန်ပဲလား"

လင်းလင်းက ...

"အမှန်ပဲရှင်"

ခပ်တည်တည် ပြောလိုက်၏။

စီးမင်ချူးက မေးသည်။

"သူဟာ ဘယ်လိုလူစားမျိုးလဲဆိုတာကော မိန်းကလေး သိလို့လား"

လင်းလင်းက ...

"သူဟာ ကျွန်မ အဖေရဲ့ အသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင် တစ်ယောက်ပေါ့ရှင်"

စီးမင်ချူးက ...

"ဪ ... မိန်းကလေးက သူ့ကို ကျေးဇူးရှင်တစ်ယောက်လို့ သတ်မှတ်ထားတာကိုး"

"ဟုတ်ပါတယ်ရှင်"

"အင်း ... တကယ်တမ်းကျတော့ သူဟာ လူယုတ်မာ တစ်ယောက်ဆိုတာ သိရင် မိန်းကလေး ဒီလိုပြောမှာ မဟုတ်ဘူး"

"ဘာရှင့် ... "

"ချင်းကိုးက လူယုတ်မာ တစ်ယောက်ပဲ"

"ရှင် မဟုတ်တာ မပြောနဲ့"

"ကျုပ်က လိမ်ပြောတာ မဟုတ်ပါဘူး၊ မယုံရင် ချင်းကိုးကို မေးကြည့်နိုင်ပါတယ်ဗျာ"

လင်းလင်း လှမ်းကြည့်လိုက်သည်။

ချင်းကိုး မျက်နှာပျက်နေပြီး တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



စီးမင်ချူးက အမိန့်ပေးသည်။ ဝေါက်ငန်းလိုက်သည်။

"ချင်းကိုး မင်းဟာ လူယုတ်မာတစ်ယောက် ဟုတ်တယ် မဟုတ်ဘူးဆိုတာ ပြောပြလိုက်စမ်း"

စီးမင်ချူးသည် ချင်းကိုးအား လုံးဝဂရုမစိုက်သည့် အသွင်ရှိနေသည် မဟုတ်ပါလား။

ထိုစဉ် ...

ချင်းကိုး လှုပ်လှုပ်ရှားရှား ဖြစ်လေသည်။

ခေါင်းမော့လာပြီး လင်းလင်းကို မယုံနိုင်လောက်အောင် ဝန်ခံစကား ပြောလိုက်သည်။

"ဟုတ်ပါတယ်ဗျာ ... ကျုပ်ဟာ လူယုတ်မာတစ်ယောက်ပါပဲ"

"ဟင် ..."

"အို ..."

လင်းလင်းနှင့် ပိရှဲတို့သည် ချင်းကိုး၏ စကားကြားလိုက်ရသောအခါ ထခုန်မိမတတ် ထိတ်လန့်တုန်လှုပ်သွားကြလေတော့သည်။

❖ ❖ ❖

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

လေပြည်လေညင်း ဖွေ့ယမ်းတိုက်ခတ်နေ၏။

မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့လာသည်။

ငှက်ကလေးများ ဘာသာဘာဝ တေးသီဆိုနေကြပြီ။

ကောင်းကင်ပေါ်တွင် တိမ်ဖြူများ လွင့်မျောနေသည်။

သဘာဝ အလှအပများသည် ဆေးရေးမမီသော ပန်းချီကား တချို့ပမာ ရှိနေတော့သည်။



ပြာလွင်လွင် ကောင်းကင်ကို နောက်ခံပြု၍ တောင်ထွတ်တစ်ခု သည် မားမားမတ်မတ် ရပ်နေသူတစ်ယောက်ပမာ ရှိနေသည်။

ထိုတောင်ထွတ်ပေါ်တွင် မိုးနဂါးဘုံကျောင်း တည်ရှိသည်။

မိုးနဂါးဘုံကျောင်း ...

မိုးနဂါးဘုံကျောင်းသည် သာယာလှပသော ဘုံကျောင်းတစ်ခု အဖြစ် ထင်ရှားကျော်ကြားပေသည်။

ပေ့ဟုသည် မိုးနဂါးဘုံကျောင်းသို့ သွားလိုစိတ် ဖြစ်ပေါ်နေသည်မှာ ကြာပြီဖြစ်သည်။

ယနေ့မှ ...

အမှတ်သုံးသည် ကျွန်းနန်းမှ ပြန်ရောက်လာသည်။

သူနှင့်အတူ သတင်းတစ်ခု ပါလာသည်။

စီးမင်ချူးသည် သိုင်းပြိုင်ပွဲတွင် ပထမဆု ဆွတ်ခူးရရှိလိုက်ပြီဆိုသော သတင်းပင် ဖြစ်သည်။

ပေ့ဟုသည် အလွန်ပျော်ရွှင်သွားသည်။

သူတို့သည် မကြာမီ သိုင်းလောကသို့ လက်မထောင်နိုင်ကြတော့မည် မဟုတ်ပါလား။

ပေ့ဟု သက်ပြင်းချလိုက်၏။ သူမက မေးလိုက်လေ၏။

"အစ်ကို ဘယ်တော့ ပြန်လာမှာလဲ"

အမှတ်သုံးက ...

"မကြာခင် ပြန်လာပါမယ်"

"အေး ... သူပြန်လာမှပဲ မိုးနဂါး ဘုံကျောင်းကို လိုက်ပို့ခိုင်းတော့မယ်"

အမှတ်သုံးက ...

"သခင်လေးက မြေခွေးကို လိုက်ပို့ခိုင်းဖို့ မှာလိုက်ပါတယ်"

"ဟင် ... တကယ်လား"

www.burmeseclassic.com



"တကယ်ပါဗျာ"

"ဒါဆိုလည်း မြခွေးကိုခေါ်ပြီး သွားရတာပေါ့"

ပေဂုသည် မြခွေးကိုခေါ်ကာ မိုးနဂါးဘုံကျောင်းသို့ သွားရန် ဆုံးဖြတ်လိုက်၏။

သူတို့သည် မြင်းရထားဖြင့် ဘုံကျောင်းသို့ သွားခဲ့ကြသည်။

မိုးနဂါးဘုံကျောင်းသို့ ရောက်လာသောအခါ လူသူကင်းရှင်း နေသည်ကို တွေ့ရ၏။

ပေဂုသည် ဘုံကျောင်းတွင် ရှိခိုးဆုတောင်းလိုက်သည်။

ထို့နောက် ဘုံကျောင်းထဲမှထွက်ကာ ပတ်ဝန်းကျင်၏ သာယာ လှပပုံများကို ငေးမောကြည့်ရှုနေခဲ့၏။

သူမအား စောင့်ရှောက်ရန် မြခွေးက လိုက်လာခြင်း ဖြစ် သည်။

သို့သော် ...

စီးမင်ချူးက အမိန့်ပေးလိုက်ပြီဖြစ်၍ မြခွေးသည် သူမအား သုတ်သင်ရှင်းလင်း ပစ်ရတော့မည် ဖြစ်သည်။

ထိုအချက်ကို သူမ မသိသေးပါ။

မြခွေးက ခေါ်လိုက်၏။

"သခင်မ ..."

"ဟိုဘက်က ရေတံခွန်ကို သွားကြည့်ရင် ကောင်းမယ်ထင် လို့ပါ"

"ကောင်းပြီ ... သွားကြည့်ကြတာပေါ့"

ပေဂုက သဘောတူလိုက်သည်။

သူတို့သည် ရေတံခွန်ဘက်သို့ လျှောက်သွားကြ၏။

ရေတံခွန်သည် တောင်ထိပ်မှနေပြီး ချောက်ထဲသို့ တဝေါဝေါ မြည်ကာ စီးကျနေသည်။



ပေဂုသည် သာယာလှပသော ရေတံခွန်ကြီးကို ကြည့်ကာ သဘောကျသွား၏။

"လှလိုက်တာ ..."

သူမက ချီးကျူးလိုက်သည်။

မြခွေးက ...

"ဟုတ်ပါတယ် သခင်မ၊ ဒီလောက် သာယာလှပတဲ့နေရာမှာ တစ်သက်လုံး နေသွားဖို့ပဲ ကောင်းပါတယ်"

"သိပ်မှန်တာပေါ့"

"သခင်မ တကယ်နေချင်လို့လား"

"သိပ်နေချင်တာပေါ့"

"ကောင်းပြီ"

မြခွေးက ရှေ့တိုးလိုက်၏။

သူ၏ မျက်နှာထား ပြောင်းလဲသွားသလို လက်ထဲ၌ ဓား တစ်လက် ပါလာသည်။

ပေဂုက အော်ငေါက်ပြီး ချက်ချင်း ရှောင်တိမ်းလိုက်လေ သည်။

မြခွေးသည် မထူးတော့ပြီဖြစ်၍ ...

"သခင်လေးက ခင်ဗျားကို ရှင်းပစ်ခိုင်းလိုက်တာပဲဗျာ"

"ရှင် ... ရှင်"

မြခွေးက ...

"သေဖို့သာပြင်ထား"

သူသည် အော်ငေါက်ကာ တရကြမ်းတိုက်ခိုက်လေတော့ သည်။

သူ၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်း ထန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂှာ ကပျာကယာ ရှောင်လိုက်၏။

အမှန်ရတော့ ...

သူမလည်း ခေသူတစ်ယောက် မဟုတ်ပါ။

သိုင်းပညာ တတ်မြောက်ထားသူ ဖြစ်သည်။

သူမက ရှောင်တိမ်းပြီး ပြန်လည် တိုက်ခိုက်လိုက်သည်နှင့် ...

"ဝုန်း ..."

"အား"

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာကာ မြေခွေးမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"ခစ် ... ခစ် ... ခစ်"

ပေ့ဂှာ ရယ်မောလိုက်သည်။

"ရှင် ဘာဟုတ်နိုင်မှာမို့လဲ"

မြေခွေး ဒေါပွသွားသည်။

ချက်ချင်းပင် မြေပေါ်မှ လူးလိမ့်ထရင်း ပြောသည်။

"ကြည့်ပါဦးလေ"

သူက ထပ်မံတိုက်ခိုက်လိုက်သည်။

ယခုတစ်ကြိမ် ...

သူမသည် ခြေတစ်ဖက် ဆန့်ထုတ်ကန်ထည့်လိုက်သည်။

"ဝုန်း ..."

မြေခွေး လွင့်စဉ် သွားပြန်သည်။

"ခစ် ... ခစ် ... ခစ်"

ပေ့ဂှာ ရယ်မောလိုက်သည်။

မြေပေါ်မှ လူးလိမ့်ထလာသော မြေခွေးကို ကြည့်ရင်း ပြောလိုက်၏။

"သေရမှာက ရှင်ပဲဆိုတာ မှတ်ထား"



မြေခွေး အံ့ကြိတ်လိုက်သည်။

"ယား ..."

ညာသံပေးကာ တရကြမ်း တိုက်ခိုက်လိုက်သည်။

ပေ့ဂှက ...

"စိတ်ချ ... ကျွန်မဟာ ရှင့်ကို ဆုံးမပြပါ့မယ်"

သူမသည် လက်ဝါးစောင်းဖြင့် ခုတ်ချရန် အသင့်စောင့်ကြိုလိုက်၏။

မြေခွေးဆီသို့ အာရုံရောက်နေစဉ်မှာပင် အမှတ်သုံးသည့် သူမ၏ နောက်ကျောဘက်မှ တိတ်တဆိတ် ထွက်ပေါ်လာသည်။ ထို့နောက် လက်နက်ပုန်းဖြင့် သူမအား တိတ်တဆိတ် တိုက်ခိုက်လိုက်လေတော့သည်။

"ဝှစ် ... ဝှစ် ... ဝှစ်"

လက်နက်ပုန်းများ တရစပ် လွင့်ပျံလာသည်။

"ဟင် ..."

ပေ့ဂှာ ရင်ထိတ်သွားသည်။

ရှေ့နောက် ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်ကြခြင်းကို ခံလိုက်ရပြီဖြစ်ကြောင်း ရိပ်မိလိုက်၏။

သူမက မတတ်သာတော့သဖြင့် ...

"ဟိတ် ..."

ညာသံပေးကာ အပေါ်ခုန်တက်ပြီး ရှောင်လိုက်၏။

သို့တိုင် လက်နက်ပုန်းတစ်ခုသည် သူမ၏ ဝဲဘက် ခြေကျင်းဝတ်ကို တည့်မတ်စွာ ထိမှန်သွားသည်။

"အမယ်လေး"

ပေ့ဂှာ လွှတ်ခနဲ အော်လိုက်၏။

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် မြေပေါ် ပြုတ်ကျသွားတော့သည်။

"ဟား ... ဟား ... ဟား"

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြေခွေးနှင့် အမှတ်သုံးတို့ ရယ်မောလိုက်ကြသည်။

သူတို့သည် ပေ့ဂုကို ရှင်းပစ်နိုင်ကြတော့မည် မဟုတ်ပါလား။

ပေ့ဂုက ကပျာကယာ လူးလိမ့်ထရပ်ရန် ကြိုးစားလိုက်၏။

မြေခွေးက ...

"မင်း လွှတ်မယ် မထင်နဲ့"

"သေဖို့သာ ပြင်ထား"

အမှတ်သုံးကလည်း ဝေါက်လိုက်၏။

နှစ်ယောက်သား ရှေ့တိုးသွားကြ၏။

သူတို့သည် ပေ့ဂုအား သုတ်သင်ရှင်းလင်း ပစ်ကြတော့မည် ဖြစ်သည်။

ပေ့ဂုက ...

"ရှင် ... ရှင်တို့ ဘာအကြောင့် အခုလို လုပ်ရတာလဲ"

အမှတ်သုံးက ...

"သခင်လေးက အမိန့်ပေးလိုက်လို့ပါ"

"ဘာ ..."

"သခင်လေးက မင်းကို ရှင်းပစ်ခိုင်းတာ"

ပေ့ဂု ထိတ်လန့်သွား၏။

"သူ ... သူက ဘာကြောင့် ဒီလိုလုပ်ခိုင်းရတာလဲ"

မြေခွေးက ...

"ခင်ဗျားဟာ သူသေချာက်ရမယ့် လမ်းမှာ အနှောင့်အယှက် ဖြစ်နေလို့ပေါ့"

"ဟင် ..."



ပေ့ဂု ဒေါသထွက်လာသည်။

"ကျွန်မက အနှောင့်အယှက် ဖြစ်နေပြီ ဟုတ်လား"

"ဟုတ်တယ်"

ပေ့ဂု အံကြိတ်လိုက်၏။

"ကျွန်းနှန့် သိုင်းပြိုင်ပွဲမှာ သူ ပထမရအောင် ကျွန်မ ဘယ်လို ကြိုးစားခဲ့ရတယ်ဆိုတာ သူ မေ့နေပြီလား"

မြေခွေးနှင့် အမှတ်သုံး ဘာမှ မပြောကြချေ။

ပေ့ဂုက ...

"ကျွန်မက ချင်းကိုးကို လှည့်စားပြီး သူလိုချင်တဲ့ အရိုပ်မဲ့ ဓားပညာရအောင် ကြိုးစားပေးခဲ့ရတယ်၊ သူ့ရဲ့ လိုအင်ဆန္ဒ ပြည့်စုံ သွားပြီဆိုတော့ ကျွန်မကို ရှင်းပစ်ချင်ပြီပေါ့ ဟုတ်လား"

အမှတ်သုံးက အော်လိုက်သည်။

"အချိန်မရှိဘူး၊ သေဖို့သာ ပြင်ထားပေတော့"

တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ...

"ရပ်လိုက်စမ်း ... မင်း မသေချင်ရင် ရပ်လိုက် ..."

ဟန့်တားသံ ထွက်ပေါ်လာ၏။

အဘိုးအိုတစ်ယောက်သည် ပေ့ဂုရှေ့သို့ ခုန်ပျံရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။

အမှတ်သုံး ကပျာကယာ နောက်ဆုတ်လိုက်ရလေတော့သည်။

ပေ့ဂုသည် ခြေထောက်တွင် လက်နက်ပုန်း ထိမှန်ထားသဖြင့် မြေပေါ်လဲနေသည်။

အဘိုးအိုသာ အချိန်မီ ရောက်မလာလျှင် အမှတ်သုံး လက်ချက်ဖြင့် သေဆုံးသွားလိမ့်မည် ဖြစ်သည်။

အဘိုးအိုကား အခြားသူ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



လူထူးဆန်း ကျင်းတီပင် ဖြစ်ပါတော့သည်။

ကျင်းတီက ...

"မင်းတို့ ရပ်တန်းက ရပ်လိုက်ရင် ကောင်းမယ်"

အမှတ်သုံးနှင့် မြေခွေးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

မြေခွေးက ...

"ခင်ဗျား ဘယ်သူလဲ"

ကျင်းတီက ...

"လူထူးဆန်း ကျင်းတီ"

"ဘာ ..."

"ခင် ... ခင်ဗျား"

မြေခွေးတို့ အထိတ်အလန့် ဖြစ်သွားကြ၏။

ကျင်းတီက ပြုံးလိုက်ပြီး ...

"ချင်းကိုးအပေါ် မကောင်းကြံနေကြတာကို ငါက ဖော်ထုတ်ဖို့ လိုက်ပြီး စုံစမ်းနေတာပဲ"

မြေခွေးနှင့် အမှတ်သုံးတို့ မျက်နှာပျက်သွားကြ၏။

ကျင်းတီက ...

"ကဲ ... မိန်းကလေး မင်း ဘာပြောချင်လဲ"

မေ့ဟွာကို မေးလိုက်၏။

မေ့ဟွာသည် စီးမင်ချူးကို အလွန်စိတ်နာနေပြီ ဖြစ်ပါ၏။

သူမကိုပင် လုပ်ကြံခိုင်းလိုက်ပြီ မဟုတ်ပါလား။

"ကျွန်မ အမှန်အတိုင်း ပြောပြပါ့မယ်ရှင်"

သူမက ကတိပေးလေ၏။

မြေခွေးတို့ ရင်ထိတ်သွားကြသည်။

"မင်း ပါးစပ်ပိတ်ထား"



မေ့ဟွာအား နှုတ်ပိတ်ရန် ကြိုးစားလိုက်ကြသည်။

"သေပေတော့ ..."

အမှတ်သုံးက အောက်ခေါက်ကာ လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်လေသည်။

"ဝှစ် ... ဝှစ် ... ဝှစ်"

လက်နက်ပုန်းများသည် မေ့ဟွာထံသို့ ပစ်လွှင့်သွား၏။

ကျင်းတီက ရှေ့တိုးကာ အင်္ကျီလက်ကို ဝှေ့ယမ်းလိုက်၏။

ဤတွင် ...

"ထောက် ... ထောက် ... ထောက်"

လက်နက်ပုန်းများသည် မြေပေါ် ပြုတ်ကျသွားလေသည်။

အမှတ်သုံး ဒေါပွသွားပြီး ...

"ယား ..."

ညာသံပေးကာ ကျင်းတီထံ ခုန်ဝင်တိုက်ခိုက်လိုက်သည်။

မြေခွေးက အော်သည်။

"မလွှတ်စေနဲ့"

သူလည်း ခုန်ဝင်လာသည်။

သူတို့နှစ်ယောက် တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြခြင်းဖြင့် ကျင်းတီအား အနိုင်ရမည်ဟု ယုံကြည်ထားကြသည်။

သို့သော် ...

"သွားစမ်း"

ကျင်းတီက ခန္ဓာကိုယ် လုံးဝ မလှုပ်ရှားပါ။ လက်နှစ်ဖက်သာ လေထဲ ဝှေ့ယမ်းလိုက်ပါသည်။

"ဝုန်း ..."

"အား ..."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးနှင့် အမှတ်သုံးတို့ အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။ သူတို့သည် ထိုတစ်ချက်တည်းနှင့် သေဆုံးသွားကြလေ၏။

ကျင်းတီသည် မေ့ဗွားအား ကယ်တင်လိုက်နိုင်ပြီ ဖြစ်လေတော့သည်။

❖ ❖ ❖

"ဟား ... ဟား ... ဟား"

စီးမင်ချူး ဟားတိုက်ရယ်မောလိုက်သည်။

လင်းလင်းနှင့် ပိရှဲတို့ မျက်နှာပျက်နေကြ၏။

ချင်းကိုးသည် ကိုယ့်ကိုယ်ကို လူယုတ်မာ တစ်ယောက်ဟု မရှက်မကြောက် ဝန်ခံနေပြီ မဟုတ်ပါလား။

စီးမင်ချူးက အမိန့်ပေးပြန်သည်။

"မင်း ဘယ်လို ယုတ်မာတယ်ဆိုရာ ပြောပြလိုက်ပါဦး"

ယခုတစ်ကြိမ် ...

ချင်းကိုးသည် ခေါင်းငုံ့ထားလိုက်ပြီး ဘာမှမပြောချေ။

စီးမင်ချူးက ...

"သူဟာ ဘယ်လောက်အထိ ယုတ်မာသလဲဆိုတာ ကျုပ်ပြောပြပါ့မယ်"

သူက မဲ့ပြုံး ပြုံးလိုက်ပြီး ...

"ကျုပ်က သူ့ကို လေးစားလွန်းလို့ ညွှဲခံဂုဏ်ပြုပွဲ လုပ်ပေးတယ်၊ ဒါပေမယ့် သူက အရက်မူးပြီး ကျုပ်ရဲ့ဇနီးသည်ကို စော်ကားလိုက်တယ်"

လင်းလင်းနှင့် ပိရှဲတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

စီးမင်ချူးက အနိုင်ရသူကဲ့သို့ ပြောကြားလိုက်သည်။



"ကဲ ... လောကမှာ သူ့လောက် ယုတ်မာတဲ့လူ ရှိနိုင်ပါဦးမလား"

ပိရှဲက မဲ့ပြုံးပြုံးရင်း ...

"သူက အဲဒီအမှား ကျူးလွန်ခဲ့လို့အတွက် အရိုပ်မဲ့ဓားသိုင်းကျမ်းကို ရှင့်ကို ပေးခဲ့ရတယ် မဟုတ်လား"

စီးမင်ချူးက ...

"ဟုတ်တယ် သူ့အပြစ်ကို ပြန်ပြီး ပေးဆပ်တာပဲလေ"

"ရှင်က အရိပ်မဲ့ဓားသိုင်းကို လေ့ကျင့်ပြီး သိုင်းပြိုင်ပွဲ ဝင်ခဲ့တာပေါ့ ဟုတ်လား"

စီးမင်ချူး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ပိရှဲက ...

"ပြိုင်ပွဲမှာ ရှင် ပထမ ရခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို အရိပ်မဲ့ဓားသိုင်းကို ရှင် တတ်မြောက်သွားပြီဆိုတာ ထင်ရှားနေပြီပေါ့"

"ဟုတ်ပါတယ်ဗျာ"

ပိရှဲက အေးစက်စွာ ပြောလေ၏။

"ဒီတော့ အရိပ်မဲ့ဓားသိုင်း တတ်ထားတဲ့ လူ လောကပေါ်မှာ နှစ်ယောက်မရှိရအောင် ရှင်က ချင်းကိုးကို သုတ်သင်ပစ်မယ်လို့ စိတ်ကူးထားတယ် မဟုတ်လား"

"ဟင် ... "

စီးမင်ချူး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ပိရှဲက ...

"ရှင်ဟာ အရိပ်မဲ့ဓားသိုင်းကို လိုချင်ခဲ့တယ်၊ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့ ဖနိုးမောင်နဲ့ နှစ်ယောက်ပေါင်းပြီး အကောက်ကြံကြတယ် ဆိုတာ ကျွန်မတို့ သိထားပြီးပြီ"

စီးမင်းချူး မျက်လုံးပြူးသွား၏။

"ခင်း ... မင်း ဘာတွေ ပြောနေတာလဲ၊ မင်း ပြောတာ ကျုပ် တစ်ခုမှ နားမလည်ဘူး"

သူက အကြောက်အကန် ငြင်းဆန်လိုက်၏။

ထိုစဉ် ...

"သူတို့ ပြောတာအားလုံးက အမှန်တွေပဲဆိုတာ ရှင်သိပါတယ်"

စကားသံတစ်ချက် ထွက်ပေါ်လာပြီး လူနှစ်ယောက်မှာ သူတို့ထံ လျှောက်လာကြ၏။ သူတို့ လျှောက်ပုံမှာ အလွန်လျင်မြန်သည်။

စကားပြောလိုက်သော မိန်းကလေးကို တွေ့လိုက်ရသောအခါ စီးမင်းချူး အံ့ဩသွား၏။

"ပေ့ဗွာ ..."

စီးမင်းချူး အထိတ်အလန့် ရေရွတ်မိလိုက်လေတော့သည်။

ပေ့ဗွာနှင့် ကျင်းတီတို့ ရောက်ရှိလာကြပြီ ဖြစ်ပါသည်။

စီးမင်းချူး မျက်နှာပျက်သွား၏။

ပေဗွာက သူ့အား မုန်းတီးစက်ဆုတ်သော အကြည့်ဖြင့်ကြည့်ကာ ...

"ရှင်ဟာ အရိုပ်မဲ့ဓားသိုင်းကျမ်းကို လိုချင်လို့ ချင်းကိုးကို ဒုက္ခပေးခဲ့တာပဲ၊ တကယ်တော့ ကျွန်မနဲ့ ချင်းကိုးဟာ ဘာမှမဖြစ်ခဲ့ကြပါဘူး၊ ချင်းကိုးကို အရက်မူးအောင်တိုက်ပြီး လုပ်ဇာတ်ခင်းခဲ့ကြတာပဲ"

စီးမင်းချူး ဒေါသခြောင်းခြောင်း ထွက်သွား၏။

"ပေ့ဗွာ ... မင်း ဘာတွေလျှောက် ပြောနေတာလဲ"



ပေ့ဗွာက ရယ်မောလိုက်ပြီး ...

"ကျွန်မ အမှန်အတိုင်း ပြောနေတာရှင့်၊ ရှင်က လိမ်ချင်သေးလို့လား၊ ဒီမှာ မလိမ်နဲ့တော့၊ ငရဲပြည်မှာ သွားလိမ် ..."

"မင်း ... မင်း"

စီးမင်းချူး မျက်လုံးများ ဒေါသကြောင့် နီရဲနေ၏။

"မင်းက ငါ့ကို သစ္စာဖောက်တာပေါ့ ... ဟုတ်လား"

ပေ့ဗွာ နှာခေါင်းရှုံ့လိုက်သည်။

"ရှင်ကိုယ်တိုင် သစ္စာမရှိတာကြတော့ ဘာပြောမလဲ၊ ရှင့်ရည်ရွယ်ချက် ပြည့်ဝသွားလို့ ကျွန်မကို ရှင်းပစ်နိုင်းတာပေါ့လေ၊ ကျွန်မက မသေသေးဘူးရှင့်"

စီးမင်းချူး ဒေါသမထိန်းနိုင်တော့ပါ။

"မိန်းမယုတ် ... သေပေတော့"

အော်ငေါက်ကာ ပေ့ဗွာထံ လျှပ်တစ်ပြက် ခုန်ဝင်ကာ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်၏။

သူ၏ တိုက်ခိုက်မှုမှာ အလွန်ပင် လျင်မြန်၏။

"မလုပ်နဲ့ ..."

ကျင်းတီက ဟန့်တားလိုက်၏။

သို့သော် ...

နောက်ကျသွားပြီ ဖြစ်သည်။

"ဝုန်း ..."

"အမယ်လေး"

ကျယ်လောင်သော အသံနှင့်အတူ ပေ့ဗွာ၏ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

ပေ့ဗွာမှာ စီးမင်းချူး၏ လက်ဝါးရိုက်ချက်ကြောင့် အဝေးသို့ လွင့်စဉ်သွားပြီး တုတ်တုတ်မျှပင် မလှုပ်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟား … ဟား … ဟား"

စီးမင်ချူး သဘောကျစွာ ရယ်မောရင်း ချင်းကိုးအား ကြည့်လိုက်၏။

ရုတ်တရက် …

သူ၏ ရယ်မောသံ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားလေသည်။ ချင်းကိုး၏ အမူအရာမှာ အပြောင်းလဲကြီး ပြောင်းလဲသွားပြီး မဟုတ်ပါလား။

❖ ❖ ❖

ချင်းကိုး၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပနေ၏။

သူသည် ယုတ်မာလှသော ထောင်ချောက်အတွင်းသို့ ကျဆင်းခဲ့ရသည်ကို နားလည်လိုက်၏။ သူ့ဘဝ ပျက်ခဲ့ရသည်။ စီးမင်ချူးသည် ယုတ်မာကောက်ကျစ်စွာ သူ့ကို ဒုက္ခပေးခဲ့သည်။ သူက စီးမင်ချူးအား မည်သည့်နည်းနှင့်မျှ ချမ်းသာမပေးနိုင်တော့ချေ။

သူက ရှေ့တိုးလိုက်၏။

စီးမင်ချူး မျက်နှာပျက်သွား၏။ သူ နောက်ဆုတ်သွားသည်။ အမှားကျူးလွန်သူမှာ သူပင် မဟုတ်ပါလား။

"မင်း … မင်း"

ချင်းကိုးက တည်ကြည်သော မျက်နှာထားဖြင့် …

"ကျုပ်ကဲ ဒီကိစ္စနဲ့ ပတ်သက်ပြီး လူယုတ်မာတစ်ယောက်ဆိုတဲ့ အသိနဲ့ ဘဝပျက်နေခဲ့ရတယ်၊ ဒါတွေဟာ မင်းရဲ့ စိနက်ကြောင့် ဗျ။ ကျုပ် မင်းကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်တော့ဘူး၊ တစ်ချက်ကလေးမှ ခွင့်မလွှတ်နိုင်တော့ဘူး"

စီးမင်ချူး မဲ့ပြုံး ပြုံးလိုက်၏။

မထူးတော့ပြီဟု သဘောပိုက်လိုက်သည်။



"ဟုတ်တယ် … အရိုပ်မဲ့ဓားသိုင်းကျမ်း လိုချင်တဲ့ မင်းကို အကောက်ကြံခဲ့တာပဲ၊ သိုင်းလောကမှာ ကျုပ်သာ အရိုပ်မဲ့ဓားသမားဖြစ်နေရမယ်"

ချင်းကိုး၏ မျက်နှာ တင်းမာခက်ထန်သွား၏။

သူက စိတ်မထိန်းနိုင်တော့ဘဲ …

"သေပေတော့ …"

အော်ဟောက်ကာ စီးမင်ချူးအား တိုက်ခိုက်လိုက်၏။

စီးမင်ချူးကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင် မိလိုက်ကြသည်။

ချင်းကိုး၏ ဓါးသသည် အမြင့်ဆုံးသို့ ရောက်နေပေပြီ။

"ဝုန်း …"

"အား …"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး စီးမင်ချူးမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

❖ ❖ ❖

လေပြည်လေညှင်း ဖွေ့ယမ်း တိုက်ခိုက်နေ၏။

မိုးကောင်းကင် တစ်ခုလုံး ကြည်လင်နေ၏။

မကောင်းမှုများ ဆိတ်ကွယ်သွားသည့် လောကကြီးသည် ပြန်လည်သာယာ လာပေတော့မည်။

လင်းလံင်းနှင့် ပိရှဲတို့သည် အဖြစ်မှန်ကို ဖော်ထုတ်ပြီးသည်နှင့် တောင်ပိုင်းအေသို့ ပြန်သွားခဲ့ကြသည်။

ချင်းကိုးသည်လည်း လူထူးဆန်း ကျင်းတီနှင့် လမ်းခွဲထွက်လာခဲ့သည်။

ကျင်းတီက သူ့အား ဖိတ်ခေါ်ခဲ့သော်လည်း လက်မခံတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလိမ်မြို့စားကြီးတို့၏ အကူအညီကိုလည်း ချင်းကိုး မယူတော့ပါ။

ချင်းကိုး မည်သည့်နေရာသို့ သွားမည်ဖြစ်ကြောင်း ကျွင်းတိလည်း မသိပါချေ။

သူသိထားသည်မှာ ချင်းကိုးသည် ရှုပ်ထွေးပွေလီလှသော သိုင်းလောကအား လွန်စွာ မုန်းတီးသွားသည်ဟူသည့် အချက်ပင်။

မိဘများအား သတ်သူများကို လက်စားချေရန် သိုင်းပညာကို တပင်တပန်း ဖွဲ့နဘဲ ကြိုးစားခဲ့သည့် ချင်းတိုးသည် သူ့အား ဒုက္ခပေးခဲ့သည့် သိုင်းပညာကို စွန့်လွှတ်လိုက်လေပြီ။

သူသည် သိုင်းပညာနှင့် လုံးဝကင်းလွတ်သည့် အေးချမ်းသော အညတြ ကျေးတောသားဘဝ၌ ဇာတ်မြှုပ်နေပေတော့မည်။

**တတိယ ဇာတ်သိမ်း ပြီး၏။**

# တက္ကသိုလ် နေလင်းအောင်

BURMESE CLASSIC

www.burmeseclassic.com